# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၃၄) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၄၁၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၂၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက် သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ ၂၈-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူလွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၂ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၄ ဦးရှိ၍ စုစုပေါင်း ကိုယ်စားလှယ် ၁၆ ဦး ခွင့်တောင်းခံထားပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၁၄ ဦးတွင် ပြည်ပသို့ခရီးသွားရောက်ခြင်း၊ ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၁၀ ဦး၊ ခွင့် ၂ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၁ ဦး၊ ခွင့် ၃ ရက်တိုင်ကြားသူ

ကိုယ်စားလှယ် ၁ ဦး၊ ခွင့် ၄ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၂ ဦး၊ စုစုပေါင်း ၁၄ ဦး ရှိပါတယ်။ ကိုယ်စားလှယ် ၁၄ ဦးက အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်၊

(၂) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်း၊

(၃) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း၊

(၄) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၊

(၅) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်၊

(၆) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင်၊

(၇) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ်၊

(၈) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင်၊

(၉) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၊

(၁၀) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ၊

(၁၁) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၊

(၁၂) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ငွေး၊

(၁၃) ရပလမှ ဗိုလ်မှူးသန်းဇော်ဦး၊

(၁၄) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် တို့သည် ခွင့်အသီးသီး တင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု

အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ မေးကြသူများနှင့် ဖြေကြားသူများအနေနဲ့အချိန်ကို လေးစားတန်ဖိုးထားပြီး ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံပါတယ်။

**ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို သင့်တင့်မျှတသောအနေအထားဖြင့် ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်တင်(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိကို သိရှိလိုပါ၍ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရေကြည်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ဧက ၇၉၈၇၉ ဧက ရှိပြီး မတ်ပဲ ၅၁၆၇၅ ဧက၊ ပဲတီစိမ်း ၃၆၆၄ ဧက၊ နှမ်း ၈၁၅ ဧက နှင့် နေကြာ ၄၈၂၀ ဧကတို့ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ဆိုရင် ဆောင်းသီးနှံစိုက်ဧက ၂၀၂ သိန်း ရှိပါတယ်။ အဆိုပါ ဆောင်းသီးနှံစိုက်တောင်သူများ အနေနဲ့လည်း စပါးစိုက်တောင်သူလယ်သမားများနည်းတူ စိုက်ပျိုးထွန်ယက်စရိတ်၊ ပိုးမွှားကာကွယ် ထိန်းသိမ်းစရိတ်၊ ရှင်သန်ဖွံ့ဖြိုး

စရိတ်၊ ရိတ်သိမ်းချွေလှေ့စရိတ်အစရှိသဖြင့် စရိတ်အမျိုးမျိုးတို့ကို ကျခံသုံးစွဲခဲ့ကြပါတယ်။ စရိတ်စက များမှာလည်း အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲတိုးတက်လာပြီ ဖြစ်တဲ့အတွက် လက်ရှိ နိုင်ငံတော် အစိုးရမှ ထုတ်ပေးလျက်ရှိသော စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧက ၁၀၀၀၀ ကျပ်နှုန်းဖြင့် လောက်ငမှု မရှိဘဲ ပြင်ပတွင် ချေးငှားနေရခြင်းများ ဖြစ်ခဲ့ရပါတယ်။ ဈေးနှုန်းကျဆင်းချိန်ကာလများတွင် တွက်ခြေ မကိုက်အရှုံးပေါ်၍ ကြွေးတင်ရတဲ့ အခြေအနေမျိုးနှင့် ရင်ဆိုင်နေခဲ့ကြရပါတယ်။ သို့ဖြစ်ပါ၍ ဆောင်းသီးနှံစိုက်ပျိုး ထုတ်လုပ်သော တောင်သူများ၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့နိုင်စေ ရေးအတွက် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို သင့်တင့်မျှတသော အနေအထားဖြင့် ထပ်မံ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိကို သိရှိလိုပါသဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်တင်၏ ဆောင်းသီးနှံစိုက်ပျိုး စရိတ်ချေးငွေများကို သင့်တင့်မျှတသော အနေအထားဖြင့် ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြား သွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် ရာသီအလိုက်၊ သီးနှံအလိုက် တစ်ဧကချေးငွေနှုန်းထားများကို နိုင်ငံတော်၏ ခွင့်ပြုချက်နှင့်အညီ တိုးမြှင့်ထုတ်ချေးပေးခဲ့ပါတယ်။ နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သည့် စပါးသီးနှံ ကိုတော့ ဦးစားပေးအနေဖြင့် တစ်ဧက ကျပ် ၅၀၀၀၀ နှုန်းအထိ ယခု ၂၀၁၂ ခုနှစ် မိုးရာသီချေးငွေ မှစတင်၍ တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပါတယ်။ ဆောင်းချေးငွေ ဖြစ်သည့် အခြားသီးနှံများကိုလည်း အခါ အားလျော်စွာ နှုန်းထားများတိုးမြှင့်ပေးခဲ့ရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အခြားသီးနှံ တစ်ဧက ကျပ် ၆၀၀၀ နှုန်းဖြင့် ချေးခဲ့ရာမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှစတင်၍ ကျပ် ၁၀၀၀၀ အထိ တိုးမြှင့်ထုတ်ချေးပေးခဲ့ပါတယ်။ လောလောဆယ်အနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း

ထုတ်ချေးမည့်ချေးငွေ အမျိုးအစားအားလုံးအတွက် ရန်ပုံငွေတွက်ချက် လျာထားဆောင်ရွက်ပြီးဖြစ်ရာ ဆောင်းသီးနှံများအတွက် နှုန်းထားတိုးမြှင့်ထုတ်ချေးပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။ (ကြဘာသံများ)

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လယ်သမားအမည်ပေါက်ငွေစုစာအုပ်အမည်ပြောင်းလဲခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသတွေရှိတဲ့မြို့နယ်တွေမှာ ယခုတလောမှာ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှာ လယ်သမားအမည်ပေါက်တဲ့ငွေစုစာအုပ်၊ ငွေချေးစာအုပ်အမည်ပြောင်းတဲ့အခါမှာ မိသားစုအချင်းချင်းပြောင်းလို့ရှိရင် တစ်ဧကကို ကျပ် ၁၀၀၀၀ နှုန်း၊ တခြားသူနဲ့အမည်ပြောင်းလို့ရှိရင် ကျပ် ၂၀၀၀၀ နှုန်းပေးနေရတယ်ဆိုတဲ့သတင်းတွေကြားသိနေရပါတယ်။ အဲ့ဒါနှင့်ပတ်သက်ပြီးတော့မှ မေးခွန်း ၂ ခုမေးမြန်းလိုပါတယ်ခင်ဗျား။ ပထမမေးခွန်းကတော့ တကယ်လို့ အဲ့ဒီလိုမျိုးငွေကြေးတွေပေးပြီးတော့မှအမည်ပြောင်းရတာတွေရှိနေတာ တကယ်ဟုတ်/မဟုတ်ဘယ်လိုစုံစမ်းဖော်ထုတ်မလဲလို့ မေးခွန်း(၁)အနေနဲ့မေးချင်ပါတယ်။ မေးခွန်း(၂)အနေနဲ့ကတော့ ငွေကြေးကောက်ခံမှုနှင့်ပတ်သက်ပြီးတော့မှ အမည်ပြောင်းခငွေကြေးများပေးနေရတယ်ဆိုတာမှန်ကန်ကြောင်းဖော်ထုတ်သိရှိရလို့ရှိရင် ဘယ်လိုအရေးယူဆောင်ရွက်မလဲဆိုတာသိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ကြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒုတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်းတိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း၏ လယ်သမားများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လယ်သမားအမည်ပေါက်ငွေစုစာအုပ်အမည်ပြောင်းလဲခြင်းဆောင်ရွက်ရာတွင် ငွေကြေးကောက်ခံမှုများ ရှိ/မရှိ၊ ရှိပါကမည်ကဲ့သို့ စုံစမ်းဖော်ထုတ်မည်နည်း။ ငွေကြေးကောက်ခံမှုနှင့်ပတ်သက်၍စုံစမ်းဖော်ထုတ်ရရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်

ဆိုတာကိုသိလိုကြောင်းမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ကျေးလက်နေတောင်သူလယ်သမားများ ငွေစုဆောင်းတတ်သည့်အလေ့အကျင့်ရရှိစေရန်နှင့် ဘဏ်စနစ်နှင့်ရင်းနှီးကျွမ်းဝင်ပြီး ဘဏ်စနစ်ကျင့်သုံးတတ်စေရန်ရည်ရွယ်၍ ငွေစုဆောင်းခြင်းလုပ်ငန်းကို စည်းမျဉ်း၊ ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ပေးခဲ့ပါတယ်။ အခြားနိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနည်းတူဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အသက် ၁၈ နှစ်ပြည့်ပြီးသူ တောင်သူလယ်သမားတိုင်းစာရင်းဖွင့်လှစ်ခြင်း၊ မိမိနှင့်တွဲဖက်၍ အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် နှစ်ဦးပူးတွဲစာရင်းဖွင့်လှစ်ခွင့်ပြုခြင်း၊ စာရင်းပိတ်သိမ်းလိုပါကစာရင်းပိတ်သိမ်းပေးခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ မူလငွေစုစာရင်းဖွင့်လှစ်စဉ်က ဖွင့်လှစ်သူမှ မိသားစုအချင်းချင်းဖြစ်စေ၊ ကျေးရွာသူကျေးရွာသားများအချင်းချင်းဖြစ်စေ၊ အမည်ပြောင်းလဲခွင့်မရှိပါ။ ၎င်းကိစ္စများအတွက် ငွေကျပ် ၁၀၀၀၀ မှ ၂၀၀၀၀ ကို သက်ဆိုင်ရာတာဝန်ရှိသူများက ကောက်ခံနေသည့်ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ခွင့်မရှိသည့်အတွက် ၎င်းကဲ့သို့တောင်းခံသည့်မြို့နယ်ဘဏ်ခွဲအမည်နှင့် ဝန်ထမ်းများကိုတိတိကျကျတိုင်ကြားလာပါက အဖြစ်မှန်အားစုံစမ်းဖော်ထုတ်ပြီး ပြင်းထန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံစီးပွားရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မှု အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလွန်းသီ(ကွမ်းခြံကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများအားလုံးကို ဂါရဝပြုပြီး လေးစားပါတယ်လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ကျွန်တော့်ကော်မတီအနေနဲ့တိုက်ရိုက်သက်ဆိုင်တဲ့လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများကို အခု ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်တဲ့ ရေအားအရင်းအမြစ်တွေ၊ နောက်ရေနံနဲ့သဘာဝဓာတ်ငွေ့၊ နောက် ကျွန်တော်တို့ ကျောက်မီးသွေး၊ ပြီးလို့ရှိရင် လေစွမ်းအင်၊ နေစွမ်းအင်

ပြီးတော့ ဇီဝစွမ်းအင်ဖြစ်တဲ့ သစ်တောသယံဇာတများပေါကြွယ်ဝပါတယ်။ အဲဒီတော့ ကျွန်တော် သိရှိလေ့လာထားသမျှဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လေအားလျှပ်စစ်ထုတ်လုပ်နိုင်တဲ့ ရေအရင်းအမြစ် ၃၉၇၂၀ မဂ္ဂါဝပ်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အခု ရေအားလျှပ်စစ်စက်ရုံ ၁၇ ရုံ တည်ဆောက်ထားပြီး စက်တပ်ဆင်မှုအင်အားဟာ ၂၅၂၆ မဂ္ဂါဝပ်ဖြစ်ပါတယ်။ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၀ ရုံရှိပြီးတော့ စက်တပ်ဆင်အင်အား ၇၁၅ မဂ္ဂါဝပ်ဖြစ်ပါတယ်။ ကျောက်မီးသွေးစက်ရုံအနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ ၁ ရုံရှိပြီးတော့ စက်တပ်ဆင်အင်အားဟာ ၁၂၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ ဓာတ်အားဖြန့်ဖြူးတဲ့ကွန်ရက်စနစ်အနေနဲ့ ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ အားလုံး လိုင်းကီလိုမီတာအားဖြင့် ၉၂၄၆ လိုင်းကီလိုမီတာ ရှိပါတယ်။ စက်တပ်ဆင်အင်အားအနေနဲ့ ၃၃၆၀ မဂ္ဂါဝပ်ကို ဖြန့်ဖြူးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းမရှိဘူး၊ ဖြန့်ဖြူးနိုင်ခြင်းမရှိဘူးဆိုတာကို ကျွန်တော်တို့ လက်ခံထားပါတယ်။ အဲဒီတော့ တာဝန်ရှိတဲ့အစိုးရအနေနဲ့လည်း ကြိုးစားပြီးထုတ်လုပ်ဖို့ လုပ်နေတယ်ဆိုတာကိုသိရပါ တယ်။ သို့သော်ငြားလည်း ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့ အနာဂတ်မှာ ဘယ်အချိန်မှာ ဘယ်လောက် ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်ပြီး ဖြန့်ဖြူးပေးနိုင်မယ်ဆိုတာလေး ကိုလည်းပဲသိချင်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများနဲ့ပတ်သက်လို့ လည်း အတော်များများရှိနေတာကို ကျွန်တော်တို့သိပါတယ်။ အဲဒီတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ သဘာဝအခြေအနေအရ ရေအားလျှပ်စစ်တွေဟာ မြောက်ပိုင်းဒေသမှာရှိပြီးတော့ လျှပ်စစ်ဓာတ်အား အသုံးများတာက ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့တောင်ပိုင်းဒေသဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကွာအဝေးအားဖြင့် များပြားပြီးတော့ လိုင်း Lost တွေဖြစ်တာလည်းရှိသလို တခြားနည်းတွေနဲ့ ပျောက်ဆုံးတာတွေလည်းရှိနေတယ်လို့ ကျွန်တော်တို့သိထားပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကို ဘယ်လိုပြုပြင်မလဲဆိုတဲ့အပိုင်းလည်း တာဝန်ရှိသူများအနေနဲ့ စဉ်းစားရမှာဖြစ်ပါတယ်။ ထို့အတူပဲ ဓာတ်အားပြတ်တောက်မှုအနေနဲ့လည်းပဲ မကြာခဏကြုံတွေ့ရပါတယ်။ ဓာတ်အားပြတ်တောက်တဲ့ အခါမှာ ကျွန်တော်တို့ စက်ရုံ၊ အလုပ်ရုံတွေဟာ ရပ်တန့်ရတဲ့အတွက်ကြောင့်မို့လို့ ဆင်းရဲသား အလုပ်သမားများဟာ စားဝတ်နေရေးထိခိုက်တာမျိုးလည်းရှိပါတယ်။ လူနေအိမ်ခြေအနေနဲ့ အထပ် မြင့်တဲ့နေရာတွေမှာနေတဲ့ တိုင်းသူပြည်သားများအတွက်ကလည်း အလင်းရောင်နဲ့ အီလက်ထရွန်းနစ် ပစ္စည်းတွေကိုသုံးတဲ့အပိုင်းက မထောင်းသာပါသော်လည်းပဲ ရေမတင်နိုင်တဲ့အတွက် နွေရာသီလို ဟာမျိုးမှာ အထူးပဲအခက်အခဲရှိတာကို ကျွန်တော်တို့ နှစ်ပေါင်းအတော်များများကြုံခဲ့ရပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို ဒီလိုင်းပြတ်တောက်မှုကိုလည်းပဲ ကျွန်တော်တို့က ဘယ်လိုပြုပြင်ပေးမလဲဆိုတာကို သိချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်မေးခွန်းများကိုချုံ့ရရင် နံပါတ် (၁) လက်ရှိမြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အား မည်မျှထုတ်လုပ်ပြီး မည်ကဲ့သို့ဖြန့်ဖြူးနေတယ်ဆိုတဲ့ အခြေအနေလေးသိချင်ပါတယ်။ (၂) အနာဂတ်အတွက် မည်မျှတိုးတက်ထုတ်လုပ်ပြီးတော့ မည်မျှတိုးတက်ဖြန့်ဖြူးပေးမယ့် အစီအမံကိုလည်းပဲ ကျွန်တော်တို့သိချင်ပါတယ်။ (၃) အနေနဲ့ကတော့ ကျွန်တော်တို့ ပြည်တွင်းပြည်ပက ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုများ များပြားလာတဲ့အခါမှာ မျှော်မှန်းပြီးတော့မှ ကျွန်တော်တို့ ဘယ်လိုဖြည့်ဆည်းပေးမယ်ဆိုတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်း အစီအမံလည်းသိချင်ပါတယ်။ (၄) ကတော့ ကျွန်တော်တင်ပြသွားတဲ့ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုနှင့် ပြတ်တောက်မှုများ အနည်းဆုံးဖြစ်အောင် ကျွန်တော်တို့ ဘယ်လိုစီမံမလဲဆိုတဲ့အပိုင်းကို ပြည်သူလူထုသိသာအောင် ထင်သာမြင်သာရှိအောင်ဖြေကြားပေးဖို့ မေးမြန်းရင်းကျွန်တော်နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွန်းသီ၏ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အထူးပင် အရေးကြီး လိုအပ်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၆၀ ခုနှစ်က ဘီလူးချောင်း စီမံကိန်းကနေပြီးတော့ လောပိတစက်ရုံ အမှတ်(၂)ကနေပြီးတော့ ၂၈ မဂ္ဂါဝပ်(၃)လုံးနဲ့ မြန်မာနိုင်ငံ အတွင်းကို လောပိတ-ရန်ကုန်နဲ့ လောပိတ-မန္တလေးဆိုပြီး ဓာတ်အားလိုင်း(၂)လိုင်း စတင်ပြီးတော့ ဓာတ်အားပေးခဲ့တာဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ နိုင်ငံတစ်ဝန်းမဟာဓာတ်အားလိုင်းကြီးများနှင့် ပင်မဓာတ်အားခွဲရုံကြီးများတည်ဆောက်ပြီး ပြည်သူ့ထံသို့အရောက် လျှပ်စစ်ဓာတ်အား သယ်ပို့ပေးခြင်း၊ ဖြန့်ဖြူးပေးခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၈-၁၉၈၉ ခုနှစ်မှာ

မြန်မာနိုင်ငံတစ်ခုလုံးမှာ ကီလိုဝပ်နာရီသန်းပေါင်း ၂၂၂၆.၄၅ သုံးစွဲခဲ့တာကနေပြီးတော့ ၂၀၁၁-၂၀၁၂ ခုနှစ်မှာဆိုရင် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၀၃၃၈.၀၈ ဖြစ်တဲ့အတွက်ကြောင့် ၄.၆ ဆခန့်တိုးတက်ပြီးတော့ ထုတ်လုပ်ပေးခဲ့ရပါတယ်။ ယခုအခါ ဓာတ်အားစနစ်အတွင်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စုစုပေါင်းစက်ရုံ ၂၀ ရုံ၊ စက်တပ်ဆင်အင်အားပမာဏမှာ ၂၇၈၀ မဂ္ဂါဝပ်ရှိပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စက်ရုံပေါင်း ၁၀ ရုံ၊ စုစုပေါင်းစက်တပ်ဆင် အင်အားဟာ ၇၁၄.၉ မဂ္ဂါဝပ်ရှိပါတယ်။ ဒါကြောင့် ဓာတ်အားစနစ်အတွင်း ဓာတ်အားပေးစက်ရုံပေါင်း ၃၀ ရုံရှိပြီး စုစုပေါင်းစက်တပ်ဆင်ဓာတ်အား မှာ ၃၄၉၄.၉ မဂ္ဂါဝပ်ရှိနေပြီးဖြစ်ပါတယ်။ နွေရာသီမှာ ဖြစ်ပေါ်တဲ့အခြေအနေလေးကို ဆက်လက်ပြီးတင်ပြသွားမှာဖြစ်ပါတယ်။ ၁၈-၅-၂၀၁၂ ရက်နေ့တွင် တီကျစ်ကျောက်မီးသွေးစက်ရုံမှ ၂၇ မဂ္ဂါဝပ်ထုတ်လုပ်နေပြီးတော့ ရွှေလီရေအားစက်ရုံက ၂၀၀ မဂ္ဂါဝပ် ထုတ်လုပ်ပြီးတော့ သဘာဝဓာတ်ငွေ့စက်ရုံတွေကနေပြီးတော့ ၃၄၁ မဂ္ဂါဝပ်ထုတ်လုပ်ပေးပါတယ်။ ရေအားစက်ရုံတွေကနေပြီးတော့ အမြင့်ဆုံး ၇၅၃ မဂ္ဂါဝပ်ထုတ်လုပ်ခဲ့သဖြင့် အဲဒီနေ့မှာ နာရီစဉ် အလိုက် စုစုပေါင်းထုတ်လုပ်မှုဟာ ၁၂၉၈ မဂ္ဂါဝပ်ပဲဖြစ်ပါတယ်။

အဲဒီနေ့အတွက် အမှန်တကယ် ပြည်သူတွေရဲ့ဓာတ်အားလိုအပ်ချက် အမြင့်ဆုံးဟာ ၁၈၅၀ မဂ္ဂါဝပ်ရှိခဲ့တဲ့အတွက်ကြောင့် ၆၄၂ မဂ္ဂါဝပ်လောက် ဝန်အားလျှော့ချပြီးတော့ ဓာတ်အားဖြတ်တောက် ပြီးတော့မှပေးခဲ့ရတာကိုတွေ့ရမှာဖြစ်ပါတယ်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများဟာဆိုရင် မိုးရာသီမှာ ရေအပြည့်ရှိနေချိန်မှာ ဓာတ်အားအပြည့်အဝထုတ်လွှတ်ပေးနိုင်သော်လည်း နွေရာသီ ကာလမှာ ရေလျော့နည်းတဲ့အတွက်ကြောင့် ဓာတ်အားထုတ်လုပ်မှုလျော့ကျခဲ့တာကိုတွေ့ရမှာဖြစ်ပါ တယ်။ မြန်မာနိုင်ငံဓာတ်အားစနစ်အတွင်း နေ့စဉ်ဓာတ်အားပေးတောင်းခံမှုနှင့် ဖြည့်ဆည်းပေးနိုင်မှု အပေါ်ဆက်လက်တင်ပြမှာဖြစ်ပါတယ်။ ဓာတ်အားထုတ်လုပ်မှုအပိုင်းမှာ ဓာတ်အားစနစ်နှင့်ချိတ်ဆက် ထားတဲ့စက်တပ်ဆင်အင်အားဟာ ၂၉၅၄.၉ မဂ္ဂါဝပ်ရှိပြီးတော့ မိုးရာသီကာလအတွင်း အမြင့်ဆုံး အသုံးပြုခဲ့သော ဝန်အားဟာ ၁၅၁၀ မဂ္ဂါဝပ်သာရှိတဲ့အတွက်ကြောင့် အပိုဆောင်းဝန်အား (Reserve Power) ဟာ ၁၄၄၄.၉ မဂ္ဂါဝပ်ရှိသလိုဖြစ်နေပါတယ်။

သို့သော်လည်း ရေအားစက်များဟာ Base Load အဖြစ် မောင်းနှင်နေရတဲ့အတွက်ကြောင့် နွေရာသီတွင် ရေလုံလောက်စွာမရရှိပြီးတော့ အပြည့်အဝမောင်းနှင်နိုင်မှုမရှိတော့ခြင်း၊ Base Load တွင်မောင်းနှင်ရမည့် သဘာဝဓာတ်ငွေ့စက်ရုံများဟာ သဘာဝဓာတ်ငွေ့ရရှိမှုအပေါ်မူတည်ပြီး မောင်းနှင်ရသဖြင့် မိုးတွင်းတွင်ဖြစ်သော ယင်းအပိုဆောင်း(အရံ)ဓာတ်အားဟာ အမှန်တကယ်

နွေရာသီမှာသုံးစွဲမရပါသဖြင့် အပိုဖြစ်နေကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံ ဓာတ်အားစနစ်အတွင်းမှာရှိတဲ့ Generation Mix စနစ်ဟာ Base Load စက်ရုံနည်းနေပြီးတော့ Peak Load စက်ရုံတွေများနေတဲ့အတွက်ကြောင့် ဟန်ချက်မညီသော Generation Mix စနစ်ကို ဖြစ်နေတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ နွေရာသီမှာ Peak Load သုံး ရေအားစက်ရုံတွေက စက်မောင်းနှင်ချိန်များနေတဲ့အတွက်ကြောင့် ရေနည်းသွားပြီးတော့ ဓာတ်အားလျှော့နည်းမှု (Power Shortage)ဖြစ်တာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။ ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ဓာတ်အားသုံးစွဲသူဘက်မှ နေ့စဉ်အချိန်နှင့်အမျှ ပြောင်းလဲသုံးစွဲနေတဲ့ဝန်အားပမာဏကို ဓာတ်အားထုတ်လုပ်သူဘက်မှ အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်ဝဝ၊ အပြတ်အတောက်မရှိဖြည့်ဆည်းပေးရန်လိုအပ်ပါတယ်။ ယင်းကဲ့သို့ Demand နှင့် Supply မျှနေစေရန် ဟန်ချက်ညီသောထုတ်လုပ်မှုပုံစံမျိုးပါဝင်သောစနစ် Generation Mix ကို အောက်ပါအတိုင်းအသုံးပြုရန်လိုအပ်ပါတယ်။ Base Load အဖြစ် ၂၄ နာရီ ဓာတ်အားမပြတ်ထုတ်လုပ်ပေးနိုင်သော အဏုမြူလောင်စာသုံးဓာတ်အားပေးစက်များ၊ ကျောက်မီးသွေးလောင်စာသုံးဓာတ်အားပေးစက်များ၊ လောပိတ၊ ရွှေလီကဲ့သို့သော Run off River Type ဓာတ်အားပေးစက်များကိုဆောင်ရွက်ရမှာဖြစ်ပါတယ်။ အလယ်ပိုင်းဝန်အားဖြစ်တဲ့ Middle Load အဖြစ် လျှပ်စစ်ဓာတ်အား တစ်သမတ်တည်းထုတ်လုပ်ပေးနိုင်တဲ့ သဘာဝဓာတ်ငွေ့စက်ရုံများကိုသုံးရမှာဖြစ်ပါတယ်။ Peak Load ခေါ်တဲ့ ဓာတ်အားအမြင့်ဆုံးသုံးတဲ့အချိန်မှာ ဓာတ်အားပေးနိုင်တဲ့ ဓာတ်အားအတိုးအလျှော့ကို အကန့်အသတ်မရှိဆောင်ရွက်ပေးနိုင်တဲ့ သမရိုးကျရေအားစက်နဲ့ Pump Shortage ရေအားစက်များကိုလည်း ပေါင်းစပ်တည်ဆောက်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဟန်ချက်မညီသော Generation Mix ဖြစ်ပေါ်စေရေးအတွက် Base Load အဖြစ် စဉ်ဆက်မပြတ် ဓာတ်အားတည်ငြိမ်စွာထုတ်လုပ်ပေးနိုင်သော သဘာဝဓာတ်အားပေးစက်ရုံများ၊ ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံများစသည်တို့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးပြီး ရေအားလျှပ်စစ်စက်ရုံများကို Peak Load တွင်သာ ပြောင်းလဲအသုံးပြုရမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင်ပြုလုပ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီးတော့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းပြည်ပနှင့်ဆက်သွယ်ပြီး လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးမည့် လတ်တလောအစီအစဉ်များနှင့် အမြန်စီမံဆောင်ရွက်ခဲ့ပါတယ်။ ရေတိုရေရှည်တွင် ပြည်သူတို့လိုအပ်ချက်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်နှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍကိုချိတ်ဆက်ပြီး စနစ်တကျစီမံဆောင်ရွက်ရန်

လိုအပ်ကြောင်းလည်း နိုင်ငံတော်စွမ်းအင်ကိစ္စအရပ်ရပ်အတွက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု ကော်မတီ (National Energy Management Committee)ကို ဖွဲ့စည်းပြီးတော့ ရေတိုရေရှည် အစီအမံများအတွက် အမျိုးသားလျှပ်စစ်စီမံကိန်း (National Electricity Plan) ကို အမျိုးသား စွမ်းအင်မူဝါဒ (National Energy Policy) နှင့်အညီ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူတို့လိုအပ်ချက်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်ပေးနိုင်ရန် ၂၀၁၂-၂၀၁၃ မှ ၂၀၁၅-၂၀၁၆ အထိ ဓာတ်အား လိုအပ်ချက်ဖြည့်ဆည်းရေးကို ရေတိုအစီအမံများအဖြစ်လည်းကောင်း ၂၀၁၆-၂၀၁၇ မှ ၂၀၃၀-၂၀၃၁ အထိ ဓာတ်အားလိုအပ်ချက်ဖြည့်တင်းရေးကို ရေရှည်အစီအမံများအဖြစ်လည်းကောင်းဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ ရေတိုကာလအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ၂၀၁၂ ခုနှစ်တွင် ဓာတ်အားလိုအပ်ချက်အမြင့်ဆုံးပမာဏ ၁၈၅၀ မဂ္ဂါဝပ်အထိရှိခဲ့ပါတယ်။ ဓာတ်အားသုံးစွဲမှုများ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိနေကြောင်းတွေ့ရှိရသဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွက် နှစ်စဉ်အလိုက် နွေရာသီမှာဖြစ်ပေါ်မယ့် ခန့်မှန်းဓာတ်အားလိုအပ်ချက်ဟာ ၂၀၁၃ ခုနှစ်မှာ ၂၁၂၈ မဂ္ဂါဝပ်၊ ၂၀၁၄ ခုနှစ်မှာ ၂၄၄၇ မဂ္ဂါဝပ်၊ ၂၀၁၅ ခုနှစ်မှာ ၂၈၁၄ မဂ္ဂါဝပ်နှင့် ၂၀၁၆ ခုနှစ်မှာ ၃၂၃၆ မဂ္ဂါဝပ်အသီးသီးလိုအပ်မည်ဖြစ်ကြောင်းခန့်မှန်းရပါတယ်။ ရေတိုကာလအတွင်း တည်ဆောက်ပြီးစီး မည့် ရေအားလျှပ်စစ်စက်ရုံများဟာ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ၁၉၉ မဂ္ဂါဝပ်၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ၂၅၂ မဂ္ဂါဝပ်၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ၁၆၉ မဂ္ဂါဝပ်ဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်း ၆၂၀ မဂ္ဂါဝပ်ရှိလာမှာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိဆောင်ရွက်ရမည့် သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ထုတ်လုပ်မည့် Gas Turbine စီမံကိန်းများကိုဆက်လက်တင်ပြမှာဖြစ်ပါတယ်။ ရန်ကုန် လှော်ကားမှာ ၅၄၃ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတစ်ရုံကိုလည်းကောင်း၊ သာကေတတွင် ၅၀၀ မဂ္ဂါဝပ် ပမာဏရှိသော စက်ရုံတစ်ရုံကိုလည်းကောင်း၊ အလုံတွင် ၁၂၀ မဂ္ဂါဝပ်နှင့် ရွာမတွင် ၁၀၀ မဂ္ဂါဝပ်ရှိတဲ့ စက်ရုံတစ်ရုံစီတို့ကိုလည်းကောင်း အမြန်တည်ဆောက်ရန်ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။ ထို့ကြောင့် ဒီ သဘာဝဓာတ်အားပေးစက်ရုံအသစ်များက ၂၀၁၃ ခုနှစ်မှာ ၉၀ မဂ္ဂါဝပ်ရရှိလာမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ၄၁၉ မဂ္ဂါဝပ်ရရှိလာမှာဖြစ်တော့ ၂၀၁၅ ခုနှစ်မှာ ၄၁၂ မဂ္ဂါဝပ်၊ ၂၀၁၆ ခုနှစ်မှာ ၃၄၂ မဂ္ဂါဝပ်အသီးသီးထုတ်လုပ်ပေးမှာဖြစ်ပြီး ၂၀၁၆ ခုနှစ်အပြီးမှာ စုစုပေါင်းဓာတ်အားပမာဏ ၁၂၆၃ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် နွေရာသီအတွက် အနည်းဆုံးဓာတ်အား လျော့နည်းမှုကိုကာမိစေရန်အတွက် သဘာဝဓာတ်ငွေ့စက်ရုံများမှ ၂၀၀ မဂ္ဂါဝပ်၊ ရွှေလီရေအား

လျှပ်စစ်စက်ရုံမှ ၁၀၀ မဂ္ဂါဝပ် ထပ်မံရရှိရေးစီမံဆောင်ရွက်လျက်ရှိပါတယ်။ ရေတိုကာလဖြစ်တဲ့ ၂၀၁၂-၂၀၁၃ မှ ၂၀၁၅-၂၀၁၆ ကာလအတွင်း တိုးတက်ထုတ်လုပ်လာမှာဖြစ်တဲ့ လျှပ်စစ်ဓာတ်အား များကို တစ်နိုင်ငံလုံးတိုးချဲ့ဖြန့်ဖြူးနိုင်ရန်အတွက် ဓာတ်အားလိုင်းပေါင်း ၆၄ လိုင်း၊ စုစုပေါင်း လိုင်းမိုင်အရှည် ၁၀၁၂၃ မိုင်ကိုလည်းကောင်း၊ ဓာတ်အားခွဲရုံများအနေဖြင့် စုစုပေါင်းဓာတ်အားခွဲရုံ ပေါင်း ၃၀၀၉ ရုံ၊ စက်တပ်ဆင်အင်အား ၇၆၉၀ အမ်ဗွီအေကိုလည်းကောင်း တည်ဆောက်သွားရန် လျာထားပြီးဖြစ်ပါတယ်။ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၃၀-၃၁ အပြီးမှာဖြစ်ပေါ်လာမည့် လျှပ်စစ် ဓာတ်အားလိုအပ်ချက်ဟာ ၁၉၂၆၁ မဂ္ဂါဝပ်အထိ ရှိလာမှာဖြစ်ပြီးတော့ လူတစ်ဦးချင်းရဲ့ လျှပ်စစ် ဓာတ်အားသုံးစွဲနိုင်မှုသည် ၁၄၉၃ ကီလိုဝပ်နာရီခန့်ရရှိလာမှာဖြစ်ပါတယ်။ အိမ်ထောင်စုအပေါ် ဓာတ်အားရရှိမှုမှာ ၈၀ ရာခိုင်နှုန်းခန့်အထိရှိလာမှာဖြစ်ကြောင်း ခန့်မှန်းတွက်ချက်တင်ပြအပ်ပါတယ်။ ၂၀၃၀-၂၀၃၁ ခုနှစ်မှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် ၁၉၂၁၆ မဂ္ဂါဝပ်ဖြစ်ပြီးတော့ အရံ ဓာတ်အား ၃၀ ရာခိုင်နှုန်းမှာပါဝင်ပါက ၂၀၃၀-၃၀၃၁ ခုနှစ်တွင် စက်တပ်ဆင်အင်အားပမာဏ စုစုပေါင်းဟာ ၂၄၉၈၁ မဂ္ဂါဝပ်အထိ ရရှိလာအောင်ဆောင်ရွက်ရမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ အဆိုပါကာလအတွင်း ရေအားလျှပ်စစ်စက်ရုံ ၅ ရုံမှာ စက်တပ်ဆင်အင်အား ၁၅၀၂ မဂ္ဂါဝပ် တည်ဆောက်ပြီးစီးမှာဖြစ်ပါတယ်။ ရေရှည်ကာလ၏နောက်ဆုံးနှစ်ဖြစ်သော ၂၀၃၀-၂၀၃၁ တွင် စက်စုစုပေါင်း ၂၄၉၈၁ မဂ္ဂါဝပ်အထိတပ်ဆင်ရမည်ဖြစ်ရာ ယင်းကာလမှာ ရေအားစက်များ အမှန်တကယ်အကောင်အထည်ဖော်ပြီးစီးနိုင်မည့် အခြေအနေမှာ ၂၉ ရာခိုင်နှုန်းခန့်သာရှိမှာဖြစ်တဲ့ အတွက်ကြောင့် ၇၁ ရာခိုင်နှုန်းပမာဏရှိတဲ့ Base Load အဖြစ်အသုံးပြုရမယ့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်များ ၁၄၀၀၀ မဂ္ဂါဝပ်ခန့်အထိ တည်ဆောက်သွားရမှာဖြစ်ပါတယ်။ ဒါ့အပြင် လေစွမ်းအင်သုံးဓာတ်အားပေးစက်များတည်ဆောက်ရန် အတွက် မွန်၊ ကရင်၊ ရှမ်း၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် စုစုပေါင်း စက်တပ်ဆင်အင်အား ၂၉၃၀ မဂ္ဂါဝပ်ရှိ လေစွမ်းအင်သုံးဓာတ်အားပေးစက်များတည်ဆောက်ရန် Feasibility Study ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ချင်း၊ ရခိုင်ပြည်နယ်နဲ့ ဧရာဝတီ၊ ရန်ကုန် တိုင်းဒေသကြီးတို့တွင် စုစုပေါင်းစက်တပ်ဆင်အင်အား ၁၁၀၂ မဂ္ဂါဝပ်ရှိမယ့် လေစွမ်းအင်သုံး ဓာတ်အားပေးစက်များတည်ဆောက်ရန်လည်း Feasibility Study ဆောင်ရွက်လျက်ရှိနေပါတယ်။ တစ်နိုင်ငံလုံး ကွန်ရက်သဖွယ်ချိတ်ဆက်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနေသော ဓာတ်အားစနစ်ကြံ့ခိုင် စေရေးကို အထောက်အပံ့ဖြစ်စေမည့် Transmission နှင့်ပတ်သက်ပြီးတော့ နည်းပညာဆိုင်ရာ

ဓာတ်အားပျောက်ဆုံးမှုကိုလည်း လျှော့ချသွားနိုင်စေမည့် ၅၀၀ ကေဗွီ သပြေ၀(မိတ္ထီလာ)-တောင်ငူ ဂုင်းမှတစ်ဆင့် တောင်ငူ-ပဲခူး-ရန်ကုန်အထိ မဟာဓာတ်အားလိုင်းကိုလည်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုတည်ဆောက်ခြင်းအားဖြင့် Technical Losses နှင့် Non Technical Losses ပျောက်ဆုံးမှု ၂၀ ရာခိုင်နှုန်းကနေပြီးတော့ Technical Losses ဟာ ၁၀ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာမှာဖြစ်ကြောင်းတွေ့ရှိတင်ပြအပ်ပါတယ်။

ယခုအခါ အာဆီယံနိုင်ငံများအချင်းချင်း ဓာတ်အားစနစ်ချိတ်ဆက်မည့် အာဆီယံဓာတ်အား ကွန်ရက်စနစ်၊ မဲခေါင်ဒေသတွင်း GMS Power Grid များလည်းဖြစ်ပေါ်လာစေရေးဆောင်ရွက်နေ ပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ မြန်မာနိုင်ငံဓာတ်အားစနစ်အတွင်းမှာ ကွပ်ကဲနေရတဲ့သမရိုးကျ စနစ်အတိုင်း ချို့ယွင်းမှုတစ်ခုကြောင့် ဓာတ်အားစနစ်မတည်မငြိမ်ဖြစ်ပေါ်ပါတယ်။ အချိန်နှင့် တစ်ပြေးညီမထိန်းနိုင်ဘဲ ရုံဖန်ရုံခါဓာတ်အားစနစ်တစ်ခုလုံး ပြတ်တောက်ပြီးတော့ System Breakdown ဖြစ်လေ့ရှိပါတယ်။ လက်ရှိအခြေအနေမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်ခန့်က ရန်ကုန်တွင်တည်ဆောက်ထားခဲ့သော ဓာတ်အားစနစ်ကွပ်ကဲရေးဌာနကို အဓိကထားဆောင်ရွက် နေရဆဲဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပနိုင်ငံများမှာ ဆောင်ရွက်နေသော ဓာတ်အားစနစ်ကွပ်ကဲရေး ထိန်းချုပ်စနစ်များကဲ့သို့ ခေတ်မီအီလက်ထရောနစ်သတင်းအချက်အလက်နည်းပညာသုံးစွဲသော SCADA ကိုယ်ပိုင်ဆက်သွယ်ရေးအသုံးပြုကွပ်ကဲသည့်စနစ်တည်ဆောက်ခြင်း စီမံကိန်းကိုလည်း စတင်ဆောင်ရွက်လျက်ရှိပြီးတော့ စီမံကိန်းကာလ ၃ နှစ်မှ ၄ နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွား မှာဖြစ်ပါတယ်။ ဒီစီမံကိန်းတွေပြီးရင်တော့ ဓာတ်အားပြတ်တောက်မှုကို ကျွန်တော်တို့ အမြန်ဆုံး ထိန်းသိမ်းပြီးတော့ ဓာတ်အားပို့လွှတ်ခြင်းစနစ်ကို အမြန်ဆုံးပြန်လည်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှာပြုလုပ်သည့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပုဂ္ဂလိကကဏ္ဍတိုးမြှင့်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ မှာကြားချက်များအရ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနှင့် ရေတိုရေရှည်အစီအမံများရေးဆွဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပုဂ္ဂလိကနှင့်ပူးပေါင်းခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပုံစံအမျိုးမျိုးတို့ကို အခြားနိုင်ငံများနည်းတူ ရေရှည်ဖြစ်နိုင်မည့်အစီအမံများ ပြောင်းလဲကျင့်သုံးဆောင်ရွက်သွားရန် တို့ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားရင်း ကျွန်တော်၏ဖြေကြားချက်ကို နိဂုံးချုပ် အပ်ပါတယ်။ (ဩဘာသံများ)

**မောင်းကုန်းကျေးရွာနှင့် မြတောင်ကျေးရွာအုပ်စုတို့အား ၂၄ နာရီ လျှပ်စစ်ဓာတ်အားကို ကိုယ့်အား ကိုယ်ကိုးအစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမေးမြန်းလိုတဲ့ကိစ္စရပ်ကတော့ ဧရာဝတီမြစ်အရှေ့ခြမ်းဒေသ မန္တလေး-တကောင်း-ကသာ-ဗန်းမော် အရှေ့မဟာဗျူဟာလမ်းမကြီး၏ဘေးဝဲယာ ရှိတဲ့ ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအုပ်စုနှင့် မြတောင်ကျေးရွာအုပ်စုရှိ ကျေးရွာများအား ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးကိစ္စရပ်ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းကျေးရွာမှာ သတ္တုတွင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ 50 MCC ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ ဖယ်လိုနီကယ်စီမံကိန်းစက်ရုံကြီးကို ၂၀၀၈ ခုနှစ်မှာစတင်တည်ဆောက်ခဲ့ပြီး ယနေ့ကာလမှာတော့ ရာနှုန်းပြည့်ပြီးစီးသွားပြီးဖြစ်ပါတယ်။ စက်ရုံကြီးကိုလည်း ရွှေလီရေအားလျှပ်စစ် အမှတ်(၂)ကနေ လျှပ်စစ်မီးသွယ်တန်းရရှိနေပြီဖြစ်တာမို့ စက်ရုံကြီးလည်းပတ်ရေးဆောင်ရွက်နေပြီဖြစ်ပါတယ်။ အဆိုပါစက်ရုံကြီး အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ခြင်းဟာလည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသခံအုပ်ချုပ်ရေးဌာနဆိုင်ရာများနှင့် ဒေသခံမိဘပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုကြောင့်လို့ပဲဆိုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အမြင်ကတော့ ဒေသခံမိဘပြည်သူများအနေနဲ့ ဒီစီမံကိန်းစက်ရုံတည်ရှိနေခြင်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့အကျိုးကျေးဇူးတွေကိုမြင်သာမှုရှိစေရန် အလို့ငှာ သက်ဆိုင်ရာကုမ္ပဏီများက ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး တတ်နိုင်သမျှကူညီအားပေးစေလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစက်ရုံကြီးတစ်ခုတည်း လျှပ်စစ်မီးလင်းနေပြီး ဘေးပတ်ဝန်းကျင်မှာမှောင်နေတဲ့ အခြေအနေမျိုးကိုတော့မရောက်ရှိစေချင်ပါဘူး။ လုံခြုံရေးအရရော၊ စည်းရုံးရေးအရရော ထည့်တွက်စေလိုပါတယ်။ ဧရာဝတီမြစ်အရှေ့ခြမ်းဒေသအနေနဲ့ ဒီစက်ရုံကြီးဖြစ်ပေါ်လာတဲ့အတွက် လျှပ်စစ်ဓာတ်အားရရှိရေး အခြေအနေပေးလာပြီလို့ဆိုရမှာပဲဖြစ်ပါတယ်။ စက်ရုံကြီးမီးလင်းလာတော့လည်း ဒေသခံမိဘပြည်သူများက သူတို့ရဲ့ဒေသကို မီးလင်းစေလိုတဲ့ဆန္ဒရှိကြပါတယ်။ စက်ရုံရှိတာဝန်ရှိတဲ့ပုဂ္ဂိုလ်များကိုမေးမြန်းတော့လည်း စက်ရုံမှာ လျှပ်စစ်ဓာတ်အားလုံလောက်ကြောင်း

နဲ့ နီးစပ်ရာကျေးရွာများကိုလည်း ဖြန့်ဝေပေးနိုင်တယ်လို့သိရပါတယ်။ ဒါကြောင့် သင့်တော်တဲ့ အချိန်ကာလတစ်ခုမှာတော့ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်လိုကြောင်းတင်ပြပေးပါရန် မိဘပြည်သူများကဆက်သွယ်လာကြပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီမှအကုန်အကျခံပြီး ဆောင်ရွက်တဲ့ လျှပ်စစ်ဓာတ်အားဖြစ်တယ်ဆိုရင်လည်း သက်ဆိုင်ရာကိုကျေနပ်အောင် ကျခံဆောင်ရွက်ပေးသွားပါမယ်။ လုပ်ငန်းအောင်မြင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ပေါင်းစပ်ပေးစေလိုပါကြောင်းတင်ပြလိုပါတယ်။ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကဆိုရင်လည်း သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားတင်ပြဆောင်ရွက်လိုပါတယ်။ သို့ပါ၍ ထီးချိုင့်မြို့နယ်၊ ဧရာဝတီမြစ်အရှေ့ခြမ်းဒေသရှိ မောင်းကုန်းကျေးရွာအုပ်စု၊ မြတောင်ကျေးရွာအုပ်စုမှ ကျေးရွာများကို ကိုယ့်အားကိုယ်ကိုးအစီအစဉ်နဲ့ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးကို သင့်တော်တဲ့အချိန်ကာလတစ်ခုအတွင်း သုံးစွဲခွင့်ရရှိရေးဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာဖြင့်မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ရဲ့မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့ မောင်းကုန်းကျေးရွာမှာ အိမ်ခြေ ၃၉၉ လုံးနှင့် မြတောင်ကျေးရွာမှာ အိမ်ခြေ ၇၀၀ လုံးရှိကြောင်းသိရှိရပါတယ်။ မောင်းကုန်းကျေးရွာနှင့် မြတောင်ကျေးရွာများအနီးမှာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင် နိုင်ငံတော်ဓာတ်အားလိုင်းမရောက်ရှိသေးတဲ့အတွက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်းမရှိသေးတာတွေ့ရပါတယ်။ အဆိုပါကျေးရွာများအနီးတွင်ရှိတဲ့ ဖယ်လိုနီကယ်ကုမ္ပဏီဟာဆိုလို့ရှိရင် သတ္တုတွင်းဝန်ကြီးဌာနနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်နေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပြီးတော့ ယင်းလျှပ်စစ်ဓာတ်အားလိုင်းဟာလည်း ကျွန်တော်တို့ ရွှေလီမှာရှိတဲ့ ရွှေလီအမှတ် (၁) ရေအားလျှပ်စစ်စီမံကိန်းကနေပြီးတော့မှစက်ရုံထိအောင် တိုက်ရိုက်

သွယ်တန်းထားတဲ့ မဟာဓာတ်အားလိုင်းတစ်ခုဖြစ်ကြောင်းသိရှိရပါတယ်။ ယင်း မဟာဓာတ်အားလိုင်းမှတစ်ဆင့် ဖယ်လိုနီကယ်ကုမ္ပဏီစက်ရုံများကို ဓာတ်အားပေးထားကြောင်းလည်းသိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီကျေးရွာများကို ဓာတ်အားရရှိရေးအတွက်ဆောင်ရွက်ရာမှာ အဓိကကျတာကတော့ သတ္တုတွင်းဝန်ကြီးဌာနပဲဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနရဲ့သဘောတူညီချက်ကို သက်ဆိုင်ရာ ဒေသအာဏာပိုင်နဲ့ညှိနှိုင်းပြီးတော့ဆောင်ရွက်ဖို့လိုပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနက ဓာတ်အားကို သုံးစွဲခွင့်သဘောတူရရှိလို့ရှိရင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဓာတ်အားဖြန့်ဖြူးခွင့်ဆောင်ရွက်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာကျေးရွာများနှင့် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများကနေပြီးတော့ သတ္တုတွင်းဝန်ကြီးဌာနနဲ့ ဆောင်ရွက်ပေးဖို့လိုပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနကနေပြီးတော့ သဘောတူညီလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ဒီဓာတ်အားလိုင်း ကနေယူပြီးတော့မှ ကျေးရွာများကို ဓာတ်အားပေးရေးဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေမည်မျှထုတ်ချေးခဲ့ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်မြင့် (လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ အားလုံးကျန်းမာ၊ ချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့က မေးချင်တဲ့မေးခွန်းလေးက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အပေါင်မဲ့ ၁ နှစ် ကို ၁၅ ရာခိုင်နှုန်း၊ ၁ လကို ၁.၂၅ ရာခိုင်နှုန်းအတိုးနဲ့ ထုတ်ချေးရန်ထုတ်ပြန်ခဲ့တဲ့ အစီအစဉ်တစ်ရပ်နဲ့ ပတ်သက်ပြီးတော့ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေထုတ်ချေးဖို့စတင်ပြီးအဆိုတင်ကြတာ ဆွေးနွေးတာရှိခဲ့ဖူးပါတယ်။ အဲဒီတုန်းက ကျွန်တော့်အနေနဲ့ ဒီကိစ္စကိုသုံးသပ်တဲ့အခါမှာ ပထမအချက် အနေနဲ့ကတော့ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေရဲ့တောင်းဆိုမှုမရှိဘူးဆိုတဲ့ အချက်တစ်ချက်၊ ဒုတိယအချက်အနေနဲ့ကျတော့ ကျွန်တော့်ရဲ့ အမြဲစောင့်ကြည့်လေ့လာမှုအရပေါ့လေ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတွေမှာ ငွေလိုအပ်မှုမရှိဘူး။ မရှိတဲ့အပြင် သူတို့မှာ

ငွေပိုလျှံမှုရှိနေတယ်။ အဲဒီ ပိုလျှံတဲ့ငွေတွေနဲ့ အိမ်ခြံမြေစသည်တို့အားဖြင့် ဝယ်ကြ၊ ရောင်းကြဆိုတာမျိုးလုပ်နေကြတယ်ဆိုတာတွေ့နေရတယ်။ တတိယအချက်အနေနဲ့ကတော့ အခုလိုမလိုအပ်ပဲနဲ့ အတိုးနဲ့ အပေါင်မဲ့ငွေတွေ ထုတ်ချေးမယ်ဆိုလို့ရှိရင် ကျွန်တော်ခုနက ဒုတိယအချက်မှာပြောသလိုပါပဲ တစ်ဆင့် ပြန်ပြီးချေးတာတွေ ဥပမာအားဖြင့် ဒီမှာက ၁ လကို ၁.၂၅ ရာခိုင်နှုန်းနဲ့ ချေးမယ်ဆိုလို့ရှိရင် အပြင်မှာ ၁.၅ ရာခိုင်နှုန်းနဲ့ ပြန်ချေးစားလို့ရပါတယ်။ ၂ ရာခိုင်နှုန်းနဲ့ ပြန်ချေးစားလို့ရပါတယ်။ ဒီကိစ္စမျိုးတွေပေါ်ပေါက်နိုင်တယ်ဆိုတာကိုဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခါ တစ်ဆက်တည်းလိုပဲ ခုနကပြောသလို အိမ်ခြံမြေစတဲ့ပိုင်ဆိုင်မှုတွေ၊ ကုန်ကြမ်းတွေ၊ လောင်စာတွေကို လှောင်တဲ့အခါမှာ ဒီငွေတွေကို သုံးဖို့ဖြစ်သွားပါလိမ့်မယ်။ အဲဒီတော့တိုင်းပြည်မှာ ကုန်စျေးနှုန်းတက်မယ်။ ငွေကြေးဖောင်းပွမှုဖြစ်မယ်ဆိုတဲ့အကြောင်း ကျွန်တော်ထည့်ပြီးဆွေးနွေးခဲ့ပါတယ်။ နောက်ဆုံး စတုတ္ထအချက်အနေနဲ့ကတော့ နိုင်ငံတော်ဘက်ကနေပြီးတော့ ဒီအသေးစားနှင့် အကြီးစားစက်မှုလုပ်ငန်းတွေပါဝင်ရမယ့် Participate လုပ်ရမယ်ပေါ့လေ။ စီမံကိန်းတွေ၊ စီမံချက်တွေ ကျွန်တော်တို့ချထားတာ၊ လုပ်ထားတာမရှိပါဘူး။ အဲ့လိုမရှိပဲနဲ့ ငွေထုတ်ကြီးပိုက်ပြီးတော့၊ လိုက်ပြီးတော့ယူပါယူပါဆိုပြီးတော့ ပိုက်ဆံလိုက်ထုတ်ချေးပေးမယ်ဆိုလို့ရှိရင် စောစောကပြောတဲ့ပြဿနာတွေဖြစ်လာမယ်ဆိုတာ ကျွန်တော်မြင်တဲ့အကြောင်းဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ဟာ နှိုက်လို့မကုန်တဲ့ငွေတွင်းကြီးရှိတာမဟုတ်ပါဘူး။ ပိုက်ဆံဆိုတာ ရှာမှရတာပါ။ စုမှရတာပါ။ ချေးမှရတာပါ။ အဲတော့ ကျွန်တော်တို့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကိုလည်းခေါ်နေရပါတယ်။ နိုင်ငံခြားကနေပြီးတော့လည်း ချေးငွေထုတ်ပေးဖို့ခေါ်နေရပါတယ်။ အဲလိုအနေအထားမျိုးမှာ ဒီကိစ္စကို ကျွန်တော့်အနေနဲ့ ကန့်ကွက်ခဲ့တာရှိပါတယ်။ သို့ပေမယ့်လို့လည်း နိုင်ငံတော်သမ္မတကြီးနဲ့ အစိုးရအဖွဲ့အသစ်က ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးအပြီးမှာပဲ ပေါ်ပေါက်လာပါတယ်။ အဲဒီမှာ ပင်စင်စားတွေကို ပင်စင်တွေတိုးပေးတယ်။ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးချေးငွေတွေ၊ ထောက်ပံ့ရေးအစီအစဉ်တွေကိုထုတ်ပြန်ကြေညာတယ်။ အဖွဲ့ဖွဲ့ပြီးတော့ လုပ်ကိုင်ပေးတယ်။ ဒါတွေဟာ မင်္ဂလာပါ။ သို့သော်လည်းပဲ ခုနက အင်နဲ့ အား၊ ဝန်နဲ့အား၊ မြားနဲ့လေးဆိုတာရှိပါတယ်။ အဲတော့လယ်သမားတွေကို ထောက်ပံ့ကူညီတာတွေလုပ်ပေးသလိုပေါ့လေ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတွေကိုပါ ငွေချေးဖို့ကြေညာထားတာတွေ့ရပါတယ်။ အဲဒီမှာ ကျွန်တော် ဆက်လက်ပြီးလေ့လာတဲ့အခါကြတော့ ဆွေးနွေးသလိုပါပဲ စောင့်ကြည့်လေ့လာတဲ့၊ လေ့လာသုံးသပ်ထားတဲ့ ပုံစံလိုပါပဲ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေက ဒီချေးငွေကိုလာပြီးချေးတယ်ဆိုတာ ပထမ

တစ်ယောက်မှမရှိပါဘူး။ နောက်တော့မှ အဖွဲ့ဆိုတာပေါ်လာပါတယ်လို့ ကျွန်တော်ကြားပါတယ်။ အဲတော့မှ နိုင်ငံတော်ကချမှတ်တဲ့မူဝါဒကြီးဆိုတဲ့အခါကျတော့ အောင်မြင်ဖို့အတွက် နိုင်ငံတော်အပိုင်းကနေပြီးတော့ မောင်းနှင်အားပေးတယ်၊ တွန်းအားပေးတယ်ဆိုတဲ့အခါ နောက်ပိုင်းမှသာလျှင် ငွေချေးတဲ့သူ ရှစ်ဦး၊ ကိုးဦးလောက်ထွက်လာတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ လွှတ်တော်ဆိုတာကတော့ ကျွန်တော်တို့က ဥပဒေပြုတယ်၊ ဥပဒေပြင်ဆင်တယ်၊ ဆွေးနွေးတယ်ဆိုတာတော့ ဟုတ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်အမြင်မှာကတော့ လွှတ်တော်ဆိုတာက ပြည်သူကရွေးချယ်တင်မြှောက်လိုက်တယ်။ ပြည်သူ့ကိုယ်စားလှယ်တွေကနေပြီးတော့ ပြည်သူ့အရေးအရာတွေကို မေးမြန်းကြတဲ့၊ ဆွေးနွေးကြတဲ့နေရာဖြစ်ပါတယ်။ မေးမြန်းဆွေးနွေးရင်းနေပြီးတော့က လိုအပ်တဲ့ မူဝါဒတွေ၊ Policy တွေ၊ ဥပဒေတွေ၊ နည်းနာတွေဖော်ထုတ်ကြမယ်။ ဥပဒေအတွက် အဆိုတင်ကြမယ်။ ဥပဒေမူကြမ်းတွေလိုအပ်သလိုပြုစုကြမယ်။ ပြီးတော့တစ်ခါ ဒီဥပဒေကြမ်း၊ ဒီဥပဒေတွေအရ အစိုးရအဖွဲ့အစည်းကနေပြီးတော့ ဆက်လက်အကောင်အထည်ဖော်တာကို ကျွန်တော်တို့က ပြန်လည်စောင့်ကြည့်မယ်။ ပြန်လည်ထိန်းကျောင်းမယ်။ လိုအပ်တာကိုအရင်ဆွေးနွေးမယ်ဆိုတဲ့နေရာ၊ ခန္ဓာအဖွဲ့ကြီးဖြစ်ပါတယ်။ နေရာဆိုတာ Place ပေါ့လေ။ ခန္ဓာဆိုတာ Body ပေါ့။ အဖွဲ့အစည်းအနေနဲ့ကတော့ Institution ဖြစ်ပါတယ်။ ဒီလွှတ်တော်ကြီးက ပြီးပြီးရောဆိုတဲ့သဘောမျိုးနဲ့ ကျွန်တော်တို့က ဆွေးနွေးခဲ့တာ၊ အဆိုတွေတင်ခဲ့တာမဟုတ်ပါဘူး။ လုပ်ခဲ့ကိုင်ခဲ့သမျှကိုလည်းပဲ ပြန်လည်ပြီးသုံးသပ်ဖို့ဆိုတာလိုအပ်ပါတယ်။ တာဝန်လည်းရှိပါတယ်။ အဲတော့က ကျွန်တော်မေးချင်တဲ့ မေးခွန်းက ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်းမှာ တော်တော်လည်းပြောလို့အရသာရှိတဲ့ SME ပေါ့လေ၊ Small and Medium Enterprises အဲ့လိုလုပ်ငန်းတွေကို ငွေချေးပေးတာနဲ့ပတ်သက်လို့ ဘယ်လိုမူဝါဒချမှတ်ပြီး ချေးငှား၊ ထုတ်ချေးခဲ့သလဲ။ အဲဒီမှာ နိုင်ငံတော်ဘက်ကစီမံကိန်း၊ စီမံချက်တွေမှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေက ဘယ်လောက်အထိပါဝင်အထောက်အကူပြုပြီးတော့ ဒီချေးငွေတွေကိုသုံးစွဲပြီးတော့ အကျိုးပြုခဲ့ပါသလဲ။ အဓိကအားဖြင့်ကတော့ ဒါနှစ်ရှည်ချေးငွေလည်းဖြစ်မယ်၊ နှစ်လတ်ချေးငွေလည်းဖြစ်ပါလိမ့်မယ်။ မည်သို့ပင်ဖြစ်စေပေါ့လေ ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်းမှာ ထုတ်ချေးပြီးတဲ့နောက်မှာကတော့ အဲဒီထုတ်ချေးငွေပမာဏက ပြန်ဆပ်ရမယ့်အချိန်တိုင်ကျရောက်လာတဲ့ပမာဏအပေါ်မှာ ဘယ်လောက်ဆပ်ပြီးပြီဆိုတဲ့ကိစ္စရပ်တွေကို ကျွန်တော့်အနေနဲ့သိချင်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ရဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အပေါင်မဲ့ ၁ နှစ်လျှင် ၁၅ ရာခိုင်နှုန်းအတိုးဖြင့်ထုတ်ချေးရန် ထုတ်ပြန်ခဲ့တဲ့အစီအစဉ်အရ လုပ်ငန်းမည်မျှနှင့် ချေးငွေမည်မျှထုတ်ချေးခဲ့ခြင်းတို့နဲ့စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ကပြောင်းလဲကျင့်သုံးတဲ့ ဈေးကွက်စီးပွားရေးမူဝါဒနဲ့အညီ ငွေရေးကြေးရေးစနစ်၊ ဘဏ်လုပ်ငန်းစနစ် အရည်အသွေးမြင့်မားစေရန် ရည်ရွယ်ပြီးတော့ ပုဂ္ဂလိကဘဏ်များကိုတည်ထောင်ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဒီလိုခွင့်ပြုထားရာမှာ ပုဂ္ဂလိကဘဏ်များရဲ့ ဒါရိုက်တာအဖွဲ့အနေနဲ့ တည်ဆဲမြန်မာနိုင်ငံတော်ဥပဒေ၊ မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနဲ့အညီ သီးသန့်ငွေလိုအပ်ချက် (Reserve Requirement)၊ ငွေကြေးလွယ်ကူမှုလိုအပ်ချက် (Liquidity Requirement)၊ မတည်ငွေရင်းလုံလောက်မှုလိုအပ်ချက် (Capital Adequacy Requirement) တို့ကိုစီမံခန့်ခွဲပြီး အများပြည်သူထံမှအပ်ငွေများလက်ခံကာ ချေးငွေများထုတ်ချေးခြင်းနှင့် အခြားသောဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို လွတ်လပ်စွာဆောင်ရွက်လျက်ရှိကြပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ပုဂ္ဂလိကဘဏ်များကို ငွေရေးကြေးရေးတောင့်တင်းခိုင်မာမှုရှိစေဖို့အတွက် ပုံမှန်ကြီးကြပ်စစ်ဆေးမှုတွေပြုလုပ်လျက်ရှိပြီးတော့မှ သတ်မှတ်ထုတ်ပြန်ထားတဲ့ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိကိုလည်း စီစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်တွင်းပုဂ္ဂလိကဘဏ်များရဲ့ နေ့စဉ်စာရင်းဇယားများကိုပေးပို့စေပြီးတော့ ဘဏ်တွေအားလုံးရဲ့ နေ့စဉ်ဘဏ္ဍာရေးအခြေအနေနဲ့ အပတ်စဉ်၊ လစဉ်ဘဏ္ဍာရေးအခြေအနေတွေကို စောင့်ကြည့်စိစစ်လျက်ရှိတဲ့အတွက် မြန်မာနိုင်ငံရဲ့ဘဏ်လုပ်ငန်းကဏ္ဍဟာ တည်တည်ငြိမ်ငြိမ်နဲ့ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်ခင်ဗျား။ ဘဏ်များအနေနဲ့ အမြတ်ရရှိမှသာ ရေရှည်ဆက်လက်ရပ်တည်နိုင်မှာဖြစ်ပါတယ်။ ဒီလိုအမြတ်ရရှိအောင် ချေးငွေတွေကိုထုတ်ချေး

တဲ့နေရာမှာ အရည်အသွေးမီချေးငွေ ( Quality Loan ) များကိုထုတ်ချေးကြပါတယ်။ ဘဏ်တွေအနေနဲ့ ချေးငွေထုတ်ချေးတဲ့နေရာမှာ အများပြည်သူရဲ့အပ်ငွေဟာ အများဆုံးပါဝင်တာကိုတွေ့ရှိရပါတယ်။ ထုတ်ချေးတဲ့ချေးငွေတွေဟာ အရည်အသွေးမီချေးငွေ ( Quality Loan ) တွေမဟုတ်လို့ရှိရင် ဘဏ်တွေအနေနဲ့ စွန့်စားမှု (Risk) တွေများနိုင်ပါတယ်။ တကယ်လို့ စွန့်စားမှု (Risk) များတဲ့ အရည်အသွေးမမီတဲ့ ချေးငွေတွေအနေနဲ့ အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်လို့ရှိရင် ဘဏ်အနေနဲ့ ဆုံးရှုံးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘဏ်များအနေနဲ့ ရေရှည်ခိုင်မာတည်တံ့စွာရပ်တည်နိုင်ရေးအတွက် ဆုံးရှုံးနိုင်ချေများတဲ့ စွန့်စားမှုတွေကို လျှော့ချရန်လိုအပ်ပါတယ်။ ဒီစွန့်စားမှုများ၊ စီမံခန့်ခွဲမှုအတွက်ကိုလည်း ပုဂ္ဂလိကဘဏ်များအနေနဲ့ ဆုံးရှုံးနိုင်ချေစီမံခန့်ခွဲမှုကော်မတီ (Risk Management Committee)ကို ဖွဲ့စည်းပြီးတော့ ဆုံးရှုံးနိုင်ချေရှိတဲ့ချေးငွေများနဲ့ ရပိုင်ခွင့်တွေကို စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ချေးငွေတွေဆုံးရှုံးမှုမရှိစေဖို့အတွက် လုံလောက်တဲ့အာမခံများရယူခြင်း၊ ထုတ်ချေးထားတဲ့ချေးငွေအပေါ် ကာမိတဲ့မီးအာမခံများထားရှိစေခြင်းများ ကျွန်တော်တို့ဆောင်ရွက်ကြပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပုဂ္ဂလိကဘဏ်များအနေနဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ စက်မှုလက်မှုထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းအသီးသီးတို့ကို ချေးငွေများထုတ်ချေးလျက်ရှိကြပါတယ်။ အဆိုပါထုတ်ချေးလျက်ရှိတဲ့ ချေးငွေတွေအနက် စက်မှုလက်မှုထုတ်လုပ်မှုလုပ်ငန်းများကို ထုတ်ချေးငွေတွေဟာ စုစုပေါင်းထုတ်ချေးငွေကျပ် ၆၇၇.၅ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၂၄.၁၄ ရာခိုင်နှုန်းရှိပြီး အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများသို့ အများဆုံးထုတ်ချေးထားခြင်းပဲဖြစ်ပါတယ်။ ဒီလိုထုတ်ချေးရာမှာလည်း ဆုံးရှုံးမှုမရှိစေဖို့အတွက် လုံလောက်တဲ့အာမခံများဖြစ်တဲ့ မြေနှင့် အဆောက်အဦတွေကို အာမခံအဖြစ်ရယူပြီး ချေးငွေများထုတ်ချေးခဲ့ပါတယ်။ အတိုးနှုန်းအနေနဲ့ ဗဟိုဘဏ်မှသတ်မှတ်ထားတဲ့ချေးငွေအပေါ် ကောက်ခံနိုင်သောအတိုးနှုန်း ၁၃ရာခိုင်နှုန်းဖြင့်သာထုတ်ချေးပါတယ်။ ဘဏ်များအား လောလောဆယ်မှာ အာမခံမဲ့ဖြင့် ချေးငွေများထုတ်ချေးခြင်းကို ခွင့်ပြုပေးထားခြင်းမရှိသေးပါဘူး။ နိုင်ငံတော်ရဲ့စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးပါတဲ့ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို လိုအပ်တဲ့အရင်းအနှီးများအတွက် လက်ရှိမှာဘဏ်များမှ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်းနှင့် တစ်ဖက်မှာလည်း အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ပိုမိုထိထိရောက်ရောက်ဆောင်ရွက်နိုင်စေရန် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် (Myanmar Industrial Development Bank)

(MIDB) ကို အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (Small and Medium Industrial Development Bank) (SMIDB)အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းရန် စီစဉ်ထားရှိပြီး ဖြစ်တာကြောင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးမှုအတွက် ပိုမိုအကျိုးပြုအထောက် အကူပြုနိုင်မှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်တံဆိပ်ခေါင်းများအား အချိန်မရွေးအဆင်ပြေလွယ်ကူစွာဝယ်ယူ ရရှိနိုင်ရေးစီစဉ်ဆောင်ရွက်ပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ တရားရုံးအဆင့်ဆင့်မှာ အမှုကိစ္စမျိုးစုံကို သက်ဆိုင်ရာတရားရုံးမှာရှိတဲ့ တရားသူကြီးတွေကကြားနာဆုံးဖြတ်တဲ့အခါမှာ ဥပဒေဆိုင်ရာကိစ္စတွေ အကုန်လုံးကို သက်ဆိုင်ရာဥပဒေ၊ ပြဋ္ဌာန်းဥပဒေနှင့်အညီ ဆုံးဖြတ်ဖြေရှင်းဆောင်ရွက်ကြရတာဖြစ်ပါ တယ်။ အဲ့လို ဥပဒေဆိုင်ရာကိစ္စတွေကို သက်ဆိုင်ရာပြဋ္ဌာန်းဥပဒေတွေနှင့် နည်းဥပဒေများအရဖြေရှင်း ဆောင်ရွက်ကြရတာက Simple Logiest ပဲဖြစ်ပါတယ်။ အခြားနည်းနဲ့ ဖြေရှင်းလို့မရပါဘူး။ အဲ့တော့ တရားမမှုမှာလည်းကျင့်ထုံးဥပဒေတွေရှိပါတယ်။ ပြစ်မှုဥပဒေမှာလည်း သက်ဆိုင်ရာဥပဒေတွေ အားလုံးသတ်မှတ်ပြီးသားဖြစ်ပါတယ်။ အဲ့တော့ ဒီ တရားရုံးကိစ္စတွေကို လိုက်ပါဆောင်ရွက်တဲ့နေရာမှာ အမှုလိုက်တဲ့ရှေ့နေတွေရှိပါတယ်။ အမှုသည်တွေရှိပါတယ်။ အမှုသည်တွေမှာ အမှုဖြစ်လို့စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းဖြစ်တဲ့အချိန်မှာ အဆင်မပြေတဲ့ကိစ္စတွေအမျိုးမျိုးထပ်တွေ့ရပါတယ်။ အဲ့ဒါကတော့ အမှုနဲ့ဆိုင်တဲ့လျှောက်လွှာတွေတင်သွင်းတယ်။ တင်သွင်းတဲ့အခါမှာ အစိုးရကိုအခွန် ကျေချင်လို့ အခွန်တော်တံဆိပ်ခေါင်းတွေဝယ်ရပါတယ်။ အဲ့တော့ အခွန်တော်တံဆိပ်ခေါင်းဝယ်တဲ့ အခါတိုင်း အမှုသည်တွေက အမြဲတမ်းပြဿနာတွေတွေ့နေရပါတယ်။ အခွန်တော်တံဆိပ်ခေါင်းဝယ်ဖို့ အတွက် ပြည်တွင်းအခွန်များဦးစီးဌာနမှာဝယ်ယူရပါတယ်။ အဲ့လိုဝယ်ယူတဲ့အခါမှာ အခက်အခဲမျိုးစုံ တွေ့ရတယ်။ ပထမဦးဆုံးအခက်အခဲက တံဆိပ်ခေါင်းပြည့်ပြည့်စုံစုံမရှိတဲ့အခက်အခဲ၊ နောက်ပြီးတော့ တန်းစီရတဲ့အခက်အခဲစသည့် ပြည်သူ့ဝန်ထမ်းတွေရဲ့ အကျင့်မဲ့တဲ့အခက်အခဲတွေအမျိုးစုံတွေ့ရပါ တယ်။ အဲ့ဒီအတွက်ကြောင့် တံဆိပ်ခေါင်းတွေဝယ်ယူတဲ့အခါမှာ ရောင်းချတဲ့နေရာ၊ ရောင်းချပုံ နည်းစနစ်နှင့် ရောင်းချတဲ့အချိန်ကာလကန့်သတ်ချက်စတဲ့အကြောင်းအမျိုးမျိုးကြောင့် လိုအပ်သော

အခွန်တံဆိပ်ခေါင်းတွေဝယ်ယူဖို့ အခက်အခဲတွေကြုံတွေ့နေရပါတယ်။ အဲ့တော့ တစ်နည်းအားဖြင့် ဆိုလို့ရှိရင် ခက်ခက်ခဲခဲဝယ်ယူရတဲ့အတွက် ၂၀၀ တန် တံဆိပ်ခေါင်းတွေကို အပြင်မှာကျတော့ ၁၀၀၀ ပေးလျှင်ကြိုက်သလိုဝယ်လို့ရပါတယ်။ အပြင်မှာရှိတဲ့လူတွေတောင်မှတံဆိပ်ခေါင်းဝယ်နိုင်ရင် တကယ် လိုအပ်တဲ့လူတွေကျတော့ ဘာဖြစ်လို့ခက်ခဲနေသလဲဆိုတာ စဥ်းစားစရာရှိပါတယ်။ အဲ့တော့ Stamp Ben Step ရောင်းချနိုင်မလား။ ပြည်တွင်းအခွန်ဦးစီးဌာနရဲ့ အခွန်တော်တံဆိပ်ခေါင်းရောင်းချတဲ့ဌာန တွေကို တရားရုံးအဆင့်ဆင့်အနီးအပါးမှာထားနိုင်မလား။ အချိန်မရွေးလွယ်ကူစွာဝယ်ယူရေးအတွက် စီစဥ်ဆောင်ရွက်ပေးနိုင်မလား။ အကယ်၍မဆောင်ရွက်ပေးနိုင်ပါက မည်သည့်အကြောင်းကြောင့် မဆောင်ရွက်နိုင်ကြောင်းသိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ အခွန်တော်တံဆိပ်ခေါင်းရောင်းချတဲ့ဌာနများအား တရားရုံးအသီးသီး၏ အနီးအပါးနေရာများ၌ အချိန်မရွေးလွယ်ကူအဆင်ပြေစွာဝယ်ယူရနိုင်ရေးစီစဥ်ဆောင်ရွက်ပေးနိုင်ပါမည်လား။ မဆောင်ရွက်နိုင်ပါက မည်သည့်အကြောင်းကြောင့်မဆောင်ရွက်နိုင်ကြောင်းသိရှိလိုကြောင်းမေးခွန်းနှင့်စပ်လျဥ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ၁၈၇၀ ပြည့်နှစ်ရုံးခွန်အက်ဥပဒေနောက်ဆက်တွဲဇယား ၁ ပါ တန်ဖိုးအလျောက်ရုံးခွန်ကပ်နှိပ်ရမယ့်ကိစ္စရပ် ၁၅ မျိုး အနက်ဇယား ၂ ပါ ပုံသေရုံးခွန်ကပ်နှိပ်ရမယ့်ကိစ္စ ၂၁ မျိုးတို့အတွက် ရုံးခွန်တံဆိပ်ခေါင်းများကို ရောင်းချလျက်ရှိပါတယ်။ ရောင်းချရာမှာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအသီးသီးနှင့် ဗဟိုတံဆိပ်ခေါင်း အရောင်းကောင်တာ ၂ ခုဖြစ်တဲ့ နေပြည်တော်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအနီးမှာရှိတဲ့ ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးအမှတ်-၄၆)မှာလည်းကောင်း၊ ရန်ကုန်မြို့မှာ တရားရုံးနှင့်နီးသော ၃၆ လမ်းမှာလည်းကောင်း အသီးသီးရောင်းချပေးလျက်ရှိတဲ့အပြင် မန္တလေးမြို့မှာ တရားရုံးအနီးမှာရှိတဲ့ အောင်မြေသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှာလည်းကောင်း ရောင်းချပေးလျက်ရှိပါတယ်။ မြို့နယ်

အချို့မှာ အစိုးရရုံးများဟာ စုပေါင်းရုံးများအဖြစ်လည်းကောင်း၊ သီးခြားစီလည်းကောင်းတည်ရှိနေကြသော်လည်း မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် မြို့နယ်တရားရုံးများဟာ မြို့နယ်တစ်မြို့နယ်အတွင်း ၌သာတည်ရှိနေတာဖြစ်တဲ့အတွက် ခရီးကွာဝေးခြင်းမရှိတဲ့အတွက် ပြည်သူလူထုအနေနဲ့ အခက်အခဲမရှိအဆင်ပြေလွယ်ကူစွာဝယ်ယူနိုင်မှာဖြစ်ပါတယ်။ တရားရုံးသုံးတံဆိပ်ခေါင်းများရောင်းချတဲ့နေရာမှာ ရုံးခွန်အက်ဥပဒေပုဒ်မ ၃၄၊ နည်းဥပဒေ ၂၄ မှာရုံးခွန်တံဆိပ်ခေါင်းများကိုအောက်ပါအတိုင်း တံဆိပ်ခေါင်းရဲ့ကျောဘက်မှာရေးသွင်းပြီးမှ ရောင်းချရန်ပြဋ္ဌာန်းထားပါတယ်။ ဒါတွေကတော့ ပြက္ခဒိန်နှစ်အသီးသီးအတွက် အမှတ်စဥ်သီးခြားပါရှိစေရမှာဖြစ်ပါတယ်။ နောက်ရောင်းချတဲ့နေ့ရက်ဖြစ်ပါတယ်။ နောက်ဝယ်ယူသူအမည်၊ အဖအမည်နှင့် ၎င်းဝယ်ယူသူနေရပ်ကိုဖြည့်သွင်းရမှာဖြစ်ပါတယ်။ စာဖြင့်အပြည့်အစုံရေးပြီးတော့ထည့်ရန် တံဆိပ်တော်တန်ဖိုးရေးရမှာဖြစ်ပါတယ်။ ရောင်းချသူရဲ့ ရေးထိုးမြဲလက်မှတ်ကို ကျောဘက်မှာရေးသွင်းပြီးမှသာရောင်းချတာဖြစ်ပါတယ်။ နည်းဥပဒေ ၂၅ မှာ ရုံးခွန်ကပ်တံဆိပ်ခေါင်းတွေကိုအောက်ပါ အတိုင်းမျက်နှာစာမှာရေးသွင်းပြီးမှ ရောင်းချရန်ပြဋ္ဌာန်းပါတယ်။ ဒါကတော့ ဝယ်ယူသူရဲ့အမည်၊ ရောင်းချသည့်နေ့စွဲ၊ ရောင်းချသူရေးထိုးမြဲလက်မှတ်တွေကို မျက်နှာစာမှာရေးသွင်းရပါတယ်။ တံဆိပ်ခေါင်းတွေကိုရောင်းချတဲ့နေရာမှာ မနက် ၀၉း၃၀ နာရီအချိန်ကနေပြီးတော့ ညနေ ၁၄း၀၀ နာရီအချိန်အထိ ရုံးဖွင့်ရက်တိုင်းရောင်းချပေးပါတယ်။ နေ့စဥ်ရောင်းချရတဲ့ငွေတွေကို ဘဏ်ကိုနေ့စဥ်ပေးသွင်းရပါတယ်။ ဘဏ်ပိတ်ချိန်ဟာနေ့စဥ် ၁၅း၀၀ နာရီဖြစ်တဲ့အတွက် တံဆိပ်ခေါင်းအရောင်းကို နေ့စဥ် ၁၄း၀၀ နာရီအချိန်မှာပိတ်ပြီးတော့မှ စာရင်းဇယားတွေပြုစုပြီးတော့မှဘဏ်ပိတ်ချိန်အမီ ဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် အထက်ပါအတိုင်း နံနက် ၀၉း၃၀ အချိန်ကနေ ၁၄း၀၀ နာရီအချိန်အထိ တံဆိပ်ခေါင်းရောင်းချချိန်ကိုကန့်သတ်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ တံဆိပ်ခေါင်းခွန်နှုန်းထားတွေကို ခေတ်ကာလနဲ့လျော်ညီတဲ့ အခွန်နှုန်းထားအဖြစ်ဖြစ်စေဖို့ ပြင်ဆင်သတ်မှတ်ခဲ့မှုများကြောင့် အခိုက်အတန့်အားဖြင့်တံဆိပ်ခေါင်းလိုအပ်မှုများဖြစ်ပေါ်လာခဲ့ပေမယ့်လည်း နှုန်းထားအသစ်နဲ့ကိုက်ညီတဲ့ တံဆိပ်ခေါင်းတွေအချိန်မီရိုက်နှိပ်ပေးနိုင်ရေးအတွက်ကို လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံးနဲ့ ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်တဲ့အတွက် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ဗဟိုတံဆိပ်ခေါင်းအရောင်းကောင်တာများမှာ ပြည်သူများသို့ လုံလောက်အဆင်ပြေလွယ်ကူစွာရောင်းချပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ မေးခွန်းထပ်ပြီးတော့မေးခွင့်ပြုပါဦး။ ခုနက ဒုတိယဝန်ကြီး အသစ်စက်စက်ကဖြေသွားလို့ ကျွန်မ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဒုတိယဝန်ကြီးပြောသလို ၀၉း၃၀ နာရီစရောင်းတယ်ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရဝန်ထမ်းတွေက ၁၀း၀၀ နာရီမထိုးမချင်းရုံးကို မရောက်ပါဘူး။ ၁၀း၀၀ နာရီထိုးတဲ့အခါလည်း တံဆိပ်ခေါင်းရောင်းဖို့အတွက် သူတို့တံခါးကိုဖွင့်၊ မှတ်ပုံတင်စာအုပ်ကို ထုတ်၊ နောက်တစ်ခါ သူတို့တစ်နေ့တာစားဖို့သောက်ဖို့ အလုပ်တွေလုပ်ပြီးမှ တန်းစီတဲ့လူတွေအရှေ့ကို သူတို့ရောက်လာပါတယ်။ တန်းစီတဲ့လူတွေကလည်း ၀၉း၃၀၊ ၁၀း၀၀ နာရီကစပြီးတော့ မှတ်ပုံတင်တွေထပ်ထားရပါတယ်။ မှတ်ပုံတင်တွေ ထပ်ထားပြီးတော့ တန်းစီတဲ့သူက ကိုယ့်အလှည့် ရောက်ပြီဆိုတော့ ကိုယ့်အလှည့်ရောက်လို့တံဆိပ်ခေါင်းကုန်တာနဲ့ ကြုံရင်ကြုံမယ်။ တကယ်လို့ တံဆိပ်ခေါင်းကုန်တာနဲ့ မကြုံဘူးဆိုလို့ရှိရင် ဘာတွေထပ်ပြရလဲဆိုလို့ရှိရင် အမှုသည် ကာယကံရှင် ကိုယ်တိုင်ကလာရမယ်။ တံဆိပ်ခေါင်းဝယ်တဲ့လူနှင့် အမှုသည်နဲ့ဘယ်လို သက်ဆိုင် သလဲဆိုတဲ့မေးခွန်း တွေထပ်မေးတာခံရမယ်။ လူစားဝယ်လို့မရဘူး။ နောက်ဘယ်လို စာရွက် စာတမ်းတွေ၊ အမှုနှင့်ပတ်သက်တဲ့စာချုပ်တွေ တင်ပြပါဆိုပြီးတော့ အထောက်အထားတွေ အမျိုးမျိုး တောင်းပါတယ်။ အဲ့တော့ အထောက်အထားမပါတဲ့လူကပြန် ကိုယ်တိုင်လာဝယ်နိုင်တဲ့လူမှ တံဆိပ်ခေါင်းရပါတယ်။ ဒါပေမယ့် အဲ့ဒီ ၁၀း၃၀ နာရီ လောက်မှာ ကံကောင်းလို့ အရောင်းခံရပါတယ်။ ကံမကောင်းလို့ရှိရင် တံဆိပ်ခေါင်းဝန်ထမ်းတွေက ၁၀း၀၀ နာရီ ကျော်လောက်မှာရုံးကို ရောက်လာ ပါတယ်။ နောက်ပြီးတော့ အစုလိုက်အပြုံလိုက် ရုံးခန်းကိုသော့ခတ်ပြီးတော့ လက်ဖက်ရည်ဆိုင် သွားထိုင်ကြပါတယ်။ အဲ့တော့ သူတို့ပြန်လာတဲ့အချိန်က ၁၁း၀၀ နာရီထိုးပါပြီ။ အဲ့တော့ ၀၉း၃၀ နာရီကစတန်းစီနေတဲ့လူတွေက ၁၁း၀၀ နာရီအထိကိုစောင့် ကိုယ့်အလှည့်လည်းကျရော ၁၂း၀၀ နာရီထိုးခါနီးမို့လို့ ထမင်းစားမှာမို့လို့ဆိုပြီးတော့ တံခါးကြီးကိုပြန်ပိတ်ပစ်လိုက်ပါတယ်။ အဲ့တော့ ၁၂း၀၀ နာရီထိုးတဲ့အချိန်မှာတော့ တာဝတိံသာက သိကြားမင်းကြီး နဂင်းကြီးနဲ့ဆင်းပြီးတော့ ဖွင့်ခိုင်းရင်တောင်ဖွင့်မှာမဟုတ်ပါဘူး။ ၁၂း၀၀ နာရီကနေ ခုနက ဝန်ကြီးပြောသလို ဘဏ်ပိတ်တဲ့ အချိန်မတိုင်ခင်ဆိုလို့ရှိရင် တော်တော်ကြီးစောင့်စားပြီးတော့ ခက်ခက်ခဲခဲအလွန်ကံထူးမှ တံဆိပ်ခေါင်းတွေ ဝယ်ခွင့်ရတာပါ။ အဲ့တော့ တံဆိပ်ခေါင်းရောင်းချတဲ့စနစ်၊ အချိန်ကာလလို့ ကျွန်မ အသေအချာထည့်ပြီးတော့ မေးထားပါတယ်။ အဲ့တော့ ဒီဥစ္စာ၊ ဒီလိုဖြစ်နေတာကို ဝန်ကြီး

အသစ်စက်စက်က မသိပေမယ့် အရင်ဝန်ထမ်းတွေ၊ တာဝန်ရှိတဲ့လူတွေက သိပြီးဖြစ်မှာပါ။ ကွင်းဆင်းလေ့လာကြည့်ဖို့လိုတယ်လို့ အကြံပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ ဖြည့်စွက်ပြီးတော့ မေးမြန်းတဲ့အပေါ်မှာ ကျွန်တော်နည်းနည်းလေးထပ်ပြီးတော့ ရှင်းလင်းပါ့မယ်။ ဒီလိုအခက်အခဲတွေအတွက်ကို ကျွန်တော်တို့ဖြေရှင်းနိုင်အောင်က ရုံးခွန်တံဆိပ်ခေါင်းတွေကို ရာထူးအလျောက်ရောင်းချသူနှင့် လိုင်စင်အရတံဆိပ်ခေါင်းရောင်းချသူတို့မှတစ်ပါး အခြားသူများရောင်းချခြင်းမရှိစေရဆိုတဲ့ ရုံးခွန်အက်ဥပဒေပုဒ်မ ၃၄၊ နည်းဥပဒေ ၂ မှာပြဋ္ဌာန်းထားပါတယ်။ သို့သော်လည်းပဲ အစိုးရဌာနများအနေနဲ့တော့ လက်ရှိမှာတော့ရာထူးအလျောက်ရောင်းချသူပေါ့။ ဥပမာ မြို့နယ်အခွန်ရုံးတွေမှာဆိုရင် မြို့နယ်အခွန်ဦးစီးအရာရှိကိုပဲရောင်းချခွင့်ပေးထားတာရှိပါတယ်။ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူဆိုတာ လိုင်စင်ပေးပြီးတော့မှရောင်းချဖို့ကိစ္စကိုတော့ ဟိုးယခင်ကတည်းက အကောင်အထည်မပေါ်သေးတဲ့အတွက် ကျွန်တော်တို့က ဒါကိုလက်ရှိမှာတော့ အကောင်အထည်မဖော်နိုင်သေးပါဘူး။ သို့သော်လည်းပဲ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအနေနဲ့ဆိုတာကလည်း သူရဲ့ကန့်သတ်ထားတဲ့၊ သတ်မှတ်ထားတဲ့နယ်မြေအတွင်းရောင်းချရမှာဖြစ်ပြီးတော့ သူ့မှာလည်း ရှေးယခင်ကသတ်မှတ်တဲ့ ၅၀ ကျပ်တန်ထက်ပိုတဲ့တံဆိပ်ခေါင်းကိုပဲရောင်းချခွင့်ရှိတာပေါ့လေ။ အဲ့ဒါမျိုးလေးတွေရှိတဲ့အတွက် ကျွန်တော်တို့အပိုင်းကလည်း ဒါတွေခေတ်နှင့်လျော်ညီအောင်ပြင်ဆင်ဖို့တွေရယ်၊ နောက်လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခွင့်ကို ပြန်လည်အသက်သွင်းဖို့ကိစ္စတွေကို စဉ်းစားဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒေါ်တင်နွယ်ဦးမေးတဲ့မေးခွန်းဟာ သာမန်အရေးမကြီးတဲ့မေးခွန်းကို တမင်ဖန်တီးပြီးမေးတယ်လို့ ယူဆမယ်ဆိုရင်လွဲမှားနိုင်စရာအကြောင်းရှိပါတယ်။ ကျွန်တော်တို့ ခေတ်၊ စနစ်ပြောင်းလဲလာပါပြီ။ ဒီမိုကရေစီခေတ်၊ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့နေရာဖြစ်ပါတယ်။ အဓိကကတော့ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုနှင့် တာဝန်ခံမှုအပိုင်းဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ရှေ့ကမေးသွားတဲ့ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်ကလည်း ဒီအကြောင်းနှင့်ပတ်သက်တာလည်းပါပါတယ်။ ဒါကြောင့်မို့လို့ နောင်မေးမြန်းတဲ့အခါမှာ ပိုပြီးတိတိကျကျခိုင်ခိုင်မာမာဖြစ်အောင် ဘယ်ရုံးမှာ၊ ဘယ်နေရာမှာ ဘာတွေဖြစ်နေတယ်ဆိုတာအထောက်အထားနဲ့တင်ပြမေးမြန်းရင် ပိုပြီးတော့ လွှတ်တော်ကဆုံးဖြတ်ဆောင်ရွက်တာ တိကျစေမှာဖြစ်ပါတယ်။

အဲ့ဒီနည်းတူပဲ ပြန်လည်ဖြေကြားမယ့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့လည်း တိတိကျကျရှင်းရှင်း လင်းလင်းဖြေကြားဖို့လိုပါတယ်။ ဒီဖြေကြားမှုများဟာ ကတိ၊ ကဝတ်များပဲဖြစ်ပါတယ်။ ကတိ၊ ကဝတ် ပျက်တယ်ဆိုရင် ကတိ၊ ကဝတ်ပျက်ရာရောက်ကြောင်းလည်း လွှတ်တော်ကဆက်လက်ဆောင်ရွက်ဖို့ လည်းလိုပါတယ်။ ဒီလိုမှသာ ကျွန်တော်တို့လိုချင်တယ်ဆိုတဲ့ တရားဥပဒေစိုးမိုးရေးဟာ ဖြစ်မှာဖြစ်ပါ တယ်။ ဒါမှမဟုတ်ဘူးဆိုရင်တော့ ဘယ်လိုမှ ကျွန်တော်တို့မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များကလည်း လွှတ်တော်အစည်းအဝေးကို လာရောက်တက်တဲ့နေရာမှာ အချိန်တွေ၊ လုပ်အားတွေ အများကြီးစိုက်ထုတ်ပြီးဆောင်ရွက်နေတာ အပျော်သဘောမဟုတ်ပါဘူး။ ပြည်သူကပေး အပ်တဲ့တာဝန်၊ ပြည်သူကခိုင်းစေတဲ့ ပြည်သူ့အမိန့်များနှင့် ဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် ဒါကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက အလေးထားဆောင်ရွက်ဖို့လိုမှာဖြစ်သလို မိမိတို့မေးတဲ့၊ ဆိုတဲ့ မေးခွန်း၊ အဆိုတွေဟာလည်း တကယ်လက်တွေ့မှာ ဆက်လက်ဖော်ဆောင်နိုင်ဖို့အရေးဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတင်မကပါဘူး။ လွှတ်တော်မှာတာဝန်ရှိတယ်လို့ခံယူထားရမှာဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ခုနက ဒေါက်တာလင်းအောင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ဖြေသွားတာ နှင့်ပတ်သက်လို့ ယေဘုယျဆန်နေတာ ရှိပါတယ်။ တံဆိပ်ခေါင်းများထုတ်လုပ်ဖို့အတွက် သက်ဆိုင်ရာ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံးနဲ့လည်း ညှိထားပါတယ်ဆိုတာက ယေဘုယျဆန်ပါတယ်။ အမိန့်တစ်ရပ်ထုတ်ပြန်ပြီးနောက်ပိုင်းမှာ ဒါနှင့်ပတ်သက်လို့လည်း အားလုံး ကိုယ့်လက်ထဲမှာပြည့်စုံအောင်ရှိထားဖို့လိုပါတယ်။ ဒီနေ့ ဒီကိစ္စမျိုးကို သက်ဆိုင်ရာဌာနတွေက ဆောင်ရွက်ပေးသင့်တာ မဆောင်ရွက်ပေးဘူးဆိုလို့ရှိရင် နိုင်ငံတော်အစိုးရ၊ အုပ်ချုပ်ရေးအဖွဲ့၊ နိုင်ငံတော်ကိုပဲလာပြီးထိခိုက်ပါတယ်။ ခေတ်ပြောင်း၊ စနစ်ပြောင်းမှာ ဒါမျိုးတွေဖြစ်နေမယ်ဆိုလို့ရှိရင် နောက်ဆုံးကျတဲ့အခါကျတော့ အောက်ခြေရဲ့ဝန်ထမ်းများရဲ့ဆောင်ရွက်ချက်က အထက်မှာရှိတဲ့ အစိုးရ ကိုလာထိခိုက်တဲ့အတွက် ဒါကိုလည်းအလေးထားဆောင်ရွက်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာ လင်းအောင်ဆွေးနွေးသွားတဲ့ ယေဘုယျဆန်တဲ့ကိစ္စများကို ယေဘုယျမဆန်အောင်နဲ့ လက်တွေ့ ကျင့်သုံးတဲ့စနစ်၊ နည်းလမ်းဟာလိုနေတယ်၊ လွဲနေတယ်ဆိုရင် အမြန်ဆုံးပြုပြင်ပြောင်းလဲဖို့လိုပါတယ်။ ကျွန်တော်တို့ကို ပြည်သူတွေအထင်သေးတာမဖြစ်စေလိုပါဘူး။ ကျွန်တော်တို့အစိုးရကို ပြည်သူတွေ အထင်သေးတာမဖြစ်စေလိုတော့ပါဘူး။ ဒါကြောင့်မို့လို့ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များကိုလည်း ပြန်လည်သုံးသပ်ပြီးတော့ တကယ်လက်တွေ့ကျကျဆောင်ရွက်နိုင်တဲ့ဟာ မျိုးဆောင်ရွက်ဖို့လိုပါတယ်။

ပြန်လည်တင်ပြရမယ်ဆိုရင် မေးတဲ့လူကိုလည်းတန်ဖိုးထားပေးပါ။ ဖြေတဲ့လူကလည်း တန်ဖိုးရှိတဲ့အဖြေများဖြေပါ။ ဒီအဖြေများကိုလည်း သက်ဆိုင်ရာကတိ၊ ကဝတ်ကော်မတီကမှတ်တမ်းတင်ပြီးတဲ့အခါမှာ ကတိ၊ ကဝတ်အတိုင်းမဆောင်ရွက်နိုင်ဘူးဆိုရင်လည်း မဆောင်ရွက်နိုင်တဲ့အကြောင်းလွှတ်တော်ကိုပြန်လည်တင်ပြပါ။ ပြန်လည်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့လွှတ်တော်မှာလာပြီးထိုင်နေတာက အပျော်မဟုတ်ပါဘူး။ ပြည်သူများကတာဝန်ပေးထားလို့ ဒီအခန်းထဲရောက်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် လွှတ်တော်ကိုပြန်လည်တင်ပြချင်တာ မေးတဲ့အခါမှာလည်းထိထိရောက်ရောက်မေးပြီးတဲ့အခါမှာ လိုမယ်ဆိုရင်သက်သေသက်ကာယအထောက်အထားနဲ့မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားတဲ့လူကလည်း လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူကိုလေးစားသောအားဖြင့် တိတိကျကျပြန်လည်ဖြေကြားခြင်း၊ ဒီအပေါ်စောင့်ကြည့်လေ့လာပြီး။ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆောင်ရွက်ဖို့ကိစ္စများဆောင်ရွက်ဖို့ လွှတ်တော်ကိုတိုက်တွန်းတင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါ့မယ်။

**အချိန်၊ ၁၁ း ၁၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခန်းမအတွင်းမှပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၁ း ၄၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးဖြစ်သော မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က ၂၁-၈-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီထံ စိစစ်နိုင်ရန်နှင့် ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ယင်းဥပဒေကြမ်းကိုစိစစ်ပြီး ကော်မတီရဲ့အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန်တင်သွင်းရမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များကရှိပါကဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၃၁-၈-၂၀၁၂ ရက်နေ့ ၁၃း၀၀နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဦးအောင်သောင်း၊ တောင်သာမဲဆန္ဒနယ်၏ မြန်မာပြည်အလယ်ပိုင်းအပူပိုင်းဒေသရှိ ပြည်သူများမျက်စိဝေဒနာများစွာ ခံစားနေရမှုကို အထူး အစီအစဉ်ဖြင့် ကုသပေးရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး (၂၃) ရက်မြောက်နေ့မှာ တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း တင်သွင်းထားတဲ့ မြန်မာပြည်အလယ်ပိုင်း၊ အပူပိုင်းဒေသရှိ ပြည်သူများမျက်စိဝေဒနာများစွာ ခံစားနေရမှုကို အထူးအစီအစဉ်ဖြင့် ကုသပေးရန်အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦးက အမည်စာရင်းတင်ပြထားပါတယ်။ သို့ရာတွင် ဒီဆွေးနွေးမှုဟာ အထူးဆွေးနွေးစရာမလိုဘဲနဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကလည်း ဆောင်ရွက်နေတယ်ဆိုတဲ့ အကြမ်းဖျင်းသတင်းရရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးကိုသာ ဆွေးနွေးဖို့ လျာထားသတ်မှတ်ထားပါတယ်။ ဒါကြောင့် ဒီအဆိုကို စိတ်ဝင်စားစွာ ဆွေးနွေးလိုတဲ့

အမည်စာရင်းပေးထားတဲ့ ကိုယ်စားလှယ် ၃၀ ဦးရှိသော်လည်း တင်ပြပါ အကြောင်းအရာကြောင့် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးကိုသာ ဆွေးနွေးဖို့ စီစဉ်ထားပါတယ်။ ဦးစွာ ချမ်းအေးသာစံ မဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့်အား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာကျော်မြင့်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီးတော့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်မြင့်ဖြစ်ပါတယ်။ အညာမှာပဲမွေးပြီးတော့ အညာမှာပဲကြီးလာတဲ့ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း အဆိုတင်သွင်းသွားသော မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိ ပြည်သူများ မျက်စိဝေဒနာများစွာခံစားနေရမှုကို အထူးအစီအစဉ်ဖြင့် ကုသပေးရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကိန်းဂဏန်းများ ပါတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ ဖတ်ကြားတင်ပြခွင့်ပြုရန်ခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်သွင်းသလို မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တစ်ချိန်က မျက်စိဝေဒနာဖြစ်သော မျက်ခမ်းစပ်ရောဂါအဖြစ်များတဲ့ ဒေသများဖြစ်တယ်ဆိုတာလည်း အများသိရှိပြီးဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသမှာမှီတင်းနေထိုင်ကြတဲ့ ပြည်သူပြည်သားတွေဟာ မိုးခေါင်ရေရှား၊ ဖုန်ထူတဲ့ဒဏ်ကြောင့် မျက်ခမ်းစပ်ရောဂါအများဆုံးဖြစ်ကြပါတယ်။ ၎င်းဒေသတွေကိုသွားကြည့်မယ်ဆိုလို့ရှိရင် မျက်ခမ်းစပ်ရောဂါကြောင့်ဝေဒနာခံစားနေရသူများ၊ မျက်စိကွယ်သူများ အများအပြားတွေ့ရမှာဖြစ်ပါတယ်။ မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုနှုန်းဟာ ယင်းအချိန်က လူ ၁၀၀ ဆိုလို့ရှိရင် ၄၅ ဦးခန့် ဝေဒနာခံစားနေပြီးတော့ ကမ္ဘာတွင် မျက်ခမ်းစပ်ရောဂါထူထပ်တဲ့ အာဖရိကတိုက်နယ်မှ နိုင်ငံများနှင့်အတူ ရပ်တည်လျက်ရှိကြောင်းလည်းသိရှိရပါတယ်။ ကျန်းမာရေးဌာနအနေနဲ့လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းပြီးတော့ မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးစီမံကိန်းကို ၁၉၆၅ ခုနှစ်ကစပြီးတော့ ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၆၅ ခုနှစ်တွင် ချောက်မြို့ကိုဗဟိုပြုပြီးတော့ ဒေသ(၁)၊ ၁၉၆၆ ခုနှစ်တွင် မိတ္ထီလာမြို့ကို ဗဟိုပြုပြီးတော့ ဒေသ(၂)၊ ၁၉၇၀ ခုနှစ်တွင် မုံရွာနှင့် မြင်းခြံတို့တွင် ဒေသ(၃) နှင့် (၄)

ဆိုပြီးတော့ မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးစီမံကိန်းရုံးများကိုဖွင့်လှစ်ခဲ့ပါတယ်။ မျက်ခမ်းစပ်ရောဂါ အတွက်လိုအပ်သော မျက်စဉ်းဆေးများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ မျက်စိရောဂါကို စနစ်တကျ ကုသထိန်းသိမ်းရေး၊ ကျန်းမာရေးအသိပညာပေးရေးလုပ်ငန်းများအပြင် နိုင်ငံတော်မှအပူပိုင်းဒေသ အတွက် ရေရရှိရေးစီမံကိန်းများ များစွာအကောင်အထည်ဖော်နိုင်တဲ့အတွက် ၁၉၈၄ ခုနှစ် နောက်ပိုင်းတွင် မျက်ခမ်းစပ်ရောဂါဟာ အပူပိုင်းဒေသမှာ ပြည်သူကျန်းမာရေးပြဿနာအဖြစ် ချုပ်ငြိမ်းသွားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မျက်ခမ်းစပ်ရောဂါ ကင်းရှင်းကြောင်း ကြေညာမည်ဆိုပါက အသက် ၁ နှစ်မှ ၉ နှစ်ကလေးများတွင် မျက်ခမ်းစပ်ရောဂါ လက္ခဏာ ၅ ရာခိုင်နှုန်းထက်နည်းမှသာလျှင် မျက်ခမ်းစပ်ရောဂါကင်းတဲ့နိုင်ငံအနေနဲ့ ကြေညာနိုင်မှာ ဖြစ်ပါတယ်။ မိမိနိုင်ငံဖြစ်ပွားနှုန်းဟာ ယခု ၁.၃ ရာခိုင်နှုန်းသာရှိပြီးတော့ ၂၀၁၁ ခုနှစ်မှစပြီးတော့ မျက်ခမ်းစပ်ရောဂါကင်းရှင်းတဲ့နိုင်ငံအဖြစ် ရပ်တည်လျက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန် ကြေညာချက်ကို စောင့်ဆိုင်းလျက်ရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့လည်း မိမိနိုင်ငံက မျက်ခမ်းစပ်ရောဂါကင်းရှင်းသွားသော်လည်း ကြေညာနိုင်ရန် ဒေသအတွင်းအခြားနိုင်ငံများနဲ့အတူ ကြေညာနိုင်ရန် စောင့်ဆိုင်းနေကြောင်းလည်း သိရှိရပါတယ်။ မိမိတို့နိုင်ငံရဲ့ မျက်ခမ်းစပ်ရောဂါနှိမ်နင်း ရေးစီမံချက်များကို အီဂျစ်နိုင်ငံတို့၊ ဆူဒန်နိုင်ငံတို့ အခြားအာဖရိကတိုက်နိုင်ငံများက လာရောက် သင်တန်းများလေ့လာကြောင်းကိုလည်း ပြောကြားလိုပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်စိဝေဒနာအဖြစ်များဆုံးရောဂါများမှာ အတွင်းတိမ်ရောဂါနှင့် အခြားရောဂါများကြောင့် ဥပမာ-ဆီးချို၊ သွေးချိုရောဂါကြောင့်ပဲဖြစ်တတ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုပိုမိုကောင်းမွန်လာခြင်း၊ လူ့သက်တမ်းပိုမိုမြင့်မားလာခြင်းကြောင့် ဇရာနှင့်တွဲ၍ဖြစ်တတ်သောရောဂါများတွင် အတွင်းတိမ် ရောဂါဟာအများဆုံးရောဂါဖြစ်ပါတယ်။ ကျန်းမာရေးဌာနအနေနဲ့ ၁၉၈၀ ခုနောက်ပိုင်း မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး 'မ' သုံးလုံးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး တို့တွင် မျက်စိရောဂါကုဌာနများ မျက်ခမ်းစပ်နှင့် မျက်မမြင်ရောဂါကာကွယ်ရေးစီမံချက်ဌာနပေါင်း ၂၆ ခု နှင့် မျက်စိအထူးကုဆရာဝန် ၅၀ တို့အား တာဝန်ပေးထားပြီးကြောင်းလည်းသိရှိရပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့ကိုလည်း ၂၀၀၂ ခုနှစ်တွင် ဒေသ (၅) အဖြစ်သတ်မှတ်ပြီးတော့ ၎င်းမြို့ရှိ ခုတင် ၅၀ ဆံ့ဆေးရုံကိုလည်း မျက်စိရောဂါအထူးကုဆေးရုံအနေနဲ့ မျက်စိရောဂါဝေဒနာ

အမျိုးမျိုးအပြင် အတွင်းတိမ်ဝေဒနာရှင်များကိုလည်း ခွဲစိတ်ကုသပေးနိုင်ကြောင်းလည်းသိရှိရပါတယ်။ ကျန်းမာရေးဌာနအနေနဲ့ အထက်ပါစီမံချက်များ ၂၀၁၂ ခုနှစ်တွင် ကျေးရွာပေါင်း ၂၆၁၃ ရွာ လူဦးရေပေါင်း ၁.၁၅ သန်းကို မျက်စိကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့တယ်လို့လည်းသိရှိရပါတယ်။ ၎င်းအပြင် မျက်စိရောဂါဝေဒနာရှင် ၆၅၄၆ ဦးကိုလည်း မျက်စဉ်းဆေးများကို ပေးအပ်တယ်လို့သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများ၊ မျက်စိအထူးကုဆေးရုံကြီးများနှင့် ပုဂ္ဂလိက မျက်စိကုဆေးရုံကြီးများမှ ခွဲစိတ်ကုသသော အတွင်းတိမ်လူနာပေါင်း ၉၉၆၂၀ ဦးအနက် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းဒေသကြီးများတွင် အတွင်းတိမ်လူနာပေါင်း ၄၀၅၁၆ ဦးကို ခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဤကဲ့သို့ဆောင်ရွက်ပေးထားသော်လည်း မြန်မာနိုင်ငံတွင် ယခုအချိန်၌ အတွင်းတိမ်လူနာပေါင်း ၂၀၀၀၀၀ ခန့်ရှိသေးတယ်လို့သိရှိရပါတယ်။ ဒီအတွက် ခွဲစိတ်ခံယူခွင့်မရရှိသေးသော လူနာလက်ကျန်များလာတာကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ လက်ကျန်လူနာများစာရင်းလျော့နည်းအောင်၊ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ NGO နှင့် INGO များ၊ စေတနာရှင်လူမှုရေးအဖွဲ့အစည်းအသင်းများ၊ Civil Base Organization များရဲ့အကူအညီများကိုယူပြီးဆောင်ရွက်မှသာလျှင် လက်ကျန်ဝေဒနာရှင်များ စာရင်းလျော့နည်းသွားမှာဖြစ်ပါတယ်။ သို့ပါ၍ တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းတင်သွင်းသော မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိပြည်သူများ မျက်စိဝေဒနာများစွာခံစားနေရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန်အဆိုကို လေးလေးနက်နက်ထောက်ခံရင်း ကျွန်တော်၏ ဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာ နေလင်းအား ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်း ဖြစ်ပါတယ်။ ဒီကနေ့တင်ပြဆွေးနွေးမယ့်အပိုင်းကတော့ တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းရဲ့ အဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ရဲ့နှစ်ပေါင်း ၃၀ ကျော် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့တဲ့အတွေ့အကြုံများ

နှင့်ပေါင်းစပ်ပြီးတင်ပြသွားမှာဖြစ်ပါတယ်။ လက်ရှိ မျက်စိဝေဒနာရှင် မျက်စိမမြင်တဲ့ဦးရေများပြားမှု အတိုင်းအတာဟာ နိုင်ငံအနေနဲ့ အဓိကကျန်းမာရေးပြဿနာဟုတ်လား၊ မဟုတ်လားဆိုတာကို ပထမ ဆန်းစစ်ကြည့်ဖို့လိုပါမယ်။ နိုင်ငံအနေနဲ့ ကူးစက်ရောဂါများဖြစ်တဲ့ HIV, AIDS, နောက်တစ်ခါ မလေးဒီးယား၊ TB အစရှိတဲ့ ကူးစက်ရောဂါများအဖြစ်များသလို Non-Conmunicable Diece ခေါ်တဲ့ ကင်ဆာရောဂါတွေ၊ သွေးတိုးရောဂါတွေ၊ နှလုံးသွေးကြောကျဉ်းရောဂါတွေအစရှိတဲ့ ရောဂါ များလည်း အဓိကကျန်းမာရေးပြဿနာများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မျက်စိရောဂါဝေဒနာဟာ နိုင်ငံအတွက် အဓိကကျန်းမာရေးပြဿနာဟုတ်၊ မဟုတ်အပေါ်မူတည်ပြီးတော့ ဒါတွေကိုစဉ်းစား ဆုံးဖြတ်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ မျက်စိရောဂါဖြစ်ပွားမှုအခြေ အနေကို ၂၀၁၀ ခုနှစ် ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကျန်းမာရေးစာရင်းဇယားများအရ ကြည့်မယ် ဆိုလို့ရှိရင် Population ၁ သိန်းမှာ ၅၂၀ လောက် မျက်မမြင်ဦးရေရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ဆိုလို့ရှိရင် ၀.၅၂ ရာခိုင်နှုန်းလောက်ရှိပါတယ်။ နောက် အဓိကမျက်စိမမြင်တဲ့ အဓိကဝေဒနာရှင် များဟာ အထူးသဖြင့် နိုင်ငံအနေနဲ့ကတော့ ခုနက ဆရာကြီးပြောသွားသလို မျက်ခမ်းစပ်ရောဂါ၊ အတွင်းတိမ်ရောဂါ၊ ရေတိမ်ရောဂါ၊ နောက် မျက်စိအတွင်းပိုင်းအလွှာပျက်စီးတဲ့ရောဂါနှင့် စက်ရုံ၊ အလုပ်ရုံတွေများကြောင့်၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာတဲ့ မျက်စိထိခိုက် ဒဏ်ရာရရောဂါတွေ၊ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံမှာ အဖြစ်များတဲ့ရောဂါတွေဖြစ်ပါတယ်။ ထို့အတူ ပဲ တောင်သာမြို့နယ်အပါအဝင် မြန်မာပြည်အလယ်ပိုင်းနှင့် အပူပိုင်းဒေသများမှာ အဓိကဖြစ်တဲ့ မျက်စိဝေဒနာတွေကို ပြန်ကြည့်မယ်ဆိုရင်လည်း အဓိကအားဖြင့် ရေတိမ်ရောဂါနှင့် အတွင်းတိမ်ရောဂါ များသာ အဖြစ်များကြောင်းတွေ့ရှိရပါတယ်။ လက်ရှိတစ်တိုင်းပြည်လုံးအနေနဲ့ ကျန်းမာရေးဝန်ကြီး ဌာန အထူးကုဆေးရုံကြီး ရန်ကုန်၊ မန္တလေး မျက်စိအထူးကုဆေးရုံကြီးအပါအဝင် တိုင်းဒေသကြီးတွေ၊ ပြည်နယ်များမှာရှိတဲ့ ဆေးရုံများမှာ နှစ်စဉ် ခွဲစိတ်ကုသပေးရတဲ့နှုန်းကိုပြန်ကြည့်မယ်ဆိုရင် လူဦးရေ ၁၀ သိန်းမှာ ၈၆၀ ပတ်ဝန်းကျင်လောက်သာ ပုံမှန်နှစ်စဉ်ခွဲစိတ်ပေးရတာဖြစ်ပါတယ်။ ပျမ်းမျှအားဖြင့် နှစ်စဉ်လူနာဦးရေ၊ ဆေးရုံအားလုံးအနေနဲ့ လူနာဦးရေ ၃၀၀၀၀ ကနေ ၅၀၀၀၀ ပတ်ဝန်းကျင်လောက် နှစ်စဉ်ခွဲစိတ်ကုသပေးနေတာဖြစ်ပါတယ်။ အဓိက မျက်စိအတွင်းတိမ်မျက်စိရောဂါ အဓိကဖြစ်ရတဲ့ အကြောင်းအရင်းက အရင်တုန်းက ၁၉၆၄ ခုနှစ်ကနေစပြီး မျက်ခမ်းစပ်နှင့် မျက်မမြင်တိုက်ဖျက်ရေး စီမံကိန်းစတင်ခဲ့တာ အဲဒီတုန်းကတော့ မြန်မာပြည်တစ်ပြည်လုံးမှာ ၄၃ ရာခိုင်နှုန်းလောက်ရှိပေမယ့် ခုချိန်မှာတော့ မြန်မာပြည်အလယ်ပိုင်း၊ အပူပိုင်းဒေသတွေမှာ တော်တော်လေးကင်းစင်သွားတဲ့

ရောဂါဖြစ်ပါတယ်။ နောက် အတွင်းတိမ်ရောဂါဆိုလို့ရှိရင်လည်း အဓိကဖြစ်ရတဲ့အကြောင်းအရင်းက အသက်အရွယ်အပိုင်းအခြားအရ၊ ခန္ဓာကိုယ်ရဲ့ ဇီဝဖြစ်စဉ်ပြောင်းလဲမှုအရ၊ မျက်စိအတွင်းပိုင်းမှာရှိတဲ့ မှန်ဘီလူးထူထဲမာကြောလာပြီးတော့ အတွင်းတိမ်ဖြစ်ရခြင်းဖြစ်ပါတယ်။ ကျန်တဲ့ ဆက်စပ်ရောဂါများ ဖြစ်တဲ့ သွေးတိုးရောဂါတို့၊ ဆီးချိုရောဂါတို့အစရှိသည်ဖြင့် ဒါတွေလည်း ပေါင်းစပ်ဖြစ်လာတာ၊ နောက် မျက်စိထိခိုက်ဒဏ်ရာရလို့ အတွင်းတိမ်ဖြစ်တာ၊ နောက်တစ်ခါ ဓာတုပစ္စည်းတွေကြောင့် အဆိပ် အတောက်ဖြစ်ပြီးတော့ အတွင်းတိမ်ရောဂါတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးဆိုင်ရာ စာရင်းဇယားများအရရော၊ ရောဂါဖြစ်ပွားရတဲ့အကြောင်းအရင်းအရရော အဓိက မျက်စိရောဂါဟာ ကျန်းမာရေးပြဿနာတစ်ခုတော့ဖြစ်တယ်။ သို့သော်လည်းပဲ မြန်မာတစ်ပြည်လုံးရဲ့ဖြစ်ပွားမှုအခြေ အနေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ အဓိကဦးစားပေးဆောင်ရွက်ရမယ့် ပြဿနာတစ်ခုတော့ မဟုတ်ပါကြောင်း ကျွန်တော့်အနေနဲ့တင်ပြချင်ပါတယ်။ လက်ရှိကျန်းမာရေးဝန်ကြီးဌာနအပါအဝင် အဖွဲ့အစည်းများ၊ NGO များအနေနဲ့လည်း ဒီရောဂါကာကွယ်ကုသရေးပိုင်းဆိုင်ရာမှာ အားလုံး ပူးပေါင်းဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ဆိုရင်လည်း ဆရာကြီး ပြောသွားသလိုပဲ မျက်ခမ်းစပ်နှင့် မျက်စိမမြင်ရောဂါဝေဒနာတိုက်ဖျက်ရေးစီမံကိန်းများကို မြန်မာပြည် အလယ်ပိုင်း စစ်ကိုင်းအထက်၊ မကွေး၊ မန္တလေး၊ ပဲခူးအရှေ့ ဒါတွေမှာ ဦးစားပေးဆောင်ရွက်လျက် ရှိပါတယ်။ ထို့အတူပဲ အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးစီမံကိန်း၊ ကျေးလက်ဒေသရေရရှိရေးစီမံကိန်း အစရှိသည့်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ပူးပေါင်းဆောင်ရွက်နေကြသလို NGO အဖွဲ့ အစည်းများ၊ ဥပမာအားဖြင့် ဇီဝိတဒါနဆေးရုံ၊ သီတဂူဇီဝိတဒါနဆေးရုံ၊ ရွှေပြည်ဟိန်း၊ အလင်းရောင် ဖောင်ဒေးရှင်းစသည်ဖြင့် ဟိုတစ်နေ့ကတင်ပြသွားတဲ့ သီပေါမဲဆန္ဒနယ်က ဦးရဲထွန်းရဲ့ အခမဲ့မျက်စိ ကုသတဲ့လုပ်ငန်းတွေ ဒီလူမှုရေးအဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ မှာ တစ်တပ်တစ်အားနဲ့ ပါဝင်ဆောင်ရွက်နေကြတဲ့အတွက်ကြောင့် ဒီကာကွယ်ကုသရေးအပိုင်းမှာ တော့ အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်လျက်ရှိတာကိုတွေ့ရပါတယ်။ လက်ရှိအခက်အခဲ၊ စိန်ခေါ်မှု။ အခက်အခဲနှင့်စိန်ခေါ်မှုတွေကတော့ အဓိကနံပါတ် (၁) အချက်ကတော့ မျက်စိလူနာရှင်များရဲ့အပိုင်း၊ နံပါတ် (၂) ကျန်းမာရေးဝန်ကြီးဌာနကနေ ဆောင်ရွက်နေရတဲ့အနေအထား၊ နံပါတ် (၃) အချက် ကတော့ ငွေရေးကြေးရေးအပိုင်း၊ နံပါတ် (၄) အချက်ကတော့ ပြည်သူလူထုအတွင်းမှာ ကွင်းဆင်းပြီးတော့ နယ်လှည့်ဆေးကုသရေးဆောင်ရွက်နေတဲ့အပိုင်းဆိုပြီးတော့ စိန်ခေါ်မှု ၄ ခုရှိပါ တယ်။ အဲဒီ ၄ ခုမှာ လူနာရှင်ရဲ့အပိုင်းကတော့ ဆောင်ရွက်ခဲ့တဲ့အတွေ့အကြုံများအရဆိုလို့ရှိရင်

ဒီရောဂါဟာ အသက်အရွယ်ကြီးမြင့်ပြီးတော့ ဖြစ်လာတဲ့ရောဂါတွေဖြစ်တဲ့အတွက်ကြောင့် အသက်ကြီး ပိုင်းလူကြီးများဟာ ခွဲစိတ်ရန်မကြောက်ပါနှင့်။ မေတ္တာစေတနာရှေ့ထားပြီး အခမဲ့ခွဲစိတ်ပေးတာတောင် လက်မခံဘူး။ ဒါကျွန်တော်တို့ မျက်စိဝေဒနာရှင်လူနာတွေအပိုင်းမှာ၊ နောက်တစ်ချက်က စရိတ်စက ငွေကြေး၊ ငွေကြေးပိုင်းမှာဆိုလို့ရှိရင် လူနာရှင်တစ်ယောက်ဆေးရုံ၊ ဆေးခန်းလာရောက်ပြသမယ် ဆိုလို့ရှိရင် မျက်စိအင်္ဂါချို့တဲ့တဲ့အတွက်ကြောင့် ကိုယ့်ရဲ့သားသမီး သို့မဟုတ် ဆွေးမျိုးသားချင်း တစ်ယောက်ယောက်ကို အဖော်ခေါ်ပြီးလာရပါတယ်။ မျက်စိမခွဲခင် စမ်းသပ်ဖို့၊ မျက်စိခွဲတဲ့အချိန်၊ မျက်စိခွဲပြီး Follow Up ပြန်ခေါ်တဲ့အခါမှာ ကြိမ်ဖန်များစွာလာရတဲ့အတွက်ကြောင့် ဒီအဖော်မပါဘဲနဲ့ လာလို့မရပါဘူး။ နောက်တစ်ချက်ကတော့ ဒီလူနာတစ်ယောက်ဟာ လာတဲ့လမ်းစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ်၊ အထွေထွေမမျှော်မှန်းနိုင်တဲ့ စရိတ်စကတွေစသည်ဖြင့် လူနာရှင်များအပိုင်းမှာလည်း ဒါ အခက်အခဲဖြစ်တဲ့အတွက်ကြောင့် ဒါဟာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ကလည်း တစ်တိုင်းတစ်ပြည်လုံးမှာရှိတဲ့ ဆေးရုံ၊ ဆေးခန်း မျက်မမြင် တိုက်ဖျက်ရေးစီမံကိန်းအပါအဝင် မျက်စိအထူးကုဆရာဝန်ကြီးတွေကို လက်ရှိမွေးထုတ်ထားတာ ၃၀၀ ကျော်လောက်ပဲရှိပါတယ်။ ဒါတွေလည်း ဝန်နှင့်အားမမျှအောင် သင်ကြားရေးဆေးရုံတွေမှာရော၊ စီမံကိန်းလုပ်ငန်းတွေမှာရော ဖြန့်ခွဲပြီးတာဝန်ယူဆောင်ရွက်နေရတဲ့အပိုင်းဖြစ်ပါတယ်။ ပွင့်လင်းရာသီ ရောက်မှသာ အလှူရှင်များရဲ့အစီအစဉ်နှင့် နယ်လှည့်ခွဲစိတ်ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ နောက် တစ်ခါ ခွဲစိတ်တဲ့အခါမှာ ငွေရေးကြေးရေးအပိုင်း၊ ငွေကြေးရေးအပိုင်းမှာဆိုလို့ရှိရင် မျက်လုံး တစ်လုံးကိုခွဲစိတ်ဖို့ရာ မခွဲစိတ်မီ၊ ခွဲစိတ်တဲ့အချိန်၊ နောက်ခွဲစိတ်ပြီးတဲ့အချိန်မှာ သုံးစွဲရတဲ့ဆေးဝါး၊ ဒီ ဆေးဝါးကဆိုရင် သုံးစွဲတဲ့ကုမ္ပဏီ၊ သုံးစွဲတဲ့ဆေးအမျိုးအစား ဒီအပေါ်မူတည်ပြီးတော့ လက်ရှိ ဘယ်လောက်ကုန်ကျလဲဆိုရင် ငွေကြေးအရ ၂၀၀၀၀ ကနေ ၁၀၀၀၀၀ အထိကုန်ကျပါတယ်။ သုံးစွဲတဲ့ ဆေးဝါးအမျိုးအစားနှင့် ကုမ္ပဏီ၊ နိုင်ငံအပေါ်မူတည်ပြီး ကုန်ကျတဲ့စရိတ်စကဖြစ်ပါတယ်။ ဒီအပေါ်မှာ ဆရာဝန်၊ သူနာပြုတွေရဲ့အပိုလစာ၊ နောက်တစ်ခါ ရေ၊ မီးကိစ္စ၊ နောက်တစ်ခါ ခွဲစိတ်ကိရိယာတွေရဲ့ မတည်ပစ္စည်းတန်ဖိုး ဒါတွေမပါသေးပါဘူး။ ဆေးဝါးပစ္စည်းနှင့်ပတ်သက်ပြီး အနည်းဆုံးကုန်ကျ စရိတ်က ကျခံသုံးစွဲရတာ ၂၀၀၀၀ က နေ ၁၀၀၀၀၀ လောက်ရှိပါတယ်။ လက်ရှိ နိုင်ငံတော်ပိုင် ဆေးရုံများအနေနဲ့ကလည်း ဆေးပဒေသာပင်ကနေကျခံသုံးစွဲတာ သို့မဟုတ် စရိတ်မျှပေးစနစ်နဲ့ ဆောင်ရွက်နိုင်တဲ့အနေအထားမှာရှိပါတယ်။ ထို့အတူ NGO အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့ အစည်းများအနေနဲ့လည်း အလှူရှင်တွေ၊ စေတနာသဒ္ဒါတရားထက်သန်တဲ့ လူတွေအပေါ်မူတည်ပြီး

တော့ ရတဲ့ငွေကြေးပေါ်မှာချင့်ချိန်သုံးစွဲပြီးတော့ ဆောင်ရွက်နေရတဲ့အပိုင်းရှိပါတယ်။ ခုနကပြောသလို လူနာဘက်ပိုင်းပြန်ကြည့်တော့လည်း ခရီးအကွာအဝေးပေါ်မူတည်ပြီးတော့ အနည်းဆုံး ခုနကတင်ပြခဲ့သလို နေစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ်၊ အထွေထွေမမျှော်လင့်နိုင်တဲ့ စရိတ်စကတွေ၊ ဒီစရိတ်စကတွေအားလုံးဟာ ၂၀၀၀၀ ကနေ ၅၀၀၀၀ ကြားထဲမှာရှိတဲ့အတွက်ကြောင့် ငွေရေးကြေးရေးအပိုင်းက ကျွန်တော်တို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ နောက် အထူးအစီအစဉ်နဲ့ နယ်လှည့်ခွဲစိတ်မှုဆောင်ရွက်တဲ့နေရာမှာလည်း စေတနာရှင်အလှူရှင်တွေရဲ့မတည်မှုပေါ်မူတည်ပြီး ဆောင်ရွက်ကြတာဖြစ်ပါတယ်။ အတွေ့အကြုံအရဆိုရင် မခွဲစိတ်မီကြိုတင်ပြီးတော့ ပြင်ဆင်ရေးအပိုင်းမှာ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီးအစရှိသည်ဖြင့် အာဏာပိုင်အဆင့်အကုန်လုံးနှင့်ကြိုတင်ညှိနှိုင်းရပါတယ်။ ညှိနှိုင်းပြီးတဲ့နောက်မှာ ခွဲစိတ်မယ့်လူနာ၊ မျက်စိပြသလိုတဲ့ လူနာတွေကို ကျေးရွာတွေအထိလိုက်ပြီးတော့ သတင်းပို့ရပါတယ်။ သတင်းပေးရပါတယ်။ သတင်းပေးပြီးတဲ့အခါ သတင်းအချက်အလက်တွေရရှိပြီးတဲ့အခါကျမှ လူနာဦးရေဘယ်လောက်စုဆောင်းရရှိသလဲ။ ဒီအပေါ်မှာမူတည်ပြီးတော့ ပြင်ဆင်ရတာဖြစ်ပါတယ်။ နောက်တစ်ချက်ကလည်း ခွဲစိတ်ဖို့ကို သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ ဆေးရုံတွေကိုကြိုတင်ပြင်ဆင်ရပါတယ်။ ပိုးသတ်ရတာတို့၊ နောက်တစ်ခါ ဒီခွဲစိတ်တဲ့ကိရိယာတွေကို ပေါင်းတင်ဖို့အတွက်ပြင်ဆင်ရတာ၊ ရေကိစ္စ၊ မီးကိစ္စ၊ ကျေးရွာတွေမှာ မီးမရှိတော့ မီးစက်ငှားရတဲ့ကိစ္စ အများကြီးကြိုတင်ပြီးတော့ ဆောင်ရွက်ခဲ့ကြရတာဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ လူနာတွေကိုလည်း ကျေးရွာတွေကနေ ခွဲစိတ်တဲ့နေရာမြို့နယ်အထိ Transport ကိစ္စစီစဉ်ပေးရတယ်။ လိုအပ်လို့ရှိရင် တည်းဖို့စီစဉ်ပေးရတယ်။ စားဖို့သောက်ဖို့စီစဉ်ပေးရတယ်။ ခွဲစိတ်ပြီးပြန်တော့လည်း ပြန်လိုက်ပို့ရတယ်။ ဒါ့အပြင် လာခွဲတဲ့ဆရာဝန်၊ ဆရာမတွေကိုလည်း ဒီအလှူရှင်၊ စေတနာရှင်တွေက ထိုက်သင့်တဲ့လက်ဆောင်ပစ္စည်းတွေဝယ်ပေးရသေးတယ်။ ဒါကြောင့်မို့လို့ တစ်ကြိမ် တစ်ကြိမ်နယ်လှည့်ခွဲစိတ်ဆောင်ရွက်မယ်ဆိုလို့ရှိရင်လည်း သိန်း ၃၀၀ နှင့် ၄၀၀ ကြားကုန်ပါတယ်။ ပြန်ကြည့်လိုက်လို့ရှိရင် ခွဲတာနဲ့ အကျိုးရှိလား၊ မရှိလား ပြန်စဉ်းစားဖို့လိုမယ်။ ဆရာဝန်တစ်ယောက်က လူနာတစ်ယောက်ကို ၁၅ မိနစ်နှုန်းနဲ့တွက်လို့ရှိရင် တစ်နာရီကို ၄ ယောက်ထွက်ပါတယ်။ ၈ နာရီ အဆက်မပြတ်ခွဲမယ်ဆိုရင် လူနာ ၃၂ ယောက်။ အဲဒီတော့ ဆရာဝန်တစ်ယောက်တည်းခွဲလို့မရဘူး။ ၁၀ ယောက်လောက်ဝိုင်းခွဲရင်တော့ တစ်ရက်မှာ လူနာ ၁၅၀ ပဲပြီးပါတယ်။ ဒါကြောင့် ၅ ရက်လောက်ခွဲမယ်ဆိုရင် ဒါ ၁၀၀၀ ပတ်ဝန်းကျင်လောက်ပြီးတယ်။ ဒါကြောင့်မို့လို့ ကုန်တဲ့သိန်း ၃၀၀ နဲ့ပဲ အနည်းဆုံးတွက်လို့ရှိရင် လူနာတစ်ယောက်ဟာ အထွေထွေ

ကုန်ကျစရိတ်ဟာ ခုနတင်ပြခဲ့သလိုပဲ ၂၀၀၀၀ ကနေ ၃၀၀၀၀ ပတ်ဝန်းကျင်လောက်ကုန်ကျပါတယ်။ ဒါ ငွေရေးကြေးရေးအပိုင်းတင်ပြတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ မျက်စိရောဂါနယ်လှည့်ခွဲစိတ်ကုသတာရော၊ နယ်ဘက်အစိုးရဌာနတွေကဆောင်ရွက်တာရောအစရှိသည်ဖြင့် ဒါတွေဆောင်ရွက်တဲ့အခါမှာ ဒီငွေရေးကြေးရေးအပိုင်းဟာ ကန့်သတ်ချက်နှင့်အတားအဆီးတစ်ခု ဖြစ်နေတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဖြေရှင်းဆောင်ရွက်ရမယ့်နည်းလမ်းတွေ Ways Forward တွေကတော့ ခုနက ဆရာကြီးလည်းတင်ပြသွားသလိုပဲ တစ်နိုင်ငံလုံးကို ဦးစားပေးအစီအစဉ်နှင့်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထို့အတူပဲ မျက်စိဝေဒနာဟာ အခုခွဲပြီး အခုပျောက်သွားမယ့် ရောဂါမဟုတ်ပါဘူး။ ဒီရောဂါကြီးဟာ Age Process အရ ဖြစ်နေတဲ့ရောဂါဖြစ်တဲ့အတွက်ကြောင့် ရှိနေမြဲ၊ ဖြစ်နေမြဲရောဂါ ကျွန်တော်တို့လည်း အသက်ကြီးလာရင်ဖြစ်မှာပဲ။ ဒီရောဂါကြီးဟာ စဉ်ဆက်မပြတ်ဖြစ်နေတဲ့ရောဂါ Sentain Action သွားမယ့် လုပ်ငန်းအစီအစဉ်တစ်ရပ်ဖြစ်ပါတယ်။ နောက်တစ်ချက်ကလည်း ကျန်းမာရေးကဏ္ဍရှင်းနှီးမြှုပ်နှံမှုကို ဒီထက် ဒီထက် တိုးမြှင့်ပြီးဆောင်ရွက်မှသာ မျက်စိဆရာဝန်တွေပိုမိုမွေးထုတ်ရဦးမယ်။ ဆရာဝန်၊ ဆရာမတွေ၊ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေ မွေးထုတ်ရဦးမယ်။ ဆေးရုံသုံးပစ္စည်းတွေ ဒီထက်ပိုပြီးတော့ ဖြည့်ဆည်းဝယ်ယူရဦးမယ်။ နောက်တစ်ခါ အချိန်ကာလတစ်ခုကို ဖြတ်ကျော်ရဦးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မျက်စိအလင်းပြန်လည်ရရှိရေးအတွက်အဆိုပြုတင်ပြသွားတဲ့ အဘဦးအောင်သောင်းရဲ့အဆိုဟာ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများအတွက် အကျိုးရှိလုပ်ငန်း၊ အကျိုးပြုတဲ့လုပ်ငန်းတစ်ခုတော့ ဖြစ်တော့ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဥက္ကဋ္ဌကြီးစကားအရ ပြောရမယ်ဆိုလို့ရှိရင် အရာရာကိုစနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ရမယ့် လုပ်ငန်းတစ်ခုဖြစ်ပါတယ်လို့ပြောကြားရင်းနဲ့ ကျွန်တော့်ရဲ့တင်ပြချက်ကို ထောက်ခံတင်ပြအကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်မိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးမြတ်မိုး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၊ တောင်သာမဲဆန္ဒနယ်ရဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသမှာရှိတဲ့ပြည်သူများ မျက်စိဝေဒနာများစွာခံစားရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန်ဆိုတဲ့အစီအစဉ်ကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပြီးတော့ အပြုသဘောဖြည့်စွက်တင်ပြချက်များဖြင့်လည်းထည့်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဘာဖြစ်လို့ ထောက်ခံဆွေးနွေးရလဲဆိုရင်တော့

ကျွန်တော်တို့မြန်မာပြည်အလယ်ပိုင်း (Central Zone) မိုးခေါင်ရေရှားပူပြင်းခြောက်သွေ့တဲ့ Central Zone သတ်မှတ်ထားတဲ့ဒေသမှာနေထိုင်ကြတဲ့ ပြည်သူလူထုတွေဟာဆင်းရဲနွမ်းပါးပြီးတော့မှ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုမှာ များစွာနောက်ကျအားနည်းနေတဲ့ ပြည်သူလူထုတွေဖြစ်ပါတယ်။ ဒီပြည်သူလူထုတွေနှင့်အတူ ဒီမျက်စိဝေဒနာရှင်များအတွက်ကို များစွာအထောက်အကူပြု ကျေးဇူးပြုစေတဲ့ အဆိုတစ်ရပ်ဖြစ်တဲ့အတွက်ကြောင့် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့တင်ပြပါအဆိုဟာ မြန်မာပြည်အလယ်ပိုင်း၊ တိုင်းဒေသကြီး ၄ ခု၊ မြို့နယ် ၈၂ မြို့နယ်နှင့် မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထု ၁၈ သန်းအနက်က United Nation ရဲ့ဖော်ပြချက်အရ OPD Line အောက်မှာရှိတဲ့ ဆင်းရဲနွမ်းပါးသူ ၂၅ ရာခိုင်နှုန်းကို လွှမ်းခြုံကိုယ်စားပြုနေတဲ့ အဆိုတစ်ရပ်ဖြစ်ပါတယ်။ ဒါ့အပြင် ၎င်းဒေသမှာ မျက်စိကွယ်စေတဲ့အကြောင်းအရင်းများအနက်က တစ်ခုအပါအဝင်ဖြစ်တဲ့ မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုဟာ ယခုလက်ရှိအနေအထားအရ ၆ ရာခိုင်နှုန်းလောက်ရှိတယ်လို့ လေ့လာသိရှိရပါတယ်။ အဲ့ဒီ ၆ ရာခိုင်နှုန်းအနက်မှာ မျက်မမြင်ဒုက္ခိတဝေဒနာရှင်က ၄ ရာခိုင်နှုန်းလောက်ရှိတယ်ဆိုတဲ့အတွက်ကြောင့် အဲ့ဒီ ဝေဒနာရှင်တွေအတွက်လည်း များစွာအကျိုးကျေးဇူးရှိစေမှာဖြစ်ကြောင်းတင်ပြလိုပါတယ်။ အဆိုကိုလေ့လာတဲ့အခါမှာ အဲ့ဒီဒေသ အပူပိုင်းဇုန် မျက်စိရောဂါဖြစ်ပွားတဲ့အခြေအနေကို ဆေးကုသမှုအလှမ်းဝေးခြင်း၊ ဆင်းရဲနွမ်းပါးမှု၊ စီးပွားရေးမဖွံ့ဖြိုးမှု၊ ကျန်းမာရေးဗဟုသုတနည်းပါးမှုစတဲ့အချက်တွေနဲ့ အဆိုရှင်မှ ဆက်စပ်ဖော်ပြသွားတာကိုလေ့လာတွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ အဲ့ဒီလိုဆက်စပ်တာကို ချိတ်ဆက်တာကိုထောက်ခံတဲ့အပြင် ဖော်ပြပါ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနောက်ကျအားနည်းနေခြင်း၊ ရာသီဥတုအခြေအနေတွေ ပြောင်းလဲလာမှုနှင့်အတူ ကျွန်တော်တို့ မိုးခေါင်ရေရှား၊ ယခုလက်ရှိအနေအထားမှာ ပူပြင်းခြောက်သွေ့တဲ့အနေအထား၊ ထူးခြားတဲ့ပတ်ဝန်းကျင်နဲ့ အဲ့ဒီပတ်ဝန်းကျင်ကြောင့်ပဲ သန့်ရှင်းရေးညံ့ဖျင်းပြီးတော့မှ တစ်ကိုယ်ရေကျန်းမာရေးကအစ ချွတ်ခြုံကျနေတဲ့အနေအထားတွေ၊ ပတ်ဝန်းကျင်ရဲ့ ပူပြင်းခြောက်သွေ့မှု၊ သောက်ရေသုံးရေမလုံလောက်မှုဟာ မျက်စိဝေဒနာရှင်များစွာဖြစ်ပေါ်ရခြင်းရဲ့ အဓိကအခြေခံအကြောင်းတရားများဖြစ်တယ်ဆိုတာကို အလေးအနက်ထားပြီးတင်ပြလိုပါတယ်။ တကယ်တော့ ခုနဆရာကြီးများဆွေးနွေးသွားတဲ့အတိုင်းပဲ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကာကွယ်ကုသထိန်းချုပ်ဆောင်ရွက်လာခဲ့တာ ၁၉၆၄ ခုနှစ်ကတည်းကဖြစ်ပါတယ်။ အဲ့ဒီတုန်းက ၄၃ ရာခိုင်နှုန်းလောက်အထိရှိခဲ့တဲ့ရောဂါဖြစ်ပါတယ်။ ယခုလက်ရှိအချိန်မှာလည်း ကျွန်တော်တို့က စီမံချက်တွေချပြီးဆောင်ရွက်နေတဲ့အခါမှာ WHO ကနေချမှတ်ထားတဲ့ 2020 Vision ရှိပါတယ်။ Target Year ကို

မြန်မာနိုင်ငံအနေနဲ့ ၂၀၁၀ မှာသတ်မှတ်ထားပြီးတော့မှ မျက်စိကွယ်တဲ့ရာခိုင်နှုန်းကို ၅ ရာခိုင်နှုန်း အောက်လျော့ဖို့၊ မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှု ၂.၅ ရာခိုင်နှုန်းကိုလျော့ဖို့ဆိုပြီးတော့ အောင်မြင် ပြီးမြောက်ဖို့အတွက် မဟာဗျူဟာ ၃ ရပ်နှင့် Activities ၇ ခုကိုချမှတ်ပြီးဆောင်ရွက်တဲ့အခါမှာ တိုးတက်အောင်မြင်မှုတွေကတော့ လက်တွေ့အနေအထားမှာရှိနေတာပဲဖြစ်ပါတယ်။ သို့သော်လည်း အဆိုရှင်မှ မျက်စိဝေဒနာရှင်များအတွက် အထူးကုသမှုအစီအမံတစ်ရပ်ကို ဦးစားပေးအလေးအနက် ထားဆွေးနွေးသွားတဲ့အတွက်ကြောင့် မျက်စိဝေဒနာနှင့် ဒုက္ခိတဖြစ်ပွားမှုအခြေအနေတွေဟာ ဆက်လက်တည်ရှိနေတယ်ဆိုတာကို ရိပ်စားမိပါတယ်။ ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးကဏ္ဍ မှာတော့ Health Promotive, Health Preventive, Creative, Rehealthprative ဆိုပြီးတော့ ကဏ္ဍကြီး ၄ ရပ်ရှိတဲ့အခါမှာ ခုနတုန်းကတော့ ဆရာကြီးဒေါက်တာနေလင်းကနေပြီးတော့ Creative ဆိုတဲ့ကုသမှုအပိုင်းကို ဖောင်းပေးပြီးတော့မှတင်ပြဆွေးနွေးသွားတာဖြစ်ပါတယ်။ ယခုအဆိုရှင်ရဲ့ ဆွေးနွေးချက်အရဆိုလို့ရှိရင်တော့ Eye Care Service Centre လို့ခေါ်တဲ့ Centre တွေကို ထပ်ပြီးတော့ အခြေအနေပိုပြီးတော့ တိုးချဲ့ဖို့လိုမလား။ နောက်တစ်ခါလက်ရှိဆောင်ရွက်နေတဲ့ OPD Eye Service Centre တွေကို တိုးမြှင့်ဖို့လုပ်မလားဆိုတာကို ပြန်လေ့လာရပါတယ်။ နောက်တစ်ချက်က ဒီလိုတင်ပြလိုက်တဲ့အတွက်ကြောင့် Eye Assessment ဆိုတာ Community ထဲ ဆင်းပြီးတော့ ပြန်လုပ်ဖို့သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။ ကျွန်တော်တို့ ကျေးရွာနှင့် ကျောင်းတွေမှာ မျက်စိစမ်းသပ်စစ်ဆေးမှုတွေကို လက်တွေ့ဆန်တဲ့နည်းလမ်းတွေနဲ့ဆောင်ရွက် ပြီးတော့မှ ကျန်းမာရေးလုပ်သားတွေကို Eye Care Training ပေးတာတွေ ပြန်ပြီးတော့မှ စနစ်တကျရှိ/မရှိ ဒါလေးတွေပြန်လည်ဆန်းစစ်ရမှာပါ။ နောက်တစ်ခုက အရမ်းအရေးကြီးတဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးပေါ့။ ဒါတွေကို အဓိကထားပြီးတော့မှ ကျန်းမာရေးပညာပေးမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားဖို့လည်းလိုအပ်ပါတယ်။ ၎င်းဖော်ပြပါလုပ်ငန်းတွေဟာ ဆောင်ရွက်ဆဲ လုပ်ငန်းတွေဖြစ်ပေမယ်လို့ ယခုထက်ပိုမိုတိုးမြှင့်လုပ်ဆောင်ဖို့တင်ပြလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ဆက်လက်တင်ပြလိုတာကတော့ ဒီမျက်စိဝေဒနာရှင်တွေကို ကာကွယ်ကုသ တိုက်ဖျက်တဲ့နေရာမှာ ကုသမှုကဏ္ဍတစ်ခုတည်းနဲ့တော့ မလုံလောက်ဘူးဆိုတာ ခုနကလည်း ဆွေးနွေးပြီးဖြစ်ပါတယ်။ အထူးကုသမှုစီမံဆောင်ရွက်မှုကဏ္ဍကလည်း ရှိရမှာဖြစ်ပါတယ်။ သို့သော် လည်း ခုနကတင်ပြခဲ့တဲ့ Health Promotion အပိုင်းကို Health Promotion ကတော့ ကျန်းမာရေးနဲ့သက်ဆိုင်တဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် တစ်ဦးချင်းကျန်းမာ

အောင် နေထိုင်တဲ့အလေ့အထတွေကို ပြုစုပျိုးထောင်ခြင်း Promotive အပိုင်းနှင့် Preventive အပိုင်း အဲ့ဒီနှစ်ပိုင်းကိုပဲ ကျွန်တော်တို့က အလေးအနက်ထားဆောင်ရွက်ရန်လိုအပ်ပါကြောင်းတင်ပြလိုပါတယ်။ ကမ္ဘာပေါ်မှာ ဆင်းရဲတဲ့နိုင်ငံ ၅၀ လောက်မှာ ယခုလက်ရှိမျက်မမြင်ဒုက္ခိတ ၁.၈ သန်း ရှိနေပါတယ်။ အဲ့ဒီမှာ WHO, UNICEF, INGO တွေရဲ့ ကူညီပံ့ပိုးမှုနှင့် ကုသမှုကဏ္ဍအပြင်ကို Promotive နှင့် Preventive အဲ့ဒီနှစ်ပိုင်းကိုပဲ ဦးစားပေးကာကွယ်တိုက်ဖျက်တာ အောင်မြင်မှုရနေတယ်ဆိုတာကို အများကြီးတွေ့ရပါတယ်။ အဲ့တော့ ကျွန်တော်တို့ကတင်ပြချင်တာကတော့ Health Promotive ခုနတုန်းက ကဏ္ဍတစ်ရပ် State Level ဆိုင်တာလေးတစ်ခုရှိပါတယ်ခင်ဗျား။ အဲ့ဒါတော့ အဆက်မပြတ်ကို အဲ့ဒီ ဒေသရဲ့ Central Zone ပူပြင်းခြောက်သွေ့ပြီးတော့ မိုးခေါင်ရေရှားတဲ့ မြန်မာပြည်အလယ်ပိုင်းစိမ်းလန်းစိုပြေရေးလုပ်ငန်းများ (Greening Test) များကို ကျွန်တော်တို့က အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်ရပါမယ်။ နောက်တစ်ခုကတော့ အထူးအရေးကြီးဆုံးဖြစ်တဲ့ ကျန်းမာရေးနှင့်ညီညွတ်တဲ့ သောက်ရေသုံးရေလုံလောက်စွာရရှိနိုင်ရေးအတွက်ကိုလည်း ကျွန်တော်တို့ အထူးအလေးထားဖို့လိုပါတယ်။ နောက်တစ်ခုက ချမှတ်ဆောင်ရွက်ဆဲဖြစ်တဲ့ ဆင်းရဲမှုလျှော့နည်းကျဆင်းရေးဆောင်ရွက်ချက်တွေကို ကျန်းမာရေးအမြင်နဲ့ အလေးပေးဆောင်ရွက်ရန်စသည်ဖြင့် ရေရှည်မှာစီမံချက်ချဆောင်ရွက်နိုင်မယ်ဆိုရင်တော့ မျက်စိဝေဒနာဟာ ချုပ်ကွယ်ပျောက်ဆုံးသွားမယ်လို့ယူဆပါတယ်။ နိဂုံးချုပ်အားဖြင့်တော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်သောင်းရဲ့အဆိုဟာ မျက်မမြင်ဒုက္ခိတဖြစ်ပွားမှုနှုန်းလျှော့ကျဖို့အတွက်လည်းကောင်း၊ ကျေးရွာများအားလုံးအထိ ပဏာမမျက်စိရောဂါကာကွယ်ကုသစောင့်ရှောက်မှုတွေကို ပြည်သူများလက်လှမ်းမီရောက်ရှိစေရေးအတွက်လည်းကောင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းတွေမှာ Public Wariness ကို ပိုမိုမြှင့်တင်ပေးရာရောက်ပြီးတော့မှ လူတန်းစားအလွှာအားလုံးကနေပြီးတော့လည်း ဒီ အဆိုလေးကြောင့် တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်လာမယ်ဆိုလို့ရှိရင်တော့ အကျိုးရလဒ်ကောင်းများကို များစွာဖြစ်ထွန်းစေမယ့်အဆိုတစ်ခုဖြစ်ကြောင်း ကျွန်တော် ထောက်ခံဖြည့်စွက်ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အများကြီးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြား၍တက်ရောက်လာကြသော ဧည့်သည်တော်ကြီးများ ကျန်းမာ၊ ချမ်းသာကြပြီး ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ကြပါစေလို့ မေတ္တာပို့သ

ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့က မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း တင်သွင်းသွားတဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိ ပြည်သူအများစုဟာ မျက်စိနာဝေဒနာများစွာခံစားနေရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန်အဆိုသည် ၇၀ ရာခိုင်နှုန်း သောကျေးလက်နေပြည်သူများ၏ ဘဝကိုစာနာနားလည်စွာ ခံစားမှုအပြည့်အဝနဲ့တင်သွင်းသွားခဲ့ခြင်း ဖြစ်၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော့် မဲဆန္ဒရှင်ပြည်သူများနေထိုင်တဲ့ မြင်းခြံဒေသဟာ မြန်မာပြည်အလယ်ပိုင်း မိုးနည်းရေရှားဒေသဖြစ်လို့ ရွှေကိုမလို ရေကိုသာလိုတယ်လို့ တစ်ချိန်က ပြောစမှတ်ပြုခဲ့ကြပါတယ်။ နေပူ၊ ဖုန်ထူဒေသဖြစ်သောကြောင့် နေရောင်ခြည်ရဲ့ဒဏ်၊ မျက်စိထဲမှာ ဖုန်တွေဝင်တဲ့ဒဏ်တွေကြောင့် မျက်စိဝေဒနာရှင်တွေ အထူးများပြားသလို Aging Process လို့ခေါ်တဲ့ အသက်အရွယ် ၄၀ ကျော်လာရင် အတွင်းတိမ်ကြောင့် အမြင်အားလျော့နည်းလာပြီး တဖြည်းဖြည်းနဲ့ လုံးဝမမြင်ရတဲ့ အခြေအနေတွေရောက်ရှိသွားတတ်တယ်လို့ လေ့လာစုံစမ်းသိရှိရပါတယ်။ ရေတိမ်ရောဂါနှင့် နေထိုင်မှုမသန့်ရှင်းလို့ မျက်စိ မျက်ခမ်းစပ်ဝေဒနာရှင်တွေလည်းရှိနေပါသေးတယ်။ ခုန ဆရာကြီး ဦးကျော်မြင့် ဆွေးနွေးသွားသလို လုံးဝတော့ မရှိတော့ဘူးဆိုတာတော့မဖြစ်နိုင်သေးပါဘူး။ အဲတော့ ကျွန်တော်တို့ ဒီမျက်ခမ်းစပ်တွေအပြင် ကျွန်တော်တို့ ဒီနေ့တိုးတက်လာတဲ့အခြေအနေမှာ အလုပ်ရုံတွေ၊ မော်တော်ကားတွေများပြားလာတဲ့အတွက်ကြောင့် မတော်တဆမော်တော်ကား (Accident) တွေကြောင့်လည်း ဒီမျက်စိခိုက်မိတဲ့ ဝေဒနာရှင်တွေလည်း တဖြည်းဖြည်းများပြားလာတာကိုတွေ့ရပါတယ်။ အဲတော့ ကျွန်တော်တို့ ကျန်းမာရေးမှာ ဆိုရိုးတစ်ခုရှိပါတယ်။ ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုမိုကောင်းမွန်ပါတယ်။ အဆိုရှင်ထောက်ပြသွားသလို ကျွန်တော်တို့ဒေသဟာ လယ်ယာစိုက်ပျိုးရေး အတွက် မိုးခိုအားထားနေရဆဲမို့ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုနှင့်အတူ ဒီနှစ်မှာ ကပ်ဆိုးသဖွယ် အောက်မြန်မာပြည်မှာ ရေတွေကြီးပြီးတော့ စိုက်ပျိုးရေးတွေပျက်နေသော်လည်းပဲ ကျွန်တော်တို့ရဲ့ ဒေသ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသများမှာ မိုးဦးရာသီ မိုးလုံးဝမရွာပဲနဲ့ နှမ်း၊ မြေပဲ၊ ပဲစင်းငုံ မယ်မယ်ရရ စိုက်ပျိုးနိုင်ခဲ့မှုမရှိလို့ ထမင်းစားဖို့တောင်မှ မနည်းလုံးပမ်းနေရချိန်မှာ မကျွေးမဖြစ် ကျွေးဇူးရှင် ခိုင်းနွားတွေရဲ့အစာကိုလည်း အဝေးတလံကနေပြီးတော့ မနည်းရှာကြံကျွေးမွေး နေရချိန်မှာ ကာကွယ်ကုသဖို့ဆိုတာဝေလာဝေး အိမ်မက်သဖွယ်ဖြစ်နေမှာမလွဲဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဒေသရဲ့ တောင်သူဦးကြီးတွေကတော့ ပြောစမတ်ပြုတာလေး ကျွန်တော် နားထောင်မှတ်သားခဲ့ရပါတယ်။ ဒီလို ဝါကြီးထပ်တဲ့နှစ်တွေမှာ မိုးခေါင်ရေးကြီးတာတွေ ဖြစ်တတ်တယ်။ သို့သော် မလျှော့သောဇွဲနဲ့ ဆက်ပြီးတော့ဘဝရပ်တည်ကြရမှာပဲ။ အဲဒီတော့ မိုးလယ် ကာလရောက်လာတဲ့အချိန်မှာတော့ အနည်းအကျဉ်းမိုးရွာလာပြီဖြစ်လို့ မီရာသီးနှံနဲ့ ထမင်းစားဖို့ စိုက်ပျိုးပြီးတော့ လုံးပန်းရမှာဖြစ်ပါတယ်။ ဒါကြောင့် ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ကာကွယ်ကုသဖို့တို့ လက်ရှိမျက်စိဝေဒနာကို ကိုယ့်ပိုက်ဆံနဲ့ကိုယ်ကုသဖို့ဆိုတာမဖြစ်နိုင်ကြောင်း ကျွန်တော် အလေးထား တင်ပြလိုပါတယ်။ အဲတော့ ကျွန်တော်တို့ ဒေသအနေနဲ့ကတော့ ကမ္ဘာဦးကာလက ပုဂ္ဂိုလ်များအနေနဲ့ နေနှင့်လကို မျှော်မှန်းတမ်းတနေသလို ကျွန်တော်တို့ဒေသကပုဂ္ဂိုလ်များ မျှော်လင့်နေတာကတော့ ကယ်တင်ရှင်များဖြစ်တဲ့ နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ပါမောက္ခကြီးများနှင့် အငြိမ်းစားစေတနာရှင် ပါမောက္ခဆရာကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာဆရာမကြီးများနဲ့ ငွေကြေးပြည့်စုံပြီး ပေး၍ မကုန် လှူ၍ မခမ်း များများလှူရင် များများပြန်ရမယ်လို့ အသိခံယူချက်ရှိသူ သူဌေးသူကြွယ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ ပူးပေါင်းပြီး မြင်းခြံဒေသအရောက် ယခင် ၃၀-၁၁-၂၀၀၇ များကလို အခမဲ့ခွဲစိတ်ကုသပေးမယ့် အဖွဲ့ကိုပဲ မျှော်လင့်လျက်ရှိကြောင်း လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်နှင့် သူဌေးသူကြွယ်ကြီးများ၊ အဖွဲ့အစည်းများသို့တင်ပြလိုပါတယ်။

ကျွန်တော်တို့ မြင်းခြံခရိုင်မှာလူဦးရေ ၁၇၁၅၆၀၆ ဦးနှင့် မြို့နယ်လူဦးရေ ၃၂၀၀၅၉ ဦး ရှိပါတယ်။ ခရိုင်အဆင့်ဆေးရုံမှာ မျက်စိခွဲစိတ်အထူးကုဆရာဝန် ၁ ဦးနှင့် မျက်ခမ်းစပ်ကာကွယ်ရေးနဲ့ မျက်မမြင်ကာကွယ်ရေး (Campaign) အထူးကုဆရာဝန် ၁ ဦးရှိပါတယ်။ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်ဆေးရုံများမှာတော့ မျက်စိအထူးကုဆရာဝန်နှင့် ခွဲစိတ်ခန်းမရှိပါဘူး။ ဒါကြောင့် ဒီ နွားထိုးကြီးတို့၊ ငါန်းဇွန်တို့၊ တောင်သာတို့ကနေပြီးတော့ မျက်စိတစ်စုံတစ်စုံတရာဖြစ်ရင် မိုင် ၂၀ ဝေး တဲ့ မြင်းခြံခရိုင်ဆေးရုံကိုလာကြရပါတယ်။ ဒါကြောင့် သွားရေးလာရေးစရိတ်တွေ မကုန်သင့်ဘဲနဲ့ ကုန်ကျမှုတွေရှိတယ်။ ထို့အပြင်လူနာတစ်ဦးအနေနဲ့ စောစောက ဒေါက်တာနေလင်း တင်ပြသွားသလို မျက်စိတစ်လုံးခွဲရမယ် စိတ်ရမယ်ဆိုရင် ဆေးရုံကအခမဲ့လုပ်ဆောင်ပေးသော်လည်းပဲ ဒီ မှန်ဘီလူး ဝယ်တာတို့၊ မျက်စဉ်းခပ်တာတို့ဟာ တကယ်ဆို လူနာတစ်ဦးဟာ ၅၀၀၀၀ သောင်းကနေ ၁၀၀၀၀၀ ကြားရှိမှ ဒီမျက်စိအလင်းဟာ ပြန်မြင်နိုင်ပါတယ်။ ဒါကြောင့် လူတိုင်းမတတ်နိုင်ပါဘူး။ ဒါကြောင့် ဒီခရိုင်ဆေးရုံမှာလည်းပဲ လူဦးရေ ၃၀၀၀၀၀ ကျော်မှာ ဆရာဝန် ၂ ယောက်ပဲရှိတဲ့အတွက် ဝန်နဲ့အား

လေးနဲ့မြား၊ မမ္ဘမတဖြစ်လျက်ရှိကြောင်းကိုလည်း တက်ရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးကို တင်ပြလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ပြန်လည်သုံးသပ်ပြီးတော့ မျက်စိအထူးကုဆရာဝန်များ ယခုထက်ပိုမိုမွေးထုတ်ကာ ခုတင် ၅၀ ဆံ့မြို့နယ်ဆေးရုံတိုင်းမှာ မျက်စိအထူးကုဆရာဝန် ၁ ဦးနှင့် မျက်စိခွဲစိတ်ခန်း ၁ ခုထားနိုင်ရေး ရေရှည်စီမံချက်ချဆောင်ရွက်သွားသင့်ကြောင်းလည်း တစ်ပါတည်း အကြံပြုတင်ပြလိုပါတယ်။

ကျွန်တော်တို့ မြင်းခြံဒေသဖွား မြန်မာပြည်ရဲ့ ပထမဆုံး တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသရဲ့ကျောင်းတိုက် မင်းကျောင်းသာသနာ့နယ်မြေမှာ ဆရာတော်ဘုရားကြီးများရဲ့ဩဝါဒခံယူပြီး အလှူရှင်များစုပေါင်းဆောက်လုပ်လှူဒါန်းတဲ့ ကုသိုလ်ဖြစ်အခမဲ့ ဆန္ဒတော်ပြည့်အာယုပါလဆေးခန်းမှာ ကျွမ်းကျင်သူများရဲ့ အကူအညီ၊ အကြံပြုချက်နဲ့ မျက်စိခွဲစိတ်ခန်းတစ်ခုတည်ဆောက်ခဲ့ပြီး အခမဲ့ခွဲစိတ်ကုသပေးမယ့် အစီအစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း အလျဉ်းသင့်လို့တင်ပြလိုပါတယ်။ ရေရှည်ရပ်တည်နိုင်ဖို့ နိုင်ငံတော်အစိုးရနှင့် အလှူရှင်များရဲ့ပံ့ပိုးကူညီပေးမှုလည်း လိုအပ်ကြောင်းတင်ပြအပ်ပါတယ်။ လယ်သူလယ်သားများရဲ့ ကျန်းမာရေးကိစ္စအဝဝကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုလိမ့်မယ်လို့မျှော်မှန်းပြီး စုပေါင်းအားနဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ယနေ့ခေတ်သည် Knowledge Age ပညာခေတ်ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးမှသာလျှင် တိုင်းပြည်ကြွယ်ဝချမ်းသာလာမှာဖြစ်ပါတယ်။ မျက်စိအလင်းအားနည်းရင် ပညာကို သင်အံကျက်မှတ် လေ့လာနိုင်စွမ်းရှိဖို့ဟာ အခက်အခဲရှိမှာဖြစ်ပါတယ်။ မျက်စိကျန်းမာရေးကောင်းဖို့ အထူးအရေးကြီးလှပါတယ်။ ဒါကြောင့် အစိုးရနဲ့ လွှတ်တော်ကလည်း ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်များကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ခွင့်ပြုပေးဖို့လည်း မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။ မင်းနဲ့ ပြည်သူပူးပေါင်းလုပ်ဆောင်မှ အမြန်ဆုံးလိုရာခရီးကိုရောက်မှာဖြစ်ပါတယ်။ ဒါကြောင့် တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းရဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိ ပြည်သူများ မျက်စိဝေဒနာများစွာခံစားနေရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန်အဆို လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်းနှင့် နိုင်ငံတော်အစိုးရမှာလည်း အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် လေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၂ း ၂၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၃ း ၃၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးပေါခင်၊ နွားထိုးကြီးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးပေါခင်(နွားထိုးကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ကောင်းကျိုးလိုရာဆန္ဒများပြည့်ဝကြပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်ဖြစ်ပါတယ်။ ၉-၈-၂၀၁၂ ရက်နေ့က ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့မှာ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းတင်ပြသွားတဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်း ဒေသမှာရှိတဲ့ ပြည်သူများ မျက်စိဝေဒနာများစွာခံစားနေရပါတယ်။ အဲဒါကို အထူးအစီအစဉ်ဖြင့် ကုသ ပေးရန်အဆိုကို ထောက်ခံတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ စောစောကဆွေးနွေးသွားတဲ့ ပညာရှင် ကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ နောက် တခြားကိုယ်စားလှယ် ၂ နှစ်ယောက်တင်ပြသွားတဲ့ဟာတွေက တော်တော်လေး ပြည့်ပြည့်စုံစုံရှိပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်လောင်းဖြည့်စွက်ဖို့ရာတောင်မှ တော်တော်အချက်အလက်ရှာယူရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကြိုးစားပြီးတော့ ရှာဖွေတင်ပြ ပါမယ်ခင်ဗျား။ အဆိုရှင်တင်ပြသွားသလို ကျွန်တော်တို့ မြန်မာပြည်အလယ်ပိုင်းဟာ အပူပိုင်းဒေသ ဖြစ်ပါတယ်။ မိုးနည်းရပ်ဝန်းဒေသလို့လည်း ပထဝီဝင်အရခေါ်ဆိုကြတာလည်းရှိပါတယ်။ အလွန် ယဉ်ပါတယ်။ အခေါ်အဝေါ်အသုံးအနှုန်းလေးက ဒါပေမယ့် ကျွန်တော်တို့ဒေသရဲ့ ပကတိ ကြမ်းတမ်းလှတဲ့ ရာသီဥတုအခြေအနေကိုတော့ ဖော်ပြနိုင်ခြင်းမရှိပါဘူး။ မှန်ပါတယ်။ ကျွန်တော်တို့

ဒေသဟာ အပူပိုင်းဒေသ၊ မိုးနည်းရပ်ဝန်းဒေသ၊ မိုးနည်းရေရှားဒေသ ဒီထက်ပိုပြီးခြုံကြည့်ရရင် မိုးခေါင်ရေရှားဒေသ ဒါကြောင့် နှစ်စဉ်ပျမ်းမျှမိုးရေချိန်ဟာ ၄ဝ လက်မအောက်မှာရှိပါတယ်။ တကယ်တမ်းပြောရမယ်ဆိုရင် ကျွန်တော်တို့ ဒီမှာတင် လက်မ ၂၅ နှင့် ၃ဝ ကြားလောက်မှာပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အရပ်ဒေသဟာ နေပူပူဖုန်ထူပါတယ်။ ဒါကြောင့်လည်း တခြားဒေသတွေနဲ့စာရင် ကျွန်တော်တို့အရပ်ဒေသဟာ မျက်စိရောဂါဖြစ်ပွားမှုနှုန်းပိုပြီးတော့ များပြား တယ်လို့ပြောကြပါတယ်။ ဒီထဲမှာ ကျွန်တော်တို့ အဖြစ်အများဆုံးကတော့ မျက်ခမ်းစပ်ရောဂါနဲ့ မျက်စိတိမ်စွဲတဲ့ရောဂါဖြစ်ပါတယ်။ မျက်ခမ်းစပ်ရောဂါကတော့ ကျွန်တော်တို့ ကျောင်းသားဘဝ ငယ်စဉ်တုန်းကကြားဖူးပါတယ်။ မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးဆိုတဲ့အစီအစဉ်နဲ့ ဖိဖိစီးစီး ဆောင်ရွက်တာ ကျွန်တော်တို့ကြားခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့ဒီအချိန်အခါမှာဆိုလို့ရှိရင် မြန်မာပြည် အလယ်ပိုင်းဒေသမှာ မျက်ခမ်းစပ်ရောဂါဟာ မရှိသလောက်ကိုနည်းပါးသွားပါတယ်။ လုံးလုံးတော့ မပပျောက်သေးပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်စိတိမ်စွဲရောဂါဟာ ကမ္ဘာတစ် လွှားဖြစ်ပွားလျက်ရှိပါတယ်။ ကျွန်တော်တို့ ၂ဝဝ၉ ခုနှစ် စာရင်းဇယားအရ ကမ္ဘာ့လူဦးရေ ၃၈ သန်း ဟာ မျက်စိတိမ်ရောဂါကြောင့် မျက်စိကွယ်နေပါတယ်။ လူဦးရေ သန်း ၁၁ဝ ဟာဆိုလို့ရှိရင်လည်း အဲဒီ တိမ်ရောဂါကြောင့် မျက်စိအမြင်အာရုံချို့ယွင်းတဲ့ရောဂါဖြစ်နေပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လည်း စောစောကတင်ပြခဲ့သလို မျက်ခမ်းစပ်ရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်ပေမယ့် မျက်စိတိမ်စွဲတဲ့ ရောဂါဝေဒနာဟာ ရှေ့တန်းရောက်လာပါတယ်။ အတွင်းတိမ်၊ ရေတိမ်အစရှိတဲ့ မျက်စိတိမ်အမျိုးမျိုး ဟာ ကျွန်တော်တို့ရဲ့ နေထိုင်စားသောက်မှုကြောင့်လည်းကောင်း အသက်အရွယ်ကြီးရင့်လာမှုကြောင့် လည်းကောင်းဖြစ်တယ်လို့သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အသက်အရွယ်ကြောင့်ဖြစ်လာတာ ဆိုလို့ရှိရင် အမေရိကန်နိုင်ငံမှာဆိုရင် မျက်စိတိမ်စွဲရောဂါအဖြစ်နှုန်းဟာ အသက် ၅၂ နှစ်နဲ့ ၆၄ နှစ် ကြားမှာဆိုရင် ၄၂ ရာခိုင်နှုန်းရှိတာကိုသိရပါတယ်။ နောက်အသက် ၆၅ နှစ်နဲ့ ၇၄ နှစ်ကြားမှာဆိုလို့ ရှိရင် ၆ဝ ရာခိုင်နှုန်းရှိတယ်လို့သိရပါတယ်။ နောက်အသက် ၇၅ နှစ်နဲ့ ၈၅ နှစ်ကြားမှာဆိုလို့ရှိရင် ၉၁ ရာခိုင်နှုန်းထိရှိတယ်လို့သိရပါတယ်။ ဒါ အသက်အရွယ်ကြီးရင့်မှုကြောင့် ဘယ်လိုမှတားဆီး ကာကွယ်လို့မရတဲ့ မျက်စိတိမ်ရောဂါဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ မြန်မာပြည်မှာလည်း မျက်စိရောဂါဖြစ်တာထက် အကြောင်းအရင်းတွေကတော့ (၁) ရာသီဥတု (၂) နေထိုင်စားသောက်မှု၊ (၃) အသက်အရွယ်ကြီးရင့်မှုကြောင့်ဖြစ်ပါတယ်။ ဒီထဲမှာ ရာသီဥတုနှင့် အသက်အရွယ်ကြီးရင့်တာကို

တော့ ကာကွယ်ဖို့ခဲယဉ်းပါတယ်။ မဖြစ်နိုင်လောက်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ နေထိုင်မှု၊ စားသောက်မှု ဒါတွေနဲ့ပတ်သက်လို့တော့ ရှောင်လွှဲလို့ရမယ့်၊ ကာကွယ်လို့ရမယ့်နည်းလမ်းတွေတော့ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရာသီဥတုနှင့်ပတ်သက်လို့ ကျွန်တော်တို့အစိုးရက ကိုးခရိုင် စိမ်းလန်းစိုပြေရေးဆိုပြီးတော့ စီမံချက်နဲ့လုပ်ဆောင်ပါတယ်။ အတန်အသင့်အောင်မြင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဒေသရဲ့ရာသီဥတုကိုတော့ ပြောင်းလဲသွားနိုင်စရာမရှိပါဘူးခင်ဗျား။ နောက် ကျွန်တော်တို့ဒေသဟာ အဲဒီလို စိမ်းလန်းစိုပြေမှုလုပ်ပေမယ့် နေဟာပူမြဲပါ။ ဖုန်ဟာထူဆဲပါ။ ဒါကြောင့်လည်း မျက်စိဝေဒနာတွေဟာ ဖြစ်မြဲဖြစ်ထရှိပါတယ်။ လက်ရှိအားဖြင့် အစိုးရကဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ရေရရှိရေးစီမံကိန်းဟာဆိုလို့ရှိရင် တိုးချဲ့ပြီးတော့ဆောင်ရွက်ဖို့သင့်ပါတယ်။ ဘာကြောင့် ဆိုလို့ရှိရင် ကျွန်တော်တို့အရပ်ဟာ ရာသီဥတုပြင်းထန်တယ်။ မိုးနည်းတယ်။ ရေရှားတယ်။ ဒါကြောင့် မျက်စိရောဂါတွေဖြစ်တယ်။ တစ်ကိုယ်ရည်သန့်ရှင်းမှုနည်းပါးတယ်။ ဒါကြောင့် ကျေးလက်ရေရရှိရေး စီမံကိန်းကိုသာ တိုးချဲ့ဆောင်ရွက်နိုင်မယ်ဆိုရင် ကျွန်တော်တို့ဟာ ရေကြောင့်ဖြစ်ပေါ်လာတဲ့ တစ်ကိုယ်ရည်သန့်ရှင်းမှုနည်းလို့ဖြစ်တဲ့အကြောင်းအရင်းတွေကို ကျွန်တော်တို့က အထိုက်အလျောက် ကာကွယ်နိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ နေပူထဲထွက်တဲ့အခါမှာ ခေါင်းဆောင်းဖို့ နေကာမျက်မှန်တပ်ဖို့အစရှိတဲ့ အချက်အလက်တွေကိုလည်း ဒါကျွန်တော်တို့ ပြည်သူလူထုကို အသိပေးဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့က မျက်စိရောဂါကာကွယ်မှုကိုတော့ အထိုက်အလျောက်ပြုလုပ်နိုင်မှာဖြစ်ပါတယ်ခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ ကာကွယ်ရေးအပိုင်းပါ။ ကုသမှုအပိုင်းကို ကျွန်တော်တို့ စဉ်းစားကြမယ်ဆိုရင် ရေတိုရေရှည်စဉ်းစားကြမှာဖြစ်ပါတယ်။ ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်ကဆိုရင် သက်ဆိုင်ရာတွေပေါ့။ ကျန်းမာရေးဌာနကနေ ဦးစီးပြီးတော့ သက်ဆိုင်ရာ သမားတော်ကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ ဆေးဝန်ထမ်းအစုအဖွဲ့တွေနဲ့ နယ်လှည့်ဆင်းပြီးတော့ကုသကြတာကို ကျွန်တော်တို့မှတ်မိပါသေးတယ်။ နောက်တစ်ဖန် ကျွန်တော်တို့ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာလည်း နယ်လှည့်ကွင်းဆင်းပြီးတော့ကုသမှုကိုလည်း ပြုလုပ်ခဲ့တာမှတ်မိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ဒေသမှာဆိုလို့ရှိရင် ဝန်ကြီးတချို့က စေတနာရှင်တွေနဲ့၊ ကုသိုလ်ရှင်တွေနဲ့ပေါင်းပြီးတော့ မျက်စိခွဲစိတ်ကုသမှုကိုလည်း လုံးဝဥဿုံတာဝန်ယူဆောင်ရွက်သွားတာကိုလည်း ကျွန်တော်တို့ မှတ်မိပါသေးတယ်။ နောက်တစ်ဖန် ယခုအစိုးရလက်ထက်မှာလည်း ၂၀၁၁ ခုနှစ်ကဆိုရင် ကျွန်တော်တို့ အစိုးရဝန်ကြီးဌာနများ၊ သက်ဆိုင်သူများ၊ ပြည်တွင်း NGO တွေ၊ INGO နှင့် ပြည်တွင်းတို့ပူးပေါင်းပြီး မြို့ရွာ၊ နယ်ပါကွင်းဆင်းပြီး မျက်စိခွဲစိတ်မှုပေါင်း ၃၁ ကြိမ်ပြုလုပ်ခဲ့တယ်လို့လည်း

ကျွန်တော်သိရပါတယ်။ အဲဒီတော့ ပြန်ကြည့်မယ်ဆိုလို့ရှိရင် တိမ်ဖြစ်လာပြီ၊ တိမ်ဖြစ်လာပြီ ဆိုလို့ရှိရင် ကျွန်တော်တို့သိတာ မျက်စဉ်းခပ်ယုံနဲ့မရပါဘူး။ ဆေးမီးတိုနဲ့လည်း ကုလို့မရပါဘူး။ တိမ်ဖြစ်ပြီ ဆိုလို့ရှိရင် ခွဲကိုခွဲရပါမယ်။ အချိန်မီမခွဲနိုင်ရင် မျက်စိကွယ်တတ်ပါတယ်။ ဒီအသိကိုတော့ ပြည်သူကို လည်း ပေးဖို့လိုပါတယ်။ နောက်တစ်ခါ တိမ်ဟာ ဘယ်အဆင့်မှာပဲဖြစ်ဖြစ်ခွဲလို့ရပါတယ်။ ဒါပေမယ့် ရင့်မှခွဲတာပိုကောင်းပါတယ်။ ဆရာဝန်အများစုကလည်း ရင့်မှခွဲလေ့ရှိပါတယ်။ ခွဲပြန်လည်း ကျွမ်းကျင်မှုလိုပါတယ်။ မကျွမ်းကျင်လို့ရှိရင် မျက်စိထဲပိုးဝင်တတ်ပါတယ်။ အဲဒီမှာတစ်ခါ ဘာသိရလဲ ဆိုရင် အစဉ်မသင့်လို့ရှိရင်၊ ကံမကောင်းအကြောင်းမလှလို့ရှိရင် မျက်စိတစ်လုံးလုံးထုတ်ပစ်ရတတ်ပါ တယ်။ အဲဒါဟာဆိုလို့ရှိရင် လူအယောက် ၁၀၀၀ မှာ တစ်ယောက်နှုန်းဖြစ်တတ်တယ်လို့သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ မျက်စိတိမ်စွဲပြီးဆိုရင် ခွဲကိုခွဲရမယ်ဆိုတဲ့အသိ မှတ်သားရပါမယ်။ အများ အားဖြင့် ဒီမှာဖြစ်နေတာတွေက ပြည်သူတွေက ဘယ်အချိန်မှာခွဲရမယ်မသိဘူး။ ဗဟုသုတနည်းပါး တယ်။ နောက်တစ်ခါ သိပြန်ရင်လည်း အခက်အခဲတစ်ခုက ငွေရေးကြေးရေး၊ ငွေးရေးကြေးရေး အခက်အခဲက တော်တော်ကိုကြီးမားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ တကယ်တိမ်လာမယ်ဆိုရင် ဘယ်လိုနည်းလမ်းတွေနဲ့ ကြိုတင်ပြီးတော့ကာကွယ်နိုင်မလဲ ဒါကို ကျွန်တော်တို့စဉ်းစားကြရပါမယ်။ နောက် ရေရှည်မှာ ဘယ်လိုဆောင်ရွက်ကြမလဲ။ ဒါကိုလည်း ကျွန်တော်တို့စဉ်းစားကြရပါမယ်။ ကျွန်တော့်အနေနဲ့ နောက်ဆုံးတင်ပြအကြံပြုလိုတာကကတော့ (၁) မြန်မာပြည်အလယ်ပိုင်းဒေသ စိမ်းလန်းရေးစီမံချက်ကိုတိုးချဲ့ရန် (၂) ကျေးလက်ရေရရှိရေးစီမံကိန်းတိုးချဲ့ရန် (၃) မျက်စိကာကွယ် စောင့်ရှောက်ရေးပညာပေးအစီအစဉ်ကို လူထုလူတန်းစားအလွှာအသီးသီးတွင်ပျံ့နှံ့ရန် (၄) ကျေးရွာ နှင့် ကျောင်းမျက်စိကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းကို အချိန်မှန်မှန်ကွင်းဆင်းဆောင်ရွက်ရန် ဒါလည်း အရေးကြီးပါတယ်ခင်ဗျား။ (၅) ကျောင်းတွေမှာတတ်နိုင်သမျှအချိန်ယူပြီးတော့ သူတို့ရဲ့မျက်စိ ရောဂါကိုကြိုတင်စစ်ဆေးပေးနိုင်မယ်ဆိုရင် ကြီးမားတဲ့ရောဂါတွေဖြစ်လာနိုင်မှုကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ နောက် ကျွန်တော်တို့လိုအပ်ပါက ကျေးလက်ဆေးပေးခန်းအထိ ကွင်းဆင်းကုသ ပေးရန် (၆) နယ်လှည့်မျက်စိတိမ်ရောဂါခွဲစိတ်မှုလုပ်ငန်းများဆောင်ရွက်ရန် စောစောက ကျွန်တော် ပြောသလိုပေါ့။ အရင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်ကလည်း နယ်လှည့်ဆေးကုသမှုတွေလုပ်ခဲ့ တယ်။ ပြီးခဲ့တဲ့အစိုးရမှာလည်း လုပ်ခဲ့တယ်။ ယခုအစိုးရမှာလည်း လုပ်ခဲ့တယ်။ ရှေ့ဆက်လက်ပြီးလည်း ဒီ စီမံချက်တွေဆက်လက်ဆောင်ရွက်သွားဖို့လည်း အရေးကြီးပါတယ်။ (၇) အောက်ခြေစေတနာရှင် ကျန်းမာရေးလုပ်သားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသား NGO များကို Primary Eye Case

Train ပေးရန်လိုပါတယ်။ (၈) ဆရာဝန်များကို အရေးပေါ်မျက်စိကုသရေးနှင့် စောင့်ရှောက်ရေး သင်တန်းများပေးရန် ဒါကတော့ ဆရာဝန်တိုင်း၊ ဆရာဝန်တိုင်းဟာ ဘာသာစုံတော်တာမဟုတ်ပါဘူး။ ဘာသာစုံတတ်သိတာမဟုတ်ပါဘူး။ သူ့ Feel နဲ့သူ တော်ကြတာပါ။ ဒါပေမယ့် အခြေခံမှုအားဖြင့်တော့ မျက်စိကုသမှုအရေးပေါ်လေးကိုတော့ သင်ကြားပေးသင့်တယ်လို့ထင်ပါတယ်ခင်ဗျား။ (၉) တန်ဖိုးနည်းပြီး အစွမ်းထက်တဲ့မျက်စဥ်းများထုတ်လုပ်ရန် အရင် Tetracycline ဆိုတဲ့ ဆေးကြားဖူးပါတယ်။ မျက်ခမ်းစပ်ရောဂါအတွက် အင်မတန်အသုံးတဲ့တယ်လို့သိခဲ့ရပါတယ်။ ဒီနေ့ ဒီဆေးဟာဖြင့် ကျွန်တော်တို့မြန်မာပြည်မှာ တော်တော်ရှားနေတယ်လို့သိရပါတယ်။ အဲဒီလို တန်ဖိုးနည်းပြီးအစွမ်းထက်တဲ့ မျက်စဥ်းများကိုလည်း ထုတ်လုပ်ရေးဘက်ကိုစဥ်းစားသင့်ပါတယ်။ (၁၀) မြန်မာပြည်အလယ်ပိုင်း အပူပိုင်းမိုးနည်းရပ်ဝန်းဒေသရှိ ခရိုင်မြို့ကြီးတိုင်း၌ မျက်စိအထူးကုဆေးရုံကြီးများ ဖွင့်လှစ်နိုင်ရေးလည်း စဥ်းစားသင့်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဘတ်ဂျက်အခြေအနေအရပေါ့။ ငွေရေးကြေးရေးအရ ဒီပေါ်မှာကြည့်ပြီးတော့ ခရိုင်မြို့ကြီးတိုင်းမှာ မျက်စိအထူးကုဆေးရုံကြီးများ ဖွင့်လှစ်ရေးစဥ်းစားသင့်ပါတယ်။ (၁၁) ငွေကြေးအခက်အခဲရှိတဲ့ မျက်စိဝေဒနာရှင်များဟာ အလင်းတံခါးဖွင့်ပေးမယ့် အလှူရှင်များကို မီဒီယာများတစ်ဆင့်တိုက်တွန်းနှိုးဆော်ရန်စသည်တို့ဖြစ်ပါတယ်။ ဒီ ၁၁ ချက်ကို အကြံပြုတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာပြည်အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှာ ဒီနှစ်အခါတိုင်းထက်ပိုပြီး မိုးခေါင်ပါတယ်။ မိုးဦးသီးနှံတွေမရကြပါဘူး။ နောက်ပိုင်း မိုးနှောင်းကာလသီးနှံတွေလည်း မရေရာပါဘူး။ သေချာတာကတော့ မျက်စိဝေဒနာရှင်အများစုဟာ ဆေးကုသခံယူဖို့ ငွေကြေးအလွန်ခက်ခဲမှာဖြစ်ပါတယ်။ ဒီဝေဒနာရှင်တွေရဲ့အခက်အခဲကို ဘယ်သူဖေးကူပါ့မလဲဆိုတာမျှော်တွေးရင်း တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရဲ့အဆိုကို အကြံပြုဆွေးနွေးထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်စိုး (နတ်မောက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးအောင်ကျော်စိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းတင်သွင်းခဲ့တဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိ ပြည်သူများ မျက်စိဝေဒနာများစွာခံစားနေရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန် အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အာရောဂျံ ပရမံ လာဘံ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး၊ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမယ်ဆိုတဲ့ ဆိုရိုးစကားတွေရှိခဲ့သလိုပါပဲ လူရဲ့ခန္ဓာကိုယ်မှာ အာရုံငါးပါးဆိုတာရှိပါတယ်။ အဲဒီထဲက မျက်စိဟာ အာရုံငါးပါးမှာ အလွန်အရေးပါ အရာရောက်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ မျက်စိဟာလည်းပဲ အာရုံငါးပါးမှာ မျက်စိကျန်းမာရေးဟာအလွန်အရေးကြီးတဲ့ ကဏ္ဍတစ်ခုဖြစ်နေပါတယ်။ ကျွန်တော်တို့ နတ်မောက်မြို့နယ်ဟာ အပူပိုင်းဒေသမှာပါဝင်ပြီးတော့ ရေရှားပါးတဲ့ကျေးရွာများ များစွာရှိပြီးတော့ မျက်ခမ်းစပ်အပါအဝင် ရေတိမ်ရောဂါ၊ အတွင်းတိမ်ရောဂါ၊ အပြင်တိမ်ရောဂါစသည့် မျက်စိရောဂါဝေဒနာရှင်များစွာရှိနေပါတယ်။ မြို့မှာ ကျွန်တော်တို့နဲ့ပူးပေါင်းပြီးတော့ အလှူရှင်ကနေပြီးတော့ နတ်မောက်မြို့နယ် မျက်စိဝေဒနာရှင်များအတွက် မျက်စိခွဲစိတ်ခြင်း၊ မျက်တွင်းမှန်ထည့်ခြင်းတို့ကို မင်းဘူးမြို့ မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးဌာန မျက်စိအထူးကုသမားတော် ဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဝင်းနှင့် မကွေးမြို့က မျက်စိအထူးကုသမားတော်ကြီးတို့က ကျွန်တော်တို့မြို့နယ်အရောက် အခမဲ့လာရောက်ခွဲစိတ်ကုသတဲ့အစီအစဉ်ဆောင်ရွက်ခဲ့ပါတယ်။ မျက်စိဝေဒနာရှင်များအနက်အချို့ကို ကျွန်တော်တို့ နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံမှာလည်းကောင်း၊ အချို့ကို မင်းဘူးမြို့ မျက်စိကုတဲ့ဆေးရုံမှာလည်းကောင်း အခမဲ့ခွဲစိတ်ကုသခဲ့ပါတယ်။ အဲဒီပွဲမှာ တစ်မြို့နယ်လုံးမှာရှိတဲ့ ဝေဒနာရှင်များကိုဖိတ်ခေါ်ခဲ့ရာမှာ မျက်စိဝေဒနာရှင်ပေါင်း ၃၀၀၀ ကျော် လာရောက်ပြသခဲ့ကြပါတယ်။ လူနာများဟာ များပြားလွန်းတဲ့အတွက်ကြောင့် သတ်မှတ်ထားတဲ့စာအုပ်များနဲ့လည်းမလောက် မျက်စဉ်းဗူးများနဲ့လည်းမလောက်ပဲ မျက်စိစမ်းသပ်စစ်ဆေးတာတောင်မှပဲ ကြွရောက်လာတဲ့ပရိတ်သတ်တွေကို မဏ္ဍပ်အတွင်းမှာသာထိုင်နေကြရန်နှိုးဆော်ခဲ့ပြီးတော့ နေရာအရောက် လိုက်လံစစ်ဆေးတဲ့စနစ်ကို ကျင့်သုံးခဲ့ပြီး လုပ်ငန်းပြီးမြောက်အောင်ဆောင်ရွက်ခဲ့ရပါတယ်။ မနက် ၈ နာရီက စတင်ခဲ့တဲ့စမ်းသပ်မှုဟာ ည ၁၂ နာရီရောက်မှ အကြမ်းဖျင်းပြီးပြတ်ခဲ့တာဖြစ်ပါတယ်။ ယခု နတ်မောက်မြို့မှာ ဒီပင်္ကရာစာသင်တိုက်မှာလည်းပဲ သီတဂူဒီပင်္ကရာ စက္ခုဒါနမျက်စိဆေးရုံကိုဖွင့်လှစ်ပြီးတော့ အခမဲ့ကုသပေးနေခဲ့ရာမှာ ရပ်နီးရပ်ဝေးမြို့နယ်များမှ မျက်စိဝေဒနာရှင်များစွာ လာရောက်ကုသနေခဲ့ကြတာကိုတွေ့ရှိခဲ့ရပါတယ်။

ဆိုလိုတဲ့သဘောကတော့ မြန်မာပြည်အလယ်ပိုင်းကမြို့နယ်များမှာ မျက်စိဝေဒနာရှင်များစွာရှိနေကြတယ်ဆိုတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ကို ယုံကြည်စွာနဲ့အားကိုးစွာနဲ့ လာရောက်ကုသနေခဲ့ကြတဲ့ မျက်စိဝေဒနာရှင်များဟာ အလွန်များနေတဲ့အတွက် ယခုကဲ့သို့ အထူးအစီအစဉ်လိုအပ်နေတယ်ဆိုတာ သက်သေပြစရာဖြစ်ပါတယ်။ ဝေဒနာရှင်များစွာထဲက အဆိုးဆုံးဝေဒနာရှင်များ ချက်ချင်းဆောင်ရွက်ရမယ့်ဝေဒနာရှင်များကိုသာ ရွေးချယ်ဆောင်ရွက်ရတာဖြစ်လို့ မိမိအရွေးမခံရလို့ဘဝင်မကျသူတွေများစွာရှိနေပါတယ်။ ဒါဟာ အဆိုရှင်ဆွေးနွေးသွားတဲ့ အပူပိုင်းဒေသရဲ့အခက်အခဲပြဿနာတစ်ခုပဲဖြစ်ပါတယ်။ ဒါ့အပြင် အခုလို မျက်စိဝေဒနာပြသလိုတဲ့ဦးရေများပြားနေခြင်းဟာလည်း အလကားရလို့ လာရောက်တိုးဝှေ့နေခြင်းမဟုတ်ဘဲ မိမိဆေးမကုသနိုင်လို့ မျက်စိရောဂါကုသဖို့ရာ အခက်အခဲရှိနေလို့သာဖြစ်ကြပါတယ်။ ဒါ့ကြောင့် အခုလိုအထူးအစီအစဉ်ကို အပူပိုင်းဒေသမှာရှိတဲ့မြို့နယ်တိုင်းမှာဆောင်ရွက်ပေးပါလို့ ကျွန်တော့်အနေနဲ့ အထူးအကြံပြုအပ်ပါတယ်။ ဒါကြောင့် အဆိုရှင် တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း တင်သွင်းတဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိပြည်သူများ မျက်စိဝေဒနာများစွာခံစားရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန် အဆိုဟာ လူနတ်ပြဟ္မာအားလုံး သာဓုခေါ်တဲ့လုပ်ငန်းဖြစ်ပါသဖြင့် အလေးအနက်ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်မွှေးလွင်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာပါရှင်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းရဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိ ပြည်သူများမျက်စိဝေဒနာများစွာဖြစ်ပွားနေမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန် အဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ မျက်စိဝေဒနာများနဲ့ ပတ်သက်လို့ လေ့လာသိရှိသလောက်တင်ပြပါရစေရှင်။ ပူပြင်းတဲ့ရာသီဥတုကြောင့်သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာကြောင့်လည်းကောင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းလို့ ရောဂါပိုးဝင်ရောက်မှုကြောင့်လည်းကောင်း၊ ဆီးချို သွေးတိုးစတဲ့ခန္ဓာကိုယ်အတွင်း ရောဂါတစ်မျိုးမျိုးကြောင့်လည်းကောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကြောင့်လည်းကောင်း အတွင်းတိမ်၊ အပြင်တိမ်၊ ရေတိမ်၊ မျက်ခမ်းစပ်၊ မျက်သားတက်စတဲ့ မျက်စိရောဂါဝေဒနာအမျိုးမျိုးကိုဖြစ်ပွားနိုင်ပါတယ်။ ကလေး

သူငယ်များဆိုလို့ရှိရင် ဗီတာမင်အေဓာတ်ချို့တဲ့တဲ့အတွက် ကြက်မျက်သင့်ရောဂါဖြစ်ပွားနိုင်တာကိုလည်း လေ့လာတွေ့ရှိခဲ့ဖူးပါတယ်ရှင်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ ၁၉၆၄ ခုနှစ်က မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးနှင့် မျက်စိကွယ်ခြင်း စီမံကိန်းတစ်ရပ်စတင်ခဲ့တာသိရှိခဲ့ရဖူးပါတယ်။ အဲ့ဒီအချိန်မှာ အဓိကမျက်စိကွယ်တဲ့ အဓိကအကြောင်းအရင်းမှာ မျက်ခမ်းစပ်ရောဂါကြောင့်ဖြစ်ခဲ့တာကိုလည်း သိရပါတယ်။ မျက်ခမ်းစပ်ရောဂါကြောင့် လူ ၁၀၀ မှာ ၄၃ ယောက်ထိ မျက်စိကွယ်တဲ့နှုန်းရှိခဲ့တာလည်းသိရပါတယ်ရှင်။ အဓိကတော့ ပူပြင်းတဲ့မြန်မာပြည်အလယ်ပိုင်းမှာ အဖြစ်များခဲ့တာကိုသိရှိခဲ့ရပါတယ်။ ၂၀၀၀ ခုနှစ်မှာ အစိုးရနှင့် WHO, UNICEF, NGO, INGO အဖွဲ့တွေ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့်မို့လို့ မျက်ခမ်းစပ်ဖြစ်လို့ မျက်စိကွယ်နှုန်းဟာ လူ ၁၀၀ မှာ ၂ ယောက်အထိ ကျဆင်းသွားတာကိုတွေ့ရှိခဲ့တာကိုသိရှိခဲ့ပါတယ်။ အဲ့ဒီနောက်မှာ မျက်စိကွယ်ရတဲ့အဓိကအကြောင်းအရင်းမှာ တိမ်စွဲရောဂါကြောင့်ဖြစ်လာရပါတယ်။ ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလမှာ မျက်စိအလင်းရပိုင်ခွင့်ကို အမျိုးသားစီမံကိန်းတစ်ရပ်အနေနဲ့ ချမှတ်ခဲ့တာကိုသိရှိရပါတယ်။ မျက်စိကွယ်နှုန်းကို လူ ၁၀၀၀ မှာ ၅ ယောက်အထိကျဆင်းအောင်လည်း ရည်မှန်းခဲ့တယ်လို့သိရပါတယ်။ နည်းလမ်းအနေနဲ့ တိမ်စွဲရောဂါကို ခွဲစိတ်ကုသပေးခြင်း၊ မျက်စိစမ်းသပ်စစ်ဆေးခြင်းကိုလည်း အခြေခံကျန်းမာရေးဌာနများအထိသွားရောက်ပြီးတော့ စမ်းသပ်စစ်ဆေးမှုတွေပြုလုပ်ပြီးတော့ လူထုရဲ့ပူးပေါင်းပါဝင်မှုတွေအတွက်ကိုလည်း လှုံ့ဆော်တိုက်တွန်းခဲ့တာသိရှိရပါတယ်။ ၂၀၁၁ ခုနှစ်မှာ တိမ်စွဲရောဂါကို မြို့ပြနှင့် ကျေးလက်ဒေသများအထိ ဝန်ကြီးဌာနနှင့် NGO, INGO အဖွဲ့များပူးပေါင်းပြီးတော့ လူနာပေါင်း ၂၀၀၀၀ ကျော်ကို ခွဲစိတ်ကုသပေးခဲ့တာကိုလည်းသိရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မင်းကင်းမြို့နယ်အခြေအနေကိုလည်း အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်မတို့မြို့ဟာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ချင်းတွင်းမှာရှိပါတယ်။ ကျေးရွာပေါင်း ၁၈၈ ရွာရှိပြီးတော့ ဧရိယာကျယ်ဝန်းသလောက် သွားရေးလာရေးအင်မတန်ခက်ခဲကြမ်းတမ်းတဲ့အပြင် မြို့ချင်းဆက်လမ်းအနေနဲ့ဆိုလို့ရှိရင်လည်း တစ်နှစ်မှာ ၈ လ၊ ၉ လလောက်ပဲအသုံးပြုနိုင်တဲ့ ရေလမ်းတစ်ခုပဲရှိပါတယ်ရှင်။ အဲဒီလိုမျိုး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အပေါ်မှာ ကျွန်မတို့ဒေသဟာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစစအရာရာနိမ့်ပါးတဲ့အတွက်ကို ဆင်းရဲမွဲတေမှုတွေဟာ များလွန်းသည့်အပေါ်မှာ မိမိရဲ့ကျန်းမာရေးကို ဘယ်မှာဂရုပြုနိုင်ပါ့မလဲရှင်။ မြို့နယ်ပြည်သူ့ဆေးရုံမှာ ဆိုလို့ရှိရင်လည်း မျက်စိဆရာဝန်သီးသန့်မရှိပါဘူး။ တကယ်လို့ မျက်စိထိခိုက်မှုတစ်စုံတစ်ရာဖြစ်ပြီဆိုလို့ရှိရင် ကျွန်မတို့မြို့ဟာ မုံရွာမြို့ကို အနီးဆုံးသွားရောက်ပြီးတော့ကုသရပါတယ်။ အဲဒီလို

သွားရောက်တဲ့အခါမှာဆိုလို့ရှိရင်လည်း ငွေရေးကြေးရေးအခက်အခဲတွေ၊ လမ်းပန်းဆက်သွယ်ရေးရဲ့ ကြမ်းတမ်းမှုတွေနဲ့ ခရီးဝေးလွန်းတာတွေကြောင့်မို့လို့ မလိုအပ်ဘဲနှင့်မျက်စိကွယ်ရတဲ့ ပြည်သူများ ဖြစ်ပေါ်နေမှုဟာ အင်မတန်မှဝမ်းနည်းကြေကွဲစရာကောင်းလှတာကို သိရှိနေရပါတယ်ရှင်။ အခု လောလောဆယ်အနေအထားမှာ အဝေးရောက်ဒေသခံမျက်စိအထူးကုဆရာဝန်ကြီးတစ်ဦးက ကျွန်မ တို့မြို့ကိုလာရောက်ပြီးတော့ အခမဲ့ခွဲစိတ်ကုသပေးမယ်လို့ သတင်းကြားရတဲ့အတွက်ကို အင်မတန်မှ လှိုက်လှိုက်လှဲလှဲဝမ်းသာဂုဏ်ယူမိပါတယ်ရှင်။ အမှန်တကယ်လိုအပ်ချက် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးရာရောက်တဲ့အတွက်လည်း သာဓုအကြိမ်ကြိမ်ခေါ်မိပါတယ်။ ဒါပေမယ့် ရေရှည် အတွက်ကိုတော့ အဆိုရှင်ရဲ့မြန်မာပြည်အလယ်ပိုင်းအတွက်သာမက ကျွန်မတို့လိုဆင်းရဲမွဲတေပြီးတော့ ခက်ခဲတဲ့ဒေသတွေအတွက်အပါအဝင် မြန်မာပြည်အထက်ပိုင်းနဲ့ အခြားဒေသအားလုံးအတွက် ကိုလည်း ထည့်သွင်းစဉ်းစားပေးစေလိုတဲ့အကြောင်းကိုလည်း တင်ပြလိုပါတယ်ရှင်။ နောက်တစ်ခုက ပြည်သူ့ဆေးရုံမှာဆိုလို့ရှိရင်လည်း မျက်စိအထူးကုဆရာဝန်မဟုတ်ခဲ့ရင်သော်လည်းကောင်း၊ အထူးကု ဆရာဝန်ဖြစ်ခဲ့ရင်သော်လည်းကောင်း မျက်စိနှင့်ပတ်သက်လို့ကုသပေးနိုင်တဲ့ ဆရာဝန်တစ်ဦးဦးတော့ ရှိစေချင်တဲ့အကြောင်းကိုလည်း ကျွန်မတင်ပြဆွေးနွေးလိုပါတယ်ရှင်။ အဲဒီလို တင်ပြဆွေးနွေးရင်းနဲ့ပဲ တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းရဲ့အဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကိုကြီး (အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြ၍ ကျန်းမာ၊ ချမ်းသာပြီး၊ မျက်စိဝေဒနာများနဲ့ကင်းရှင်းကြပါစေလို့ တောင်းဆုပြုရင်း လေးစားစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ဦးကိုကြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသမှာရှိတဲ့ အောင်မြေသာစံမဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦးဖြစ်ပါတယ်။ တောင်သာမဲဆန္ဒနယ်မြေမှ ဦးအောင်သောင်းက ၉-၈-၂၀၁၂ နေ့မှာတင်သွင်းခဲ့တဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိပြည်သူများ မျက်စိဝေဒနာများစွာ ခံစားနေရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန်အဆိုနှင့်ပတ်သက်၍ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိပြည်သူများဟာ အခြားဒေသများထက်ထူးကဲပြီး မျက်စိ ဝေဒနာများခံစားနေရတာကိုတွေ့ရှိရပါတယ်။ ဒီ ရောဂါဝေဒနာနှင့်ပတ်သက်ပြီး မျက်စိပါရဂူများထံ

ချဉ်းကပ်၍စုံစမ်းမေးမြန်းကြည့်မိပါတယ်။ သိရတာကတော့ ကမ္ဘာမှာ ဒီရောဂါအဖြစ်များတဲ့ဒေသတွေဟာ မိုးခေါင်ရေရှားဒေသများမှာအဖြစ်များပြီး ကျန်းမာရေးအသိနည်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုနည်းခြင်း၊ ဆင်းရဲနွမ်းပါးမှုကြောင့် အချိန်မီကုသမှုမခံယူနိုင်သောအခြေအနေများဟာ အဓိကအချက်အနေနဲ့ပါဝင်နေတာကိုသိရပါတယ်။ ကမ္ဘာမှာလည်းပဲ မိုးခေါင်ရေရှားတဲ့ဆင်းရဲတဲ့ဖွံ့ဖြိုးဆဲနိုင်ငံများမှာအဖြစ်အများဆုံးလို့သိရပါတယ်။

မိုးခေါင်ရေရှားဒေသတွေဟာ အပူပိုင်းဒေသတွေဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာပြည်အလယ်ပိုင်းဒေသတွေမှာ အဖြစ်များခြင်းဖြစ်ပါသည်။ မိုးကခေါင်၊ နေကပူ၊ လေကတိုက်၊ အဲလိုလေကတိုက်တော့ ဖုန်လုံးကြီးတွေဟာ တလိမ့်လိမ့်တက်လာပါတယ်။ မွေးဌာနီသီချင်းကိုသွားပြီးသတိရမိပါတယ်။ လှည်းလမ်းကြောင်းတစ်လျှောက် ဖုန်လုံးကြီးတွေတလိမ့်လိမ့်တက်ကာ မြင်ယောင်မိတော့သည်ဆိုတဲ့ တေးစာသားလေးဟာ အပူပိုင်းဒေသမှာရှိတဲ့ အညာဒေသရဲ့သရုပ်သကန်ကိုဖော်ပြနေတာဖြစ်ပါတယ်။ ဒီဖုန်လုံးကြီးတွေကပဲ မျက်စိဝေဒနာကိုဖြစ်စေပါတယ်။ နေကပူ၊ ချွေးကထွက်၊ ဖုန်တွေကထပြီး လေကတိုက်တော့ မျက်လုံးထဲကို ဒီဖုန်တွေဝင်ပါတယ်။ ဒီဖုန်တွေကပ်နေတဲ့လက်နဲ့ မကြာခဏပွတ်မိပါတယ်။ ဒီဖုန်ထဲမှာပါတဲ့ Trachoma Virus ပိုးတွေက မျက်လုံးထဲဝင်ပြီး မျက်လုံးကိုစတင်ပြီး မျက်စိဝေဒနာဖြစ်တော့တာပါပဲ။ မျက်လုံးဟာ ယားယံခြင်း၊ ရောင်ရမ်းခြင်း၊ မျက်ရေပူများထွက်ခြင်းကနေစတင်ပြီး ဒီဒေသမှာ အဖြစ်များဆုံးမျက်ခမ်းစပ်ရောဂါကိုရစေတာဖြစ်ပါတယ်။

ဒါကို ဆင်းရဲနွမ်းပါးတဲ့ တောသူတောင်သားတွေ၊ လယ်ကူလီလုပ်သားတွေဟာ မြို့တက်ပြီးတော့မျက်စိသမားတော်ဆီသွားပြီးကုသဖို့လည်း ငွေကအလုံအလောက်မရှိ၊ ကျန်းမာရေးအသိပညာဗဟုသုတကလည်းနည်းတော့ ထိထိရောက်ရောက်ကုသမှုကိုမပြုလုပ်နိုင်ကြပဲ ဆေးမြီးတိုဖြစ်တဲ့အိမ်သုံးဆားလေးကိုကွင်း၊ ရရာအသီးလေးတွေ သွေး၍လိမ်း၊ အရွက်လေးတွေကပ်နှင့် သက်သာသလိုရှိသော်လည်း လုံးဝပျောက်ကင်းခြင်းမရှိဘဲ မျက်ခွံမှာအနာရွတ်တွေဖြစ်၊ မျက်တောင်များကအတွင်းသို့ကုတ်ဝင်သွားပြီး မျက်တောင်ခတ်တိုင်း၊ မျက်ကြည်လွှာကိုပွတ်တိုက်တော့ မျက်ကြည်လွှာကိုစတင်ပျက်စီးမှုကိုဖြစ်စေတာလို့သိရပါတယ်။ ဒီရောဂါဟာ ဖုန်ထဲမှာပါတဲ့ Trachoma Virus များကြောင့်ဖြစ်တဲ့အတွက် ဒီ Virus ဟာ တစ်ဦးကိုတစ်ဦး တစ်ကိုယ်ရေမသန့်ရှင်းမှုကြောင့် အကူးမြန်တာကိုလည်းတွေ့ရှိရပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းဖို့ဆိုရင် သန့်ရှင်းတဲ့ရေ၊ ရောဂါပိုးများကင်းတဲ့ရေလိုပါတယ်။ ဒီ သန့်ရှင်းသောရေနဲ့မျက်လုံးတစ်ဝိုက်နှင့် လက်ကိုမကြာခဏဆေးပေးခြင်းအားဖြင့်

လည်း ဒီရောဂါကိုကြိုတင်ကာကွယ်နိုင်ပါတယ်။ သို့သော်လည်းပဲ မိုးခေါင်ရေရှားတဲ့အရပ်တွေဖြစ်တဲ့အတွက် သန့်ရှင်းတဲ့ရေဟာ အထူးရှားပါတယ်။ ဒီဒေသတွေမှာ ရေချိုရေသန့်ကိုရဖို့ဆိုရင် မြေအောက်ရေကိုပေ ၆၀၀ ကနေ ၁၀၀၀ ထိ တူးနိုင်မှရနိုင်တယ်လို့သိရပါတယ်။ ကုန်ကျစရိတ်အထူးများတဲ့အတွက် ဒေသတွင်းတောင်သူများတတ်နိုင်တဲ့အင်အားမရှိကြပါဘူး။

ဒီဒေသတွေမှာတော့ ရေဘယ်လောက်ရှားသလဲဆိုလျှင် ရွှေကိုမလို ငွေကိုမလို ရေကိုသာလိုတယ်လို့တင်စားပြီး ပြောတတ်ကြပါတယ်။ ဒီ Trachoma Virus ကြောင့် မျက်ခမ်းစပ်ရောဂါဟာ လူငယ်၊ လူရွယ်၊ လူလတ်များကို အများဆုံးဖြစ်စေတတ်ပါတယ်။ ကူးစက်တတ်တဲ့အတွက် တစ်ဦးကိုတစ်ဦးကူးစက်နေပါတယ်။ ကြိုကြိုတင်တင်မကာကွယ် မကုသဘူးဆိုလျှင် နောက်ဆက်တွဲရောဂါများဖြစ်တဲ့ အတွင်းတိမ်၊ ရေတိမ်၊ မျက်စိအနောက်ခြမ်းရောဂါနှင့် ကျွန်တော်တို့ မျက်ကြည်လွှာမှုန်ခြင်းဆိုတဲ့ရောဂါများဝင်လာတတ်ပြီး ဒီရောဂါကြောင့် အရွယ်မတိုင်မီမျက်စိအမြင်များပျောက်ဆုံးပြီးတော့ မျက်ကန်းဘဝကို ငယ်ငယ်ရွယ်ရွယ်နှင့်ရောက်ရပါတော့တယ်။ တောသူ တောင်သား၊ လယ်လုပ်သားများ၏လုပ်အား တစ်နည်းအားဖြင့် လူသားအရင်းအမြစ်နှင့် နိုင်ငံတော်၏လုပ်အားများဟာ ဒီ ရောဂါကြောင့် ဒီ မျက်စိအမြင်ပျောက်ဆုံးမှုကြောင့် အလဟဿဆုံးရှုံးမှုကိုဖြစ်စေပါတယ်။ ဒါကြောင့်မို့ အဆိုရှင်တင်ပြသလို ဒီ ဒေသတွေမှာရှိတဲ့ မျက်စိဝေဒနာရှင်တွေကိုအချိန်မှီကုသခြင်း၊ စဉ်ဆက်မပြတ်ပညာပေးခြင်းတို့လုပ်ဖို့လိုအပ်နေတာဖြစ်ပါတယ်။ တစ်ချိန်က Trachoma Campaign ဆိုပြီး မျက်စိအထူးကုဆရာဝန်ကြီးများပါဝင်ပြီး တောနယ်ကိုဆင်းပြီးကုသမှုများကို လုပ်ဆောင်ခဲ့ဖူးပါတယ်။ ယခုအခါ Trachoma Control and Prevention of Blindness ဆိုတဲ့ အထူးအဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်တယ်လို့သိရပါတယ်။ ဒါပေမယ့် ကျယ်ပြန့်စွာကုသဖို့နှင့် စဉ်ဆက်မပြတ်စောင့်ကြည့်ကုသကာကွယ်ဖို့လည်းလိုနေတယ်လို့သိရပါတယ်။

မိုးခေါင်ရေရှားရပ်ဝန်းဒေသမှာ ဒီ ဝေဒနာကင်းရှင်းဖို့ဆိုလျှင် ဒီ ဒေသမှာနေထိုင်တဲ့တောင်သူများ၊ ငွေကြေးချောင်လည်ဖို့လိုပါတယ်။ ဒါမှ သန့်ရှင်းတဲ့ရေနှင့် မျက်လုံးကိုဆေး၊ လက်ကိုဆေးနိုင်မှာဖြစ်ပါတယ်။ ကုသဖို့လည်း ငွေကြေးရလာမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ ရောဂါဟာဆင်းရဲလှတဲ့ တောနေ တောင်သူလယ်သမားနှင့် လယ်ကူလီများဟာ အများဆုံးခံစားရတဲ့အတွက်ဖြစ်ပါတယ်။ တောင်သူလယ်သမားများ ချမ်းသာမှ ကျန်းမာမှာဖြစ်တဲ့အတွက် ၎င်းတို့ စိုက်ပျိုးထားတဲ့သီးနှံများအထွက်ကောင်းဖို့လိုသလို သီးနှံရဲ့ဈေးလည်းကောင်းကောင်းရဖို့လိုပါတယ်။ ၂၀၀၈ ခုနှစ်မှယခု ၂၀၁၁-၂၀၁၂ ခုနှစ်အထိ ဒေါ်လာဈေးများကျဆင်းခြင်း၊ သီးနှံဝယ်လိုအားများကျဆင်းခြင်း

တို့ကြောင့် သီးနှံဈေးများဟာ ယခင့်ယခင်နှစ်များထက် ၆၀ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပြီး၊ တောင်သူများဟာ ဆက်တိုက်အရှုံးနဲ့ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါတယ်။ ဆေးကုဖို့နေနေသာသာ စားဝတ်နေရေးအတွက်ပင် အခက်အခဲများစွာနဲ့ကြုံတွေ့နေကြရပါတယ်။

ယခုတစ်ဖန် နူရာဝဲစွဲ၊ လဲရာသူခိုးထောင်းဆိုသလို အင်အားကြီးနိုင်ငံကြီးဟာ မြန်မာပြည်မှာဆက်ပြီးတော့ စီးပွားရေးပိတ်ဆို့မှုကို သက်တမ်းတိုးလုပ်ဆောင်နေတာကိုတွေ့ရပါတယ်။ ဒီအခြေအနေအရဆိုလျှင်တော့ တောင်သူလယ်သမားများ၏ သီးနှံဈေးများဟာ အလားအလာကောင်းလာဖို့နည်းပြီး ဆင်းရဲတွင်းကပိုပြီးနက်လာဖို့ရှိနေပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံအလယ်ပိုင်းရှိမှာရှိတဲ့ မျက်စိဝေဒနာရှင် တောင်သူများကိုယ်စားအတွက်လည်းကောင်း၊ တစ်ပြည်လုံးမှာရှိတဲ့ တောင်သူလယ်သမားများကိုယ်စားအတွက်ကိုသော်လည်းကောင်း၊ ဒီ ပြည်သူ့လွှတ်တော်ကနေပြီးတော့ အော်လို့သာ ပြောလိုက်ချင်တာကတော့ လူသားချင်းညှာတာထောက်ထားသောအားဖြင့် Super Power နိုင်ငံကြီးရဲ့ပါလီမန်က လွှတ်တော်အမတ်မင်းများခင်ဗျား။ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုဆိုတဲ့ ဆေးခါးကြီးကို ဆက်လက်တိုက်ကျွေးဖို့မလိုအပ်တော့ပါလို့ပြောကြားရင်း တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းတင်သွင်းတဲ့အဆိုကို လေးနက်စွာထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၄ း ၂၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၄ း ၅၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားကြီးများခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင်းမော်ထွန်း(ရေနံချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များရှင်။ မင်္ဂလာပါလို့

ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်မ ဒီနေ့ တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းရဲ့အဆိုကို အလှူရှင်တစ်ယောက်အနေနဲ့ လုပ်ခဲ့ရတဲ့အလုပ်တွေအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မမဲဆန္ဒနယ်နှင့် မကွေးတိုင်းဟာ အခု တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းတင်ပြသွားသလို မျက်စိဝေဒနာရှင်များစွာရှိတဲ့ အရပ်ဒေသဖြစ်နေပါတယ်။ မိုးခေါင်ရေရှားပူပြင်းခြောက်သွေ့ဒေသဖြစ်ရခြင်းဟာ ရောဂါဖြစ်ရခြင်းရဲ့အရင်းအမြစ်ဖြစ်ပါတယ်။ တစ်နှစ်လုံးမိုးရေချိန်လက်မ ၁၀ လက်မ၊ လက်မ ၂၀ ရွာဖို့ပြည့်မီအောင်တောင် မိုးမရွာတဲ့ ဒေသဖြစ်ပါတယ်။ သောက်သုံးရေရရှိဖို့ဆိုရင် ကုန်းတွင်းဒေသတွေမှာ ပေ ၁၀၀၀ လောက် ရေတူးမှ ရေရတဲ့နေရာအများကြီးရှိပါတယ်။ သောက်ရေရဲ့အနေအထားကလည်း အချိန်ကြာစွာတူးဖော်ရပါတယ်။ သောက်သုံးရေ၊ သုံးစွဲရေဟာ ရေမကောင်းတဲ့နေရာလည်းများပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းမှုကြောင့်ဖြစ်တတ်တဲ့ရောဂါတွေထဲမှာ မျက်စိရောဂါဟာအဖြစ်အများဆုံးပါပဲ။ မျက်ခမ်းစပ်နှင့် မျက်စိတိမ်စွဲ၊ အတွင်းတိမ်၊ အပြင်တိမ်၊ ရေတိမ်၊ မျက်လုံးကနေအသားပိုတွေထွက်တာတွေ၊ မျက်သားပျက်စီးတာတွေ၊ မျက်တောင်မွေးစူးစိုက်လို့ မျက်ရည်ယိုနေတာတွေဟာ အများဆုံးတွေ့ရပါတယ်။ ကျွန်မဒေသ မျက်စိဝေဒနာရှင်တွေအတွက် မြို့နယ်နှင့်တိုင်းအတွင်းမှာ မြို့နယ်အနှံ့တစ်ဦးတည်းအလှူရှင်အနေနဲ့သော်လည်းကောင်း၊ စုပေါင်းအလှူအနေနဲ့သော်လည်းကောင်း များစွာလှူခဲ့ဖူးပါတယ်။ အဲဒီ မျက်စိဝေဒနာရှင်ကုသဖို့လုပ်ရတဲ့ လုပ်ငန်းစဉ်လေးကို အနည်းငယ်လေးရှင်းပြပါရစေ။

ဥက္ကဋ္ဌကြီးရှင့်။ မြို့နှင့်ဝေးတဲ့ကျေးရွာတွေက ဝေဒနာရှင်တွေကို ပထမစုဆောင်းရပါတယ်။ လူမှုအဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့အစည်းတွေကို အကူအညီတောင်းရပါတယ်။ ဝေဒနာရှင်များကို ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မှာဖြင့် ဘယ်နေရာမှာကုသိုလ်ဖြစ် အခမဲ့ မျက်စိဝေဒနာရှင်များအား မျက်စိဆရာဝန်ကြီးများမှ ကုသပေးမည့်အကြောင်းလိုက်လံဆော်သြရပါတယ်။ ကြိုတင်စုဆောင်းရရှိတဲ့ လူဦးရေပေါ်မှာမူတည်ပြီးတော့ ကြိုတင်ကြည့်ရှုတဲ့အဖွဲ့ကိုလွှတ်ပေးရပါတယ်။ အဲဒီ မျက်စိကြည့်ရှုတဲ့လူဦးရေဟာ တစ်မြို့နယ်နှင့် တစ်မြို့နယ်တော့မတူပါဘူး။ များပြားလွန်းတဲ့အတွက် ကျွန်မတို့အနေနဲ့ ဦးအောင်ကျော်စိုးပြောသလိုပဲ ပြစ်တင်ဝေဖန်မှုတွေလည်းခံရပါတယ်။ ကြည့်ရှုတဲ့နေရာမှာလည်း လူဦးရေ ၃၀၀၀ အထက်နှင့် ၅၀၀၀ ပတ်ဝန်းကျင်အထိ လာရောက်ပြသတဲ့လူတွေရှိပါတယ်။ အဲဒီနောက် ဆရာဝန်ကြီးအသုံးပြုမယ့် ခွဲစိတ်ကိရိယာတပ်ဆင်ဖို့ မြို့နယ်ဆေးရုံအုပ်ကြီးကို ကြိုတင်ခွင့်တောင်းပြီးပြင်ဆင်မှုတွေလုပ်ရပါတယ်။ ခွဲခန်းပို့သမှုကအစ တစ်နေ့တာလုံးခွဲစိတ်ရတဲ့အတွက်

Air Con ပေးတာကအစ မီးစက်အဆုံး ကြိုတင်ညှိနှိုင်းမှုတွေလုပ်ရတယ်။ ပစ္စည်းတွေသယ်ယူရပါတယ်။ ကြိုတင်ပြင်ဆင်မှု၊ ဆော်ဩမှု၊ လူနာတွေကိုလမ်းခရီးစရိတ်ကအစ အပြန်ခရီးစရိတ်အဆုံး လူနာရဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုကိုပါလုပ်ကိုင်ပေးရပါတယ်။ ဆရာဝန်ကြီးများနှင့် ဆရာမများ သွားရေး၊ လာရေး၊ နေထိုင်စားသောက်ရေးအပြင် တစ်နေ့တာခွဲစိတ်မှုအပြီး နောက်တစ်ရက်မှာ လူနာအခြေအနေပြန်စစ်ရတာ၊ ပညာပေးဗဟုသုတဟောပြောပေးရတာအပြင် နေကာမျက်မှန်၊ စားဆေး၊ မျက်စဉ်းဆေးပေးရပါတယ်။ မခွဲစိတ်လျှင်မဖြစ်တဲ့လူနာတွေကျန်နေသေးရင် ဥပမာ- ကံမမြို့တို့လို့၊ အောင်လံမြို့တို့လို့ အဲဒီကရှိနေတဲ့ မခွဲစိတ်လျှင်မဖြစ်တဲ့လူနာတွေကို မင်းဘူးဆေးရုံကြီးအထိ မော်တော်ကားတစ်တန်၊ မော်တော်တွေ၊ စက်လှေတွေငှားပြီးခေါ်ယူခဲ့ရပါတယ်။ ခေါ်ယူတဲ့အခါမှာလည်း အဖော်ပါသူကိုပါကျွေးမွေးတဲ့စရိတ်၊ ခွဲစိတ်တဲ့စရိတ်တွေအကုန်ကျခံပါတယ်။ အမြဲတမ်းရေလမ်း၊ ကားလမ်းကနေပြီးတော့ မြို့ရွာမှာကျန်နေတဲ့လူတွေကို နောက်ဆက်တွဲဖြည့်ဆည်းပေးရတာလည်း အမြဲမပြတ်ပါဘဲ။ အလှူရှင်တစ်ယောက်အနေနဲ့ ဆေးရုံပိုင်းမှာလည်း လိုအပ်တာတွေရှိခဲ့ရင် လှူဒါန်းမှုတွေဖြည့်ဆည်းပေးခဲ့ရပါတယ်။ ကျွန်မတို့ မျက်တောင်မွေးစူးတာတို့၊ မျက်သားခြစ်တာတို့၊ မျက်ရည်ခွံအိကျလို့ပြန်ဆွဲတင်ချုပ်တာတွေကိုတော့ မျက်ခမ်းစပ်တိုက်ဖျက်ရေး ဆရာဆရာမတွေကပြုလုပ်ပေးပါတယ်။ ဒီလိုလူနာတွေလည်းများပါတယ်။ အဓိကက ဒီရောဂါစွဲကပ်သူဟာ တောင်သူများ၊ ကျေးရွာပြည်သူများ၊ ဆေးရုံဆေးခန်းဝေးတဲ့ ကျေးရွာပြည်သူများ၊ ဆင်းရဲချို့တဲ့နွမ်းပါးသူတွေဖြစ်ပြီးတော့ ကုသမှုပြီးစီးတိုင်းပြန်လည်ဆန်းစစ်တဲ့အခါမှာ ၈၀ ရာခိုင်နှုန်းလောက်က ကျေးရွာနေပြည်သူများဖြစ်နေတတ်ပါတယ်။ ကျန်းမာရေးဖြည့်ဆည်းပေးဖို့တော့လိုပါတယ်။ ကျွန်မတို့တစ်တွေမှာ အလှူရှင်တွေမှာဖြစ်ပေါ်တဲ့ ခံစားမှုလေးကိုအနည်းငယ်တင်ပြပါမယ်။ အချိန်နောက်ကျမှကုမရတော့တဲ့အခြေအနေကို လူနာသိအောင် ဆို့နင့်စွာပြောရတာတွေ၊ တစ်ရက်၊ နှစ်ရက်အလိုမှပြော ပျက်စီးတော့မယ့်အခြေအနေကို အချိန်မီကယ်တင်နိုင်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရတာတွေဟာ အလှူတစ်ခုပြီးမြောက်ပြီးတိုင်း ဝိရောဓိခံစားရပါတယ်။ ကျွန်မတို့ အလှူရှင်တွေ၊ အဖွဲ့အစည်းတွေ၊ အစိုးရပိုင်းလုပ်ဆောင်မှုတွေ ဘယ်လိုပဲရှိနေပါစေ လူနာကျဆင်းသွားတာမျိုး၊ နည်းသွားတာမျိုးတော့မတွေ့ရပါဘူး။ စီမံချက်တစ်ခုလိုချမှတ်ပြီး မျက်ခမ်းစပ်တိုက်ဖျက်ရေးဆေးရုံတွေဖွင့်ထားပေမယ့် ဒီနေ့အထိ မျက်စိရောဂါနှင့်ပတ်သက်တဲ့အနေအထားမှာ မျက်စိဆရာဝန်ကြီးများရဲ့ နေ့စဉ်ကြည့်ရှုမှုလူဦးရေဟာများပြားဆဲပါပဲ။ အဓိက ကိုယ့်ဒေသကိုယ့်ညီအစ်ကိုမောင်နှမတွေနေထိုင်တဲ့ဒေသတွေမှာ ဒီရောဂါကို ဘယ်လိုပျောက်အောင်ကုမလဲဆိုတာ ကျွန်မတို့အမြဲစဉ်းစားပါတယ်။ အလှူရှင်နှင့်

အဖွဲ့အစည်းများလှူဒါန်းမှုကို တိုင်းဒေသကြီးအစိုးရကသော်လည်းကောင်း၊ ဝန်ကြီးဌာနကသော်လည်းကောင်း အကူအညီပေးပါလို့မေတ္တာရပ်ခံလိုပါတယ်။ မျက်စိခွဲစိတ်မှုဟာ မြို့နယ်ဆေးရုံမှာသာ အဆင်ပြေမှာမို့လို့ အခုအနေမှာ အလှူရှင်တွေ၊ အဖွဲ့အစည်းတွေဟာဖြင့် လုပ်ဆောင်မှုတိုင်းမှာ အခက်အခဲရှိနေပါတယ်။ ဆရာဝန်ရရှိမှုဟာ အရင်နဲ့လည်းမတူတော့ဘဲ လုံးဝကိုခက်ခဲသွားပါတယ်။ ကုသိုလ်ဖြစ်ခွဲစိတ်မယ့် မြို့နယ်ဆေးရုံရဲ့ ဆေးရုံသုံးစွဲခွင့်ကိုလည်း အခက်အခဲများကြုံတွေ့ရပါတယ်။ ဒါကြောင့် တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရဲ့ အပူပိုင်းဒေသ မျက်စိဝေဒနာခံစားမှုများအား အထူးအစီအစဉ်ဖြင့် ကုသပေးရန်အဆိုဟာဖြင့် ကျွန်မတို့ဒေသတွေအတွက်မဖြစ်မနေလိုအပ်နေတဲ့ အကြောင်းကိစ္စဖြစ်နေပါ၍ လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုင်းကျော်အုန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာ စိုင်းကျော်အုန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့မှာ တောင်သာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းတင်သွင်းတဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိပြည်သူများရဲ့ မျက်စိဝေဒနာများစွာခံစားနေရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန်အဆိုနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူရဲ့ကိုယ်ခန္ဓာမှာ မျက်စိဟာ ဘယ်လောက်အရေးကြီးကြောင်း အထွေအထူးရှင်းပြရန်လိုအပ်မယ်မထင်ပါ။ ရှေ့ကဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီးများရဲ့ တင်ပြဆွေးနွေးချက်များလည်း အတော့်ကိုစုံစုံလင်လင်ပြည့်ပြည့်စုံစုံရှိပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ အချက်အနည်းငယ်ကိုပဲတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ရှင်းပြသွားတဲ့အထဲမှာ မြန်မာပြည်အလယ်ပိုင်းအပူပိုင်းဒေသဟာ မိုးခေါင်ရေရှားပြီး စိုက်ပျိုးရေးဖြစ်ထွန်းမှုခက်ခဲကာ စီးပွားရေးချို့တဲ့ခြင်းကြောင့် ၎င်းဒေသမှာနေထိုင်ကြတဲ့ ပြည်သူများပညာရေးနိမ့်ကျပြီးတော့ ကျန်းမာရေးအသိပညာနည်းပါးခြင်း၊ မိုးခေါင်ရေရှားတဲ့အတွက် ဖုန်အင်မတန်ထူပြီး မျက်စိဝေဒနာများလွယ်ကူစွာဖြစ်ပေါ်နိုင်စေခြင်းကြောင့် ၎င်းဒေသမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူများဟာ မျက်စိ

ဝေဒနာများစွာခံစားနေရကြောင်းကို အကျယ်တဝင့်ဂရုဏာသက်စရာကောင်းအောင် ကိုယ်တွေ့အဖြစ်အပျက်များနှင့် အဆိုရှင်မှဆွေးနွေးတင်ပြသွားတဲ့အတွက် အပူပိုင်းဒေသမှာရှိတဲ့ ပြည်သူများအား ကျွန်တော့်အနေနဲ့ စာနာသနား ဂရုဏာတရားသက်မိပါတယ်။ ဒါကြောင့် (၁) နိုင်ငံတော်မှစီမံချက်များ ရေးဆွဲချမှတ်ပြီး ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲ (Workshop) များပြုလုပ်ခြင်း၊ (၂) အပူပိုင်း ဒေသရှိ မြို့နယ်နှင့် တိုက်နယ်ဆေးရုံတိုင်းကို မျက်စိအထူးကုဆရာဝန်များ ခန့်ထားပေးခြင်းနဲ့ အဝီစိတွင်းများတူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါတယ်။ ဒေသခံပြည်သူများထဲမှ သြဇာတိက⊞ခမတဲ့သူများ ဦးဆောင်ကမကထလုပ်ပြီး မျက်စိဝေဒနာရှင်များအတွက် အလှူငွေများ ကောက်ခံခြင်း၊ အလှူခံဌာနများကို သတင်းစာ၊ ဂျာနယ်များတွင် ကြော်ငြာခြင်းများလည်း ပြုလုပ်ဆောင်ရွက်ပေးသင့်ပါကြောင်းလည်း အကြံပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံသားများဟာ အလှူအတန်းမှာတော်တော့်ကိုရက်ရောကြပါတယ်။ ကျွန်တော်တို့ နမ့်ခမ်း မြို့နယ်မှာရှိတဲ့ ဇေယျသုခကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိနယစာရ ဦးဆောင်ပြီး နှစ်နှစ်တာ ကာလအတောအတွင်းမှာပဲ ကျပ်သိန်းပေါင်းသုံးထောင်ကျော်ကုန်ကျတဲ့ အခမဲ့မျက်စိအထူးခွဲစိတ် ဆေးရုံကြီးကိုတည်ဆောက်နိုင်ခဲ့ပါတယ်။ ခွဲစိတ်ကရိယာများကိုတော့ စစ်ကိုင်းတောင်ရိုးသီတဂူ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရမှ တာဝန်ယူကူညီလှူဒါန်းဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့လူ့စွမ်းအားအရင်းအမြစ် (Human Resources) များ နစ်နာဆုံးရှုံးမှု မရှိစေရန်နှင့် အပူပိုင်းဒေသမှာမှီတင်းနေထိုင်ကြတဲ့ ပြည်သူများရဲ့နေထိုင်စားသောက်မှုဘဝ ရပ်တည်ရှင်သန်နိုင်စေရေးအတွက် တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တောင်သာမဲဆန္ဒနယ်မှ အဆိုရှင်ဦးအောင်သောင်းရဲ့အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးတင်ပြ သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်အလယ်ပိုင်းဒေသတွေလို့ ဆိုထားတဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးဆိုတာ

အမိကပေါ်လွင်ထင်ရှားနေတာဖြစ်ပါတယ်။ ဒီဒေသတွေမှာရှိတဲ့ မျက်စိဝေဒနာရှင်ပြည်သူတွေရဲ့ အခက်အခဲကို အထူးအစီအစဉ်ဆောင်ရွက်ဖို့ အဆိုတစ်ရပ်အနေနဲ့တင်ပြထားတာဖြစ်ပါတယ်။ အထူး အစီအစဉ်ဆိုတဲ့အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ရဲ့ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် စေတနာရှင် နောက် အလှူရှင်၊ ရဟန်းရှင်လူပြည်သူအားလုံးကို နှိုးဆော်တိုက်တွန်းလိုက်တယ်လို့ ကျွန်တော်ဒီလိုပဲ ခံယူမိပါတယ်။ ဒီဒေသဟာ နွေရာသီမှာ အပူချိန်အပြင်းပြဆုံးဖြစ်တယ်ဆိုတာ တစ်နိုင်ငံလုံး ပြည်သူအားလုံးအသိဖြစ်ပါတယ်။ ၄၄၊ ၄၅၊ ၄၆၊ ၄၇ ဆိုတဲ့အပူချိန် ဒီဂရီ Celsius ဟာ ဒီဒေသလောက် ပူပြင်းတဲ့ဒေသမရှိပါဘူး။ အလားတူ မိုးတွင်းဟာလည်းပဲ မိုးရာသီ ၄ လ လို့ဆိုသော်လည်းပဲ တကယ်တမ်း ၂ လအတွင်းမှာ မိုးရေချိန်လက်မ ခုနရှေ့ကတင်ပြသွားသလိုပဲ မိုးရေချိန်လက်မ ၂၀ ဝန်းကျင်အောက်ကို ရွာတဲ့ဒေသတွေဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆက်တွဲအကျိုးဆက်အနေအထား အရ ဒီဒေသမှာနေတဲ့ ပြည်သူလူထုတွေရဲ့အနေအထားသည် ရောဂါဖြစ်ရခြင်းရဲ့အရင်းခံ အကြောင်းတရားဖြစ်တဲ့ ဖုန်ထူသဲထတယ်။ နောက်တစ်ခါ နောက်ဆက်တွဲဖြစ်တဲ့ ပူပြင်းတဲ့ဒဏ်ကြောင့် ရေရှားပါးမှုကြောင့် နောက် တစ်ကိုယ်ရေသန့်ရှင်းမှု ဒါတွေဟာ အကျိုးဆက်တွေပဲဖြစ်ပါတယ်။ နောက်ဆက်တွဲအနေနဲ့ လယ်ယာစိုက်ပျိုးရေးပေါ်အခြေခံတဲ့ တောင်သူတွေရဲ့ဘဝဟာ ရာသီဥတု ပြောင်းလဲလာတဲ့အနေအထားအပေါ်မှာ စီးပွားရေးအကြပ်အတည်းများစွာရရှိတဲ့အတွက် တစ်ဦးချင်း ဝင်ငွေဟာ များစွာလျော့နည်းပြီးတော့ စားရေးတစ်ခုတည်းကလွဲပြီး အခြားသောကိစ္စများကို အမိက မထားနိုင်ခဲ့ကြဘူးဆိုတာ ပေါ်လွင်ထင်ရှားတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအခက်အခဲတွေရှိနေတဲ့ အတွက် အထူးအစီအစဉ်အနေနဲ့ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာအစိုးရအဖွဲ့က ပုံမှန်ဆောင်ရွက် နေရုံနဲ့မရပါဘူး။ အားလုံးဝိုင်းပြီးတော့လုပ်ကြဖို့လိုအပ်ပါတယ်လို့ တိုက်တွန်းတဲ့သဘောသက်ရောက် တယ်လို့ ဒီလိုပဲကျွန်တော်ခံယူမိပါတယ်။ ထဲထဲဝင်ဝင်လုပ်ကိုင်ခဲ့တဲ့အနေအထားမှာ ၂၀၁၀ ခုနှစ်မှာ တစ်ကြိမ် လူဦးရေ ၃ သိန်းဝန်းကျင်ရှိတဲ့ ကျွန်တော်တို့မြို့နယ်မှာ တကယ်တမ်း ဝေဒနာရှင် လာရောက်ပြသတာတင် ၃၀၀၀ ကျော်ဖြစ်ပါတယ်။ ရာနှုန်းအားဖြင့်ကြည့်မယ်ဆိုရင် ၁ ရာခိုင်နှုန်း လောက်ဖြစ်ပါတယ်။ အဲဒီအနေအထားအပေါ်မှာ ကျွန်တော်တို့တကယ်တမ်း မျက်စိတိမ်ကြောင့် ခွဲရမယ့်ရောဂါဝေဒနာရှင်ကို ခွဲထုတ်လိုက်တဲ့အခါမှာ ၉၀ ကျော်တွေ့ရပါတယ်။ ဒီအနေအထားကို တွေ့မယ်ဆိုလို့ရှိရင်လည်း ပြသသူရဲ့ ၃ ရာခိုင်နှုန်းရှိနေတယ်ဆိုတာတွေ့ရပါတယ်။ အလားတူပဲ ပြီးခဲ့တဲ့နှစ်က ၂၀၁၁ မှာ တစ်ကြိမ်ဆောင်ရွက်ခဲ့တဲ့နေရာမှာလည်း ဒီရာနှုန်းပဲဖြစ်နေတယ်ဆိုတာကို သိရှိရပါတယ်။ ဒီနေရာမှာ အလှူရှင် ဒေါ်ဝင်းမော်ထွန်းပြောသွားတဲ့အချက်တွေဟာ များစွာ

ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အချက်တွေဖြစ်ကြောင်းတင်ပြလိုပါတယ်။ မကွေးတိုင်းဒေသကြီးရဲ့အနေအထားအရ လူဦးရေ ၅.၆၈ သန်းအပေါ်မှာ ကျေးလက်နေပြည်သူလူထုဟာ တကယ်တမ်း ၈၁ ရာခိုင်နှုန်းရှိနေတာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကိုအခြေခံပြီးတော့ ယာသီးနှံ၊ လယ်သီးနှံအပေါ်မှာ ရာသီဥတုကိုမှီခိုရတဲ့အတွက် အခက်အခဲတွေများစွာရှိကြောင်းတင်ပြလိုပါတယ်။ ကျွန်တော့်ရှေ့က ဆွေးနွေးတင်ပြသွားတဲ့ မန္တလေးတိုင်းဒေသကြီး ဦးကိုကြီးရဲ့တင်ပြချက်မှာပါသလိုပါပဲ အနုပညာရှင်များကတော့ ကျွန်တော်တို့ အညာဒေသရဲ့ ကျေးလက်အနေအထားတွေကို လွမ်းစရာလေးနဲ့ပုံဖော်ခဲ့တာဖြစ်ပါတယ်။ ဖုန်လုံးကြီးတွေ တလိမ့်လိမ့်ထတယ်။ မှန်ပါတယ်ခင်ဗျား။ သို့သော် တကယ်တမ်း ကျန်းမာရေးရှုထောင့်ကကြည့်မယ်ဆိုလို့ရှိရင် မောစရာကြီးဖြစ်ပါတယ်။ ဒါနေ့စဉ်ကြုံတွေ့ရတဲ့ ကျေးလက်နေပြည်သူလူထုရဲ့ပတ်ဝန်းကျင်ဖြစ်ပါတယ်။ နွားကျောင်းချိန်၊ နွားသွင်းချိန်၊ အခြားတိုးတက်လာတဲ့ ထော်လာဂျီ၊ လှည်း၊ ဆိုင်ကယ်တွေကြောင့် ပတ်ဝန်းကျင်ကြီးက နေ့စဉ်နဲ့အမျှကြုံတွေ့နေရတဲ့အပေါ်ကို သတိမမူခဲ့ကြလို့ဖြစ်ပါတယ်။ ဒီအနေအထားနဲ့ ပတ်ဝန်းကျင်ကိုကျင်လည်ကြတဲ့ ကျေးလက်နေပြည်သူလူထုဟာ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းရောဂါ၊ အဆုတ်ရောဂါ ဒါတွေဟာ ဆက်လက်ဖြစ်ပေါ်ခဲ့ရတဲ့အကြောင်းအရင်းဖြစ်ပါတယ်။ ဆိုလိုချင်တာကတော့ ကျေးလက်နေပြည်သူလူထုဟာ ဖြစ်ပေါ်မှုများခဲ့တဲ့ရောဂါတွေဖြစ်တဲ့အတွက် ကျွန်တော်တို့အထူးအစီအစဉ်နဲ့ဆောင်ရွက်တဲ့အခါမှာ အားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက်မှ ဖြစ်မယ်ဆိုတာတင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ကျွန်တော်တို့ တောင်တွင်းကြီးဒေသ ရဟန်းပညာရှိဆရာတော်တစ်ပါးကပြောခဲ့ပါတယ်။ ဒီနေ့အချိန်ထိ ဒီအတိုင်းပဲ ကျင့်သုံးနေပါတယ်။ The Service of the Poor is the Service of Buddha လို့ဆိုပါတယ်။ ဒီနေ့ နိုင်ငံတော်အစိုးရသစ်က ဆောင်ရွက်နေတာလည်း ဒီ အဆိုအမိန့်နဲ့တူပါတယ်။ ခုနရှေ့ကတင်ပြသွားတဲ့ ဆရာတော်သံဃာတော်တွေက သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းများမှာ လုပ်ကိုင်ဆောင်ရွက်နေတာဟာလည်းပဲ ဆင်းရဲသားပြည်သူလူထု Poor ဖြစ်တဲ့လူထုအတွက် ဆရာတော်သံဃာတော်၊ ပညာရှိတွေရဲ့အဆိုအမိန့်အတိုင်း ဆောင်ရွက်နေတာဖြစ်ပါကြောင်းနဲ့ ဒီကိစ္စရပ်သည် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှ သက်ဆိုင်ရာအစိုးရအဖွဲ့၊ အလှူရှင်၊ စေတနာရှင် NGO, INGO ဆရာတော်သံဃာတော်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ နောက်ဆုံးယုတ်ဆွအဆုံး လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် သက်ဆိုင်ရာမိမိတို့ရဲ့ဒေသမှာ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းတင်ပြရင်းနဲ့အဆိုရှင်ရဲ့အဆိုကိုထောက်ခံအပ်တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်သန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တောင်သာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိပြည်သူများ မျက်စိဝေဒနာများစွာခံစားနေရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန်ဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ တော်တော်များများလည်း ထောက်ခံဆွေးနွေးသွားကြပါပြီ၊ ကျွန်တော့်ရဲ့အမြင်လေးနဲ့ လိုအပ်ချက်ကလေးတွေကိုလည်း ဖြည့်ပြီးပြောသွားချင်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဒီအဆိုဟာအလွန်သင့်မြတ်တဲ့အဆိုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးလည်းဆွေးနွေးသွားသလိုပဲ မျက်စိဝေဒနာရှင်များလိုလားတောင်းတနေတဲ့ အချိန်ကာလလည်း ဖြစ်တယ်လို့ ကျွန်တော်ဆိုချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မျက်စိကုသမှုအထူးအစီအစဉ်ကို ၂၀၀၀ ပြည့်နှစ်လောက်က ကျွန်တော်မှတ်မိသလောက်ကဆိုရင် အဲဒီလောက်ကတည်းကစခဲ့ကြတာပါ။ စပြီးတော့ နှစ်စဉ်မျက်စိဝေဒနာရှင်တွေကို အခမဲ့ကုသပေးခဲ့တဲ့ အထူးအစီအစဉ်တွေဆောင်ရွက်လာခဲ့ကြပါတယ်။ မျက်စိဝေဒနာရှင်တွေသာမက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသမှုတွေပါ ဆောင်ရွက်ပေးခဲ့ကြပါတယ်။ ဘယ်သူတွေက ဦးဆောင်ပေးခဲ့ကြသလဲဆိုရင် ကျွန်တော်တို့အားလုံး စေတနာရှင်မိဘပြည်သူများရဲ့ လှူဒါန်းငွေတွေနဲ့ဝိုင်းဝန်းပံ့ပိုးကြတဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့၊ အမျိုးသမီးရေးရာတို့၊ ကြက်ခြေနီအသင်းတို့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ဒါတွေဟာ ဝိုင်းဝန်းကူညီဆောင်ရွက်ပြီးတော့ နိုင်ငံတော်အစိုးရက အစစကူညီပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနဘက်က ဝန်ထမ်းများပါဝင်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြတဲ့အတွက် မျက်စိအထူးကုအစီအစဉ်ဟာ တော်တော်လေးလည်း ပြည်သူများအကြိုက်လည်းဖြစ်ခဲ့ပါတယ်။ အောင်လည်းအောင်မြင်ခဲ့ပါတယ်။ မျက်စိဝေဒနာရှင်ပေါင်းမြောက်မြားစွာကိုလည်း ကုသပေးနိုင်ခဲ့ပါတယ်။ ၂၀၀၈ ကနေပြီးတော့ ၂၀၁၀ အတွင်း စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် ခန္တီး၊ ဟုမ္မလင်း၊ စစ်ကိုင်း၊ ပုလဲ၊ ဘုတလင်၊ ဆားလင်းကြီး၊ ကန့်ဘလူ၊ ဝက်လက်၊ တန့်ဆည်မြို့နယ် တော်တော်များများ မျက်စိဝေဒနာရှင်ပေါင်း ၃၀၀၀၀ ကျော်လောက် ကုသပေးခဲ့တယ်လို့သိရှိရပါတယ်။ မျက်စိဝေဒနာရှင်ပေါင်းအများအပြားမျက်စိနှစ်ကွင်းအလင်းရခဲ့ကြပါတယ်။ ဒါပေမယ့်လို့ ၂၀၁၀ ကစပြီး ၂၀၁၁-၂၀၁၂

ကာလတွေမှာတော့ မျက်စိဝေဒနာရှင်ကိုကုသပေးတဲ့ အထူးအစီအစဉ်တွေဟာ နည်းနည်းကျဲလာတာကိုတွေ့ရပါတယ်။ ဒါတောင်မှပဲ ပြီးခဲ့တဲ့နှစ် ၂၀၁၁ ခုနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် ကလေး၊ ကန့်ဘလူ၊ မြင်းမူ၊ ဘုတလင် ဒီ ၄ မြို့နယ်လောက်ကတော့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီမြို့နယ်တွေမှာ စုရပ်ထားပြီးတော့ အနီးအနားမှာရှိတဲ့မြို့နယ်တွေက မျက်စိဝေဒနာရှင်တွေကိုအကြောင်းကြား အထူးအစီအစဉ်နဲ့ ကုသပေးခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေနဲ့လည်း မျက်စိအထူးကုဆရာဝန်ကြီးတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ အလှူရှင်တွေ၊ စေတနာရှင်တွေ၊ လူမှုရေးအသင်းတွေ ပူးပေါင်းပြီးတော့လုပ်ဆောင်ပေးခဲ့ကြပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အရင်တုန်းက မျက်ခမ်းစပ်ရောဂါကြောင့် မျက်စိကွယ်ခဲ့ကြရပါတယ်။ ဒါပေမယ့် ကျန်းမာရေးဌာနရဲ့ အစဉ်တစိုက်ကြိုးပမ်းမှုတွေကြောင့်၊ နိုင်ငံတကာအဖွဲ့အစည်းအချို့ရဲ့ကူညီမှုတွေကြောင့် ရွှေဘိုခရိုင်မှာဆိုရင် ၁၉၉၁ ခုနှစ်ကုန်ပိုင်းမှာ မျက်ခမ်းစပ်ရောဂါနောက်ဆက်တွဲဆိုးကျိုး မျက်တောင်စိုက်ဝေဒနာရှင်များ ရှာဖွေကုသခြင်းလုပ်ငန်းကို အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်ကစပြီးတော့ မြန်မာနိုင်ငံမှာ မျက်ခမ်းစပ်ရောဂါပပျောက်ပြီလို့ ကမ္ဘာကိုကြေညာဖို့ စီမံချက်တွေစပြီးတော့ဆောင်ရွက်ခဲ့ကြပါတယ်။ Rapid Assessment and Cotaraet Sargery လို့ခေါ်တဲ့ အတွင်းတိမ်ရောဂါခွဲစိတ်ကုသပေးခြင်း စီမံကိန်းလိုဟာမျိုး GET လို့ခေါ်တဲ့ Global Elimination of Trachoma လို့ခေါ်တဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ မျက်ခမ်းစပ်ပပျောက်ရေးစီမံကိန်းလိုဟာမျိုး နောက်ပြီးတော့ Out Reach Surgical Activites For Treatment of Trichiasis လို့ခေါ်တဲ့ မျက်တောင်မွေးစိုက် ခွဲစိတ်ကုသမှုလုပ်ငန်းတွေကို ကွင်းဆင်းပြီးဆောင်ရွက်ခဲ့ကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနတွေဟာ ဌာနတွေအပါအဝင် မျက်စိကုဆေးရုံကြီးတွေဟာလည်း ပြည်နယ်နှင့် တိုင်းအသီးသီးမှာရှိကြပါတယ်။ တစ်ပြည်လုံးမှာ ၃၁ ဌာနရှိတယ်လို့သိရှိရပါတယ်။ အဲဒီအပြင် စစ်ကိုင်းသီတဂူမျက်စိအထူးကုဆေးရုံလို လူမှုကူညီရေး မျက်စိကုဌာနတွေလည်း ရှိကြပါတယ်။ ဒါပေမယ့် မျက်စိဝေဒနာရှင်တွေကတော့ များနေတုန်းပဲရှိပါသေးတယ်။ ဌာနတွေလည်း မလုံလောက်သေးပါဘူး။ တိုင်းဒေသကြီးအဆင့်တွေမှာဆိုလို့ရှိရင် မျက်စိအထူးကုဆေးရုံကြီးတွေ ထားဖို့တောင်သင့်ပါတယ်။ ဝန်ထမ်းအင်အား၊ ခွဲစိတ်ကိရိယာ၊ စမ်းသပ်ကိရိယာ နိုင်ငံတော်က အားလုံးဖြည့်ဆည်းပေးရဦးမှာဖြစ်ပါတယ်။ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနတွေအနေနဲ့ကလည်းဆောင်ရွက်ပါတယ်။ ကျေးရွာတွေကွင်းဆင်းပြီးတော့ မျက်စိစစ်ပေးတာတို့ ကျောင်းကျန်းမာရေးနဲ့တွေ့ပြီး ကျောင်းသားတွေကို မျက်စိစစ်ပေးတာတို့ စံပြကျေးရွာတွေသတ်မှတ်ပြီးတော့

ကွင်းဆင်းကုသပေးတာတို့ ခရိုင်ဆေးရုံကြီးတွေမှာဆိုလို့ရှိရင် ခွဲစိတ်ကုသဆောင်တွေ၊ ခွဲစိတ်ကုသပေးတာတို့ ဒါတွေလည်းလုပ်နေတယ်။ မြန်မာနိုင်ငံမှာ လက်ရှိအခြေအနေအရဆိုရင်တော့ မျက်မမြင်ဦးရေ ၂၀၀၀၀၀ လောက်ရှိတယ်လို့သိရပါတယ်။ ဒီနေရာမှာ မျက်မမြင်ဆိုတာလေးကို နည်းနည်းရှင်းပြလိုပါတယ်။ မျက်မမြင်ဆိုတာက နိုင်ငံတကာသတ်မှတ်ချက်ရှိပါတယ်။ ၁၀ ပေအကွာမှာရှိတဲ့လူတစ်ယောက် လက်ချောင်းကိုထောင်ပြီးတော့ အဲဒီလက်ချောင်းကိုပြတဲ့အခါမှာ ကွဲကွဲပြားပြားမြင်နိုင်စွမ်းမရှိတဲ့သူကို မျက်မမြင်လို့ခေါ်တယ်။ အဲဒီလိုမရှိမှ သူ့ကို မျက်မမြင်လို့သတ်မှတ်ပြီးတော့ မျက်မမြင်ဘယ်လောက်ရှိတယ်ဆိုပြီးတော့ သုတေသနတွေလုပ်ကြခြင်းဖြစ်ပါတယ်။ လောလောဆယ် မြန်မာနိုင်ငံမှာ မျက်မမြင်တစ်ယောက်ဖြစ်သွားအောင် ဖြစ်စေတဲ့မျက်စိရောဂါတွေရှိပါတယ်။ Cataract လို့ခေါ်တဲ့ အတွင်းတိမ်ရောဂါ၊ Cataract ဆိုတဲ့ အတွင်းတိမ်ရောဂါကြောင့် မျက်မမြင်ဖြစ်သွားတာ ၅၃ ရာခိုင်နှုန်းရှိပါတယ်။ တစ်နည်းအားဖြင့်ပြောမယ်ဆိုလို့ရှိရင် မျက်မမြင်လူ ၁၀၀ ကိုကြည့်လိုက်မယ်ဆိုလို့ရှိရင် ၅၃ ယောက်ဟာ အတွင်းတိမ်ကြောင့်မျက်စိမမြင်တဲ့ဘဝကိုရောက်သွားပါတယ်။ အဲဒီလိုပါပဲ မျက်မမြင် ၁၀၀ မှာ ၁၆ ဦးဟာ Gluacoma လို့ခေါ်တဲ့ ရေတိမ်ရောဂါကြောင့်ဖြစ်ရပါတယ်။ မျက်စိမမြင်တဲ့လူ ၁၀၀ မှာ ၇ ယောက်ကတော့ Posterior Segment Disease လို့ခေါ်တဲ့ မျက်စိအာရုံကြောထိခိုက်ပြီး မျက်မမြင်ဖြစ်ပါတယ်။ ၃ ရာခိုင်နှုန်းကတော့ အဝေးမှုန်၊ အနီးမှုန်ဖြစ်နေတာကို မပြင်ဘဲနေလိုက်တဲ့အတွက် မျက်မမြင်ဘဝကိုရောက်သွားတာပါ။ အရင်တုန်းက ကျွန်တော်တို့ကြောက်ခဲ့တဲ့ မျက်ခမ်းစပ်ဟာ အခုအချိန်အခါမှာ မျက်ခမ်းစပ်ကြောင့်မို့လို့ မျက်စိမမြင်ရတဲ့အနေအထားဟာ မျက်မမြင် ၁၀၀ မှာ ၄ ယောက်ပဲ ရှိပါတော့တယ်။ ဒါဟာ ၁၉၆၂ ခုနှစ်က သုတေသနပြုချက်အရကြည့်မယ်ဆိုလို့ရှိရင် ၁၉၆၂ ခုနှစ်တုန်းကဆိုရင် မျက်စိမမြင်သူပေါင်း ၁၀၀ မှာ ၅၇ ယောက်ဟာ Trachoma လို့ခေါ်တဲ့ မျက်ခမ်းစပ်ရောဂါကြောင့်ဖြစ်ကြတာပါ။ အခုတော့ ၄ ရာခိုင်နှုန်းပဲရှိပါတော့တယ်။ ကျန်တဲ့ ၆ ရာခိုင်နှုန်းကတော့ ဒီ ကျွန်တော်တို့ မျက်စိကိုဒဏ်ရာရလို့ဖြစ်သွားတဲ့မျက်စိမမြင်တွေဖြစ်ပါတယ်။ စောစောက ဒေါ်ဝင်းမော်ထွန်းဆွေးနွေးသလို ဘယ်တော့ပျောက်မှာလဲဆိုတော့ ကျွန်တော်တို့ အခု Trachoma ကိုတော့ တော်တော်လေးထိန်းသိမ်းနိုင်တဲ့အဆင့်ရှိပါပြီ။ ထို့နည်းတူပဲ မျက်စိမမြင်ရတဲ့အကြောင်းအရင်း လောလောဆယ်ပြဿနာကတော့ အတွင်းတိမ်လို့ခေါ်တဲ့ Cataract ပဲဖြစ်ပါတယ်ခင်ဗျား။ အဲဒီအတွင်းတိမ်ရောဂါကတော့ အသက်ကြီးလာရင်ဖြစ်လေ့ဖြစ်ထရှိတာမို့လို့ ဒါကိုတော့ ကျွန်တော်တို့ လွယ်လွယ်နဲ့ ပျောက်လိမ့်မယ်လို့ မထင်ပါဘူး။ Trachoma လို့ခေါ်တဲ့ မျက်ခမ်းစပ်ရောဂါကတော့ ပိုင်းရပ်စ်ကြောင့်ဖြစ်တာပါ။

ဗိုင်းရပ်စ်ကြောင့်ဖြစ်တာဆိုတော့ ဗိုင်းရပ်စ်ကိုသတ်နိုင်တဲ့ Tetracycline မျက်စဉ်းတွေအများကြီး ကျွန်တော်တို့ မြန်မာတစ်ပြည်လုံးမှာ ဒီအပူပိုင်းဒေသမှာ နိုင်ငံတကာရဲ့ထောက်ပံ့မှုတွေရော ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနကရောပေးဝေလိုက်တဲ့အခါမှာ ဒီရောဂါကြီးကိုတော့ ကျွန်တော်တို့ ပပျောက်လောက်နီးနီးဖြစ်အောင် ဆောင်ရွက်နိုင်တဲ့အဆင့်ရှိသွားပြီ။ အဲဒီတော့ Cataract လို့ခေါ်တဲ့ အတွင်းတိမ်ဟာ ရှိနေဆဲဖြစ်တဲ့အတွက်ကြောင့် မျက်စိဝေဒနာရှင်တွေဟာလည်းဆက်ပြီးတော့ရှိနေဦးမှာဖြစ်ပါတယ်။ မျက်စိဝေဒနာရှင်ရှိနေတာနဲ့အမျှ စောစောက ကိုယ်စားလှယ်ကြီးတွေတင်ပြခဲ့သလိုပဲ အထူးအစီအစဉ်တွေဟာလည်း လိုနေဦးမှာပဲဖြစ်ပါတယ်။ စောစောက ဆွေးနွေးခဲ့ကြသလို အထူးအစီအစဉ်ဆိုတာက အခမဲ့မျက်စိကုသပေးခြင်းကိုဆိုလိုခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ အခမဲ့ကုသဖို့ကိစ္စမှာ ဒါတကယ်လုပ်ခဲ့တဲ့လူလည်းသိပါတယ်။ (၁) အလှူရှင်တွေစည်းရုံးရမှာပဲဖြစ်ပါတယ်။ လူနာဦးရေပေါ်မူတည်ပြီး ကုန်ကျစရိတ်တွေများပါတယ်။ အနည်းဆုံးသိန်း ၃၀၀ ကနေ ၄၀၀ လောက်ရှိပါလိမ့်မယ်။ (၂) မျက်စိအထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားရပါမယ်။ ခွဲစိတ်ကိရိယာ၊ မျက်မှန်ကစ၊ မျက်ကပ်မှန်၊ Intra Ocular Lens လို့ခေါ်တဲ့ မျက်စိတွင်းထည့်တဲ့ မှန်ဘီလူးအတု၊ ခွဲစိပ်ခန်းစသည်တို့လိုပါမယ်။ (၃) စီမံခန့်ခွဲ၊ ဦးစီးဆောင်ရွက်တဲ့သူလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခေတ်ပြောင်းခဲ့ပြီး ခေတ်ပြောင်းခဲ့တဲ့အခါကျတော့ အရင်တုန်းကတော့ ဒါလုပ်ခဲ့ကြတဲ့ပုဂ္ဂိုလ်များ၊ အခုအချိန်အခါမှာ ပုံသဏ္ဍာန်အနည်းငယ်ပြောင်းသွားပါတယ်။ ဒီမိုကရေစီခေတ်ရောက်ခဲ့ပါပြီ။ အဲဒီလိုဆိုလို့ရှိရင် အခုခေတ်ကာလမှာ မည်သူတွေကဦးဆောင်ကြမှာလဲ။ အကြံပေးလိုပါတယ်ခင်ဗျား။ အခုလို မျက်စိအခမဲ့အထူးအစီအစဉ်မျိုးကိုတော့ ဦးဆောင်မယ့်ပုဂ္ဂိုလ်က ကျွန်တော် အကြံပေးချင်တာကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကဖြစ်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဒေသအလိုက်ဦးဆောင်ပြီးတော့ ဆောင်ရွက်ပေးနိုင်မယ့်ပုဂ္ဂိုလ်များပဲဖြစ်ပါတယ်။ အဖွဲ့အစည်းပဲဖြစ်ပါတယ်။ ဒါမှသာ စေနာရှင်များကိုလည်း စည်းရုံးတာတို့၊ မျက်စိစမ်းသပ်မှု၊ ခွဲစိတ်မှုတွေကိုလည်းဆောင်ရွက်နိုင်အောင် ကျန်းမာရေးဝန်ထမ်းတွေကိုလည်း တာဝန်ချတာတို့၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့တွေကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်တာတို့၊ လူမှုရေးအဖွဲ့အစည်းတွေလည်း ပူးပေါင်းပါဝင်ဆောင်ရွက်တာတို့ အဲဒီလိုဆောင်ရွက်မှုတွေကို စုစည်းပြီးတော့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အခုလိုဒေသအလိုက် စဉ်ဆက်မပြတ်စီမံချက်ချပြီးတော့ဆောင်ရွက်သွားနိုင်မယ့် မျက်စိကုသမှုအထူးအစီအစဉ်ကို အောင်မြင်စွာပေါ်ထွန်းလာနိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့ အခုလိုအကြံပေးတင်ပြရင်း တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးအောင်သောင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးအောင်သောင်း၊ တောင်သာမဲဆန္ဒနယ်၏အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြည်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ရှင်းလင်းနွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူးဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၏ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိပြည်သူများ မျက်စိဝေဒနာများစွာခံစားနေရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန်အဆိုအား ဝိုင်း၍ဆွေးနွေးကြပါသောလွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ထောက်ခံဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာ မြတ်မြတ်အုန်းခင်မှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှာ မျက်စိရောဂါကုဌာနများနှင့် မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနပေါင်း ၂၆ ဌာနတို့၌ မျက်စိအထူးကုဆရာဝန်ပေါင်း ၅၀ ဦးတာဝန်ပေးခန့်ထားပြီးဖြစ်ပါတယ်။ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများမှ အဖွဲ့ခေါင်းဆောင် မျက်စိအထူးကုဆရာဝန်နှင့် ကျန်းမာရေးမှူးများ၊ ကွင်းဆင်းအမှုထမ်းများသည် လစဉ်ကျေးရွာများအရောက်ကွင်းဆင်း၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခွဲစိတ်ကုသမှုခံယူရန်လိုအပ်သော မျက်စိဝေဒနာရှင်များအား မျက်စိကုဌာနများသို့ခေါ်ဆောင်၍ ခွဲစိတ်ကုသပေးလျက်ရှိပါတယ်။ မျက်စိရောဂါကုဌာနများ၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများအနေဖြင့် ၂၀၁၁ ခုနှစ်အတွင်းတွင် ကျေးရွာပေါင်း ၂၆၁၃ ရွာ၊ လူဦးရေပေါင်း ၁၁၅၀၀၀၀ ခန့်ကို မျက်စိကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မျက်စိဝေဒနာရှင်

ပေါင်း ၆၅၉၄၆ ဦးအား မျက်စဉ်းဆေးဝါးများပေး၍ ကုသပေးခဲ့ပါတယ်။ မျက်စိခွဲစိတ်ကုသမှုများ အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မျက်စိကုဌာနများမှအတွင်းတိမ်လူနာစုစုပေါင်း ၉၉၆၂၇ ဦး ကို ခွဲစိတ်ကုသမှုဆောင်ရွက်ပေးခဲ့သည့်အနက် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှာရှိတဲ့ မျက်စိရောဂါကုဌာနများနှင့် မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးစီမံကိန်းဌာနများတွင် ခွဲစိတ်ကုသပေးမှုများအပြင် တိုင်းဒေသကြီးများအတွင်း မြို့နယ်၊ တိုက်နယ်အဆင့် ဆေးရုံများအထိကွင်းဆင်း၍ အတွင်းတိမ်လူနာစုစုပေါင်း ၃၇၉၇၀ ဦးကို ခွဲစိတ် ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ရည်မှန်းချက်ဖြစ်သော သက္ကရာဇ် ၂၀၂၀ မှာ ရှောင်လွှဲ၍ရသော မျက်စိကွယ်ခြင်းများကင်းစင်ပပျောက်စေရေး (Elimination of Avoidable Blindness by the Year 2020) ကိုရရှိနိုင်ရန်အတွက် မျက်မမြင်ကာကွယ်ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင် ရှောင်လွှဲ၍ရသောမျက်စိကွယ်ခြင်းများ (Avoidable Blindness) ကို ဖြစ်စေသောအကြောင်းအရင်းများအနက် အဓိကရောဂါမှာ အတွင်းတိမ် ရောဂါဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခင်နှစ်များတွင် အလှူရှင်၊ စေတနာရှင်များနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့သကဲ့သို့ ၂၀၁၂ ခုနှစ်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနမှဦးဆောင်၍ အလှူရှင်၊ စေတနာရှင်များ၏ကူညီပံ့ပိုးမှုဖြင့် အထူးခွဲစိတ်ကုသမှုများဆောင်ရွက်နိုင်ရေးအတွက် မျက်စိအတွင်း တိမ် အခမဲ့ခွဲစိတ်ကုသမှုလုပ်ငန်းများ (Mass Cataract Surgery) ဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများသို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မျက်စိရောဂါကုဌာနများနှင့် မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးစီမံကိန်းများမှ ဆင်းရဲချမ်းသာမရွေး မျက်စိဝေဒနာရှင်များအား လိုအပ်သလိုကုသမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးမြီးတိုဖြင့်ကုသသဖြင့် မျက်စိရောဂါ မပျောက်သည့်အပြင် မျက်စိလုံးဝမမြင်သည့်အခြေအနေများမှ ကာကွယ်နိုင်ရန်အတွက် အခြေခံ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများအား ပဏာမမျက်စိကျန်းမာ ရေးစောင့်ရှောက်မှုသင်တန်းများပို့ချခြင်း၊ မြန်မာ့ရုပ်မြင်သံကြားမှ ကျန်းမာရေးပညာပေးဟောပြော ခြင်းများလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ မျက်စိဝေဒနာရှင်များအတွက် ကျန်းမာရေး ဝန်ကြီးဌာနမှ ကုသပေးမှုများဆောင်ရွက်ပေးနေပြီဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

တော်ကြီး၏အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းတင်ပြတဲ့နေရာမှာ ဒီကိစ္စဟာ ဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်နေတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မှတ်တမ်းတင်သင့်တယ်လို့ ဒီလို ဆွေးနွေးသွားပါတယ်။ အဆိုနှင့်ပတ်သက်ပြီးတော့ အဆိုရဲ့အဓိပ္ပာယ်၊ အနှစ်သာရရယ်၊ ဆွေးနွေးသွားတဲ့ ပုဂ္ဂိုလ်များရဲ့ဆွေးနွေးချက်များကို ပြန်လည်သုံးသပ်တင်ပြဖို့လည်းလိုပါတယ်။ အဲ့တော့ မူလအဆိုရှင် တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း တင်သွင်းတဲ့အဆိုကတော့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိ ပြည်သူများ၏မျက်စိဝေဒနာများ များစွာခံစားနေရမှုကို အထူးအစီအစဉ်ဖြင့် ကုသပေးရန်ဆိုတဲ့အဆိုပဲဖြစ်ပါတယ်။ ဒီနေရာမှာ တချို့ပုဂ္ဂိုလ်များဖြည့်စွက်ဆွေးနွေးတာရှိပါတယ်။ အလယ်ပိုင်း အပူပိုင်းဒေသတွင်မကဘဲနဲ့ အခြားဒေသမှာလည်း ဒီလို မျက်စိဝေဒနာများခံစားရတာရှိပါတယ်။ ဒီဒေသမှာရှိတဲ့ မျက်စိဝေဒနာခံစားရသူများကိုလည်း ကုသဖို့လိုပါတယ်ဆိုတဲ့အဓိပ္ပာယ်ပါ ပါတယ်။ လက်တွေ့မှာလည်းဒီအတိုင်းပဲ တချို့မြန်မာပြည်အောက်ပိုင်း ဧရာဝတီတိုင်းတို့၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းအရှေ့နှင့် အနောက်တို့မှာလည်း ဒီလိုပဲ အထူးအစီအစဉ်ကိစ္စများနဲ့ဆောင်ရွက်နေတာတွေ့ရမှာဖြစ်သလို ဆောင်ရွက်ခဲ့တာလည်းရှိပါတယ်။ တစ်ဖန် အဆိုရှင်က အထူးအစီအစဉ်ဖြင့်ကုသပေးရန်လို့ ဒီလိုပဲစပြီးတော့ဆွေးနွေးပါတယ်။ သို့ရာတွင်ဆွေးနွေးတဲ့နေရာမှာ ကာကွယ်ခြင်းအပိုင်းအပါအဝင် အခြားအပိုင်းများပါဆောင်ရွက်ပေးဖို့လိုတယ်ဆိုတာလည်း ဆွေးနွေးတာတွေရှိပါတယ်။ တကယ့်အဆိုရှင်ရဲ့ အဓိကလိုလားချက်ကတော့ အထူးအစီအစဉ်ဖြင့်ကုသပေးပါဆိုတဲ့အဆိုပဲဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ တချို့ လွှတ်တော်ကိုယ်စားလှယ်တွေထဲက အလှူရှင်အဖြစ်ပါဝင်ခဲ့တဲ့နေရာမှာ အလှူရှင်တစ်ယောက်ရဲ့အတွေ့အကြုံလည်း ရှင်းလင်းဖော်ပြသွားသလိုပဲ ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာအောင်သန်းက ဆွေးနွေးတဲ့နေရာမှာလည်း အလှူရှင်လှူခဲ့တဲ့နေရာမှာ တွေ့ကြုံခဲ့ရတဲ့အတွေ့အကြုံနှင့် အခက်အခဲများရှိနေသေးတယ်။ ပြီးတဲ့အခါမှာ စနစ်ကလည်းပြောင်းသွားပြီ။ ပြောင်းသွားတဲ့အတွက် ဒီစနစ်၊ ဒီခေတ်မှာလည်း အဆိုရှင်ရဲ့အဆိုအောင်မြင်အောင် အထူးကိစ္စတစ်ရပ်အနေနဲ့စဉ်းစားပြီး မည်သည့်ကိစ္စများပါ ဆက်လက်ပါဝင်ပူးပေါင်းသင့်တယ်ဆိုတာလည်းပါသွားပါတယ်။ ပြန်ပြီး ခြုံငုံသုံးသပ်မယ်ဆိုလို့ရှိရင် အလှူရှင်ရှိရုံနဲ့မရသေးပါဘူး။ ထိုဒေသမှာရှိတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ပါဝင်ပူးပေါင်းမှု၊ အသင်းအဖွဲ့များရဲ့ပါဝင်ပူးပေါင်းမှု၊ ထိုနည်းတူစွာပဲ သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျန်းမာရေး

ဝန်ထမ်းများရဲ့ပါဝင်မှုများဟာလည်း လိုအပ်နေဦးမှာဖြစ်ပါတယ်။ တစ်ဖန်ဆွေးနွေးသွားတဲ့ ဆွေးနွေးချက်မှာကြည့်မယ်ဆိုလို့ရှိရင် ဒီလိုမျက်စိဝေဒနာများကုသပေးတဲ့နေရာမှာ မြို့နယ်တစ်နယ်ကို သိန်း ၃၀၀ လောက် အကြမ်းဖျင်းကုန်တယ်။ ဒီထက်လည်း ပိုအနည်းငယ်တော့ရှိတယ်။ ဒါကို ကျွန်တော်တို့ ငွေကြေးနဲ့တွက်လိုက်တဲ့အခါမှာလည်း မြို့နယ်တစ်နယ်ကို သိန်း ၃၀၀ ဖြစ်ရင် မြို့နယ် ၁၀ မြို့နယ် သိန်း ၃၀၀၀၊ မြို့နယ် ၁၀၀ သိန်း ၃၀၀၀၀ ( ၃ ဘီလီယံ ) ကျွန်တော်တို့ဆီမှာ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အတွက် ဒါကိုတွက်မယ်ဆိုလို့ရှိရင် ၁၀ ဘီလီယံလောက်ကုန်မယ်ဆိုတဲ့အနေအထားရှိပါတယ်။ ၁၀ ဘီလီယံကို မြန်မာကျပ်နဲ့တွက်မယ်ဆိုရင် ၁၂ မီလီယံ အမေရိကန်ဒေါ်လာလောက်ရှိပါတယ်။ ကုန်ကျတာများတယ်ဆိုပေမယ့် ဝေဒနာရှင်များသက်သာပျောက်ကင်းမယ်ဆိုလို့ရှိရင် ၁၂ မီလီယံဆိုတာလည်း တအားကြီးတော့လည်းမများပါဘူး။ ဒီနေ့ နိုင်ငံတကာကလည်း အလှူရှင်တွေရှိတဲ့အတွက် ဒီကိစ္စအတွက် တကယ်အရေးကြီးတယ်။ လိုလားတယ်ဆိုလို့ရှိရင် ကျန်းမာရေးအတွက် နိုင်ငံတကာကအလှူရှင်များပါဝင်မယ်ဆိုလို့ရှိရင် ပိုပြီးတော့လည်းဖြစ်မြောက်သွားနိုင်တဲ့အနေအထားရှိပါတယ်။ သိပ်မများပါဘူး။ ၁၂ မီလီယံ တစ်နိုင်ငံလုံးကို၊ တစ်မြို့နယ်တစ်မြို့နယ်ကို သိန်း ၃၀၀ နဲ့ တွက်တာပါ။ မြို့နယ်တိုင်း လိုချင်မှလိုပါမယ်။ ဒါကြောင့် တောင်သာမဲဆန္ဒနယ်က ဦးအောင်သောင်းတင်သွင်းတဲ့အဆိုဟာ တကယ်စေတနာပါပြီးတော့ တကယ့်ကိုလုပ်သင့်တဲ့ကိစ္စ၊ လုပ်လည်းလုပ်နေတဲ့ကိစ္စ။ သို့ရာတွင် ဒီစနစ်၊ ဒီခေတ်အရ အုပ်ချုပ်ပုံပြောင်းသွားတဲ့နေရာမှာ ယခင်လိုအဆင်ပြေ/မပြေဆိုတဲ့အနေအထားကို ဆက်လက်သုံးသပ်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အရင်လိုအဆင်ပြေအောင်ဆောင်ရွက်တဲ့နေရာမှာ ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းနဲ့မရတော့ဘဲနဲ့ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများကပါဝင်ပူးပေါင်းဖို့လိုသလို ကျန်တဲ့ NGO သို့မဟုတ်လို့ရှိရင် အသင်းအဖွဲ့များကလည်းပါဝင်ဖို့လိုမှာဖြစ်တယ်လို့သုံးသပ်လို့ရပါတယ်။ NGO နဲ့ပတ်သက်လို့လည်း ကျွန်တော်တို့နိုင်ငံမှာ ပြီးခဲ့တဲ့ရက်ကာလ အပိုင်းအခြားအတွင်းတုန်းကလည်း NGO များမှတ်ပုံတင်ကိစ္စရပ်နှင့်ပတ်သက်လို့ အခက်အခဲရှိနေတယ်ဆိုတာလည်း ဒါကြားသိရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သာမန်အားဖြင့်တော့ ဒီကိစ္စဟာလုပ်နေတဲ့ကိစ္စပဲ ဘာများအဆိုတင်စရာလိုမလဲလို့ ယူဆစရာအကြောင်းရှိပေမယ့် ဒီနေ့ ဒီကာလအခြေအနေဟာ တကယ်လိုလို့တင်ပြတဲ့အဆိုတစ်ခုဖြစ်တယ်လို့ ဒီလိုပဲ မှတ်ယူရမှာဖြစ်ပါတယ်။ ဒါနှင့်အတူပဲ မိမိရဲ့အယူအဆပြောမယ်ဆိုရင် ကျန်းမာရေးဝန်ကြီးဌာနကလုပ်နေပါတယ်။ လုပ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ မှတ်တမ်းတင်ထားရှိပါလို့ပြောတဲ့ဟာမှန်ပါတယ်။ သို့ရာတွင် ပြည့်စုံတဲ့အနေအထားမရှိပါဘူး။ ဘာကြောင့်လဲ ဒီအဆိုအတည်ဖြစ်သွားမှ ကျန်းမာရေးဝန်ကြီးဌာနမကဘဲနဲ့

နိုင်ငံတော်အစိုးရ၊ အုပ်ချုပ်ရေးအဖွဲ့အနေနဲ့လည်း အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် မိမိရဲ့ လွှတ်တော်ဥက္ကဋ္ဌရဲ့ သဘောထားတင်ပြရမယ်ဆိုရင်တော့ အားလုံးလည်းပြည့်စုံသွားအောင် တောင်သာမဲဆန္ဒနယ်က ဦးအောင်သောင်းတင်သွင်းတဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိပြည်သူများ မျက်စိဝေဒနာဆိုတဲ့နေရာမှာ အပူပိုင်းဒေသတင်မှမဟုတ်ပါဘူး။ ကျန်တဲ့ဒေသတွေမှာလည်းရှိနေတဲ့အတွက် ဖြည့်စွက်လိုတာက အလယ်ပိုင်း၊ အပူပိုင်းဒေသနှင့် အခြားဒေသအချို့ရှိပြည်သူများ၏မျက်စိဝေဒနာများအား ခံစားနေရမှုကို အထူးအစီအစဉ်ဖြင့် ကုသပေးရန်အဆိုကတော့ ဒီနေ့မလွဲမသွေလိုအပ်မယ့်အဆိုတစ်ခုဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ ဒီလိုပဲယူဆပါတယ်။ ဒါကြောင့် မို့လို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့သဘောထားဆန္ဒ ကျွန်တော်ရယူပါ့မယ်။ တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းတင်သွင်းတဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသရှိဆိုတဲ့နေရာမှာ မြန်မာပြည်အလယ်ပိုင်း၊ အပူပိုင်းဒေသနှင့် အခြားဒေသအချို့ရှိပြည်သူများမျက်စိဝေဒနာများ များစွာခံစားနေရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန်အဆိုနှင့်ပတ်သက်ပြီး လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်းမေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ။** ။ ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။ ကန့်ကွက်သူမရှိတဲ့အတွက် တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းတင်သွင်းတဲ့ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသနှင့်အခြားဒေသအချို့ရှိ ပြည်သူများမျက်စိဝေဒနာများခံစားနေရမှုကို အထူးအစီအစဉ်ဖြင့်ကုသပေးရန်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၅) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၄) ရက်မြောက်နေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅ း ၃၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ကို ၁၅း၃၀ နာရီတွင်ရပ်နားပါသည်။**]**